# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ပညာရှိ**

စကားများစွာ ပြောကာမျှဖြင့် ပညာရှိမဖြစ်၊ ဘေးမရှိ ရန်မလာ ကြောက်ရွံ့မှု ကင်းကွာသူကို ပညာရှိဟူ၍ ဆိုအပ်၏။

ဓမ္မဋ္ဌဝဂ်(ဓမ္မပဒ-၂၅၈)


၁၃၈၃ ခုနှစ်၊ တန်ခူးလကွယ်နေ့ ၂၀၂၁ ခုနှစ်၊ မေ ၁၀ ရက်၊ တနင်္လာနေ့ အတွဲ (၆၀)၊ အမှတ် (၂၁၉)




ရန်ကုန်မြို့ သာကေတမြို့နယ်အတွင်းရှိ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ ပြန်လည်ဖွင့်လှစ်ထားမှုကို တွေ့ရစဉ်။

## ပြည်သူအများ အေးချမ်းစွာ လာရောက်အပန်းဖြေသော တိုင်းရင်းသားကျေးရွာမှ နိုင်ငံတော်အခွန် သိန်းပေါင်း ၅၀၀၀ ကျော် နှစ်စဉ်အခွန်ထမ်းလျက်ရှိ

ရန်ကုန် မေ ၉

တိုင်းရင်းသား လူမျိုးများရေးရာဝန်ကြီးဌာန တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနမှ ကြီးကြပ်စီမံလျက်ရှိသော ရန်ကုန်မြို့ သာကေတ မြို့နယ်အတွင်းရှိ ပြည်ထောင်စု တိုင်းရင်းသား ကျေးရွာကြီးမှာ နှစ်စဉ်နိုင်ငံတော်ဘဏ္ဍာငွေကျပ် သိန်းပေါင်း ၅၀၀၀ ကျော် အခွန်ထမ်းလျက်ရှိပြီး မေ ၂ ရက်က ပြန်လည်ဖွင့်လှစ်လိုက်ပြီဖြစ်ရာ ယခုအခါ ပြည်သူအများ အေးချမ်းစွာ လာရောက် အပန်းဖြေလျက်ရှိကြောင်း သိရသည်။

" ဒီပြည်ထောင်စု တိုင်းရင်းသားကျေးရွာက နှစ်စဉ် နိုင်ငံတော်ကို ဘဏ္ဍာအခွန် ငွေကျပ်သိန်းပေါင်း ၅၀၀၀ ကျော် အခွန်ထမ်းလျက်ရှိပါတယ်။ ကိုဗစ်-၁၉ ကာလမတိုင်ခင်ကဆို နေ့စဉ်လိုလို လူစည်ကား တယ်။ နိုင်ငံတော် ရုံးပိတ်ရက်တွေဖြစ်တဲ့ အခါကြီး၊ ရက်ကြီးတွေနဲ့ စနေ၊ တနင်္ဂနွေနေ့တွေမှာတော့ လာရောက်လည်ပတ်ကြတာ ကြိတ်ကြိတ်တိုးပေါ့။ ဒီမှာက လေကောင်းလေသန့်လည်းရ၊ ကလေး ကစားကွင်းလည်းရှိ၊ အရိပ်အာဝါသကလည်း ကောင်းတော့ တစ်နှစ်ထက်တစ်နှစ် လာရောက် လည်ပတ်လေ့လာကြတဲ့သူတွေ ပိုများလာတာကို သတိထားမိတယ်။ အခုလည်း ကိုဗစ်-၁၉ ကပ်ရောဂါ ထိန်းချုပ်ရေး စည်းကမ်းချက်နဲ့အညီ ပြန်ဖွင့် လိုက်တာ လေးငါးရက်အတွင်းမှာပဲ လာရောက် လည်ပတ်ကြတဲ့သူတွေ နေ့စဉ်လိုလို ရှိနေတာပဲ" ဟု ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ (ရန်ကုန်) တာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးဝင်းက ပြောသည်။

ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်) ကို ပြီးခဲ့သည့် ၂၀၂၀ ပြည့်နှစ် မတ် ၂၄ ရက်မှ စတင်ကာ ကိုဗစ်-၁၉ ကပ်ရောဂါ အခြေအနေကြောင့် ယာယီပိတ်ထားခဲ့ရသည်။ ယခုအခါ ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသား အဆင့် ဗဟိုကော်မတီ၏ ခွင့်ပြုချက်၊ ရန်ကုန် တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ၏ ခွင့်ပြုချက်တို့ဖြင့်


*စာမျက်နှာ ၁၂ ကော်လံ ၁* ✻


## တပ်မတော်ဆေးရုံများနှင့် ယာယီအရေးပေါ် ဆေးရုံများ၌ ယနေ့အထိ ပြင်ပလူနာ တစ်သိန်းကိုးသောင်းကျော် ကုသပေးနိုင်ခဲ့

နေပြည်တော် မေ ၉

တပ်မတော်အနေဖြင့် ဆောင်ရွက်လျက် ရှိသည့် ပြည်သူ့အကျိုးပြု လုပ်ငန်းများအနက် ပြည်သူလူထုအတွက် အဓိကအကျဆုံး ဖြစ်သော ကျန်းမာရေးကဏ္ဍ မြင့်မားစေရန် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြု များဖြင့် နယ်လှည့်ဆေးကုသရေး အဖွဲ့များ စုစည်း၍ ဒေသခံပြည်သူလူထုများအား ကျန်းမာ ရေး စစ်ဆေးပေးခြင်း၊ လိုအပ်သည့် ကာကွယ် ဆေးများ ထိုးနှံပေးခြင်း၊ ခွဲစိတ်ရန်လိုအပ်သည့် လူနာများအား ခွဲစိတ်ကုသပေးခြင်း၊ ဆေးရုံ တက်ရောက်ကုသရန်လိုအပ်သော လူနာများကို ဆေးရုံတင်ကာ ကျန်းမာရေးစောင့်ရှောက် ပေးခြင်းများ ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် ပြည်သူလူထု၏ အရေးပေါ် ကျန်းမာရေးဆိုင်ရာ ကုသမှုများ ဆောင်ရွက်ပေးနိုင်ရန်အတွက် တပ်မတော်ဆေးရုံများနှင့် ယာယီကုသရေး ဆေးရုံများတွင် ကျန်းမာရေးစောင့်ရှောက်မှု များကို နေ့ညမပြတ် ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာ ၁၉၃၈၇၄ ဦး၊ အတွင်းလူနာ ၆၀၀၃၃ ဦးကို ကုသပေးနိုင်ခဲ့သည်။

၎င်းလူနာများအနက် အကြီးစားခွဲစိတ် ကုသရန်လိုအပ်သူ ၉၀၂၇ ဦး၊ အသေးစားခွဲစိတ် ကုသရန်လိုအပ်သူ ၄၆၁၂ ဦး၊ စုစုပေါင်း ၁၃၆၃၉ ဦးတို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့သည့်အပြင် စိုးရိမ် ဖွယ်ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ်ကုသပေးလျက် ရှိသည်။ ထို့ပြင် ကလေးမီးဖွားလူနာ ၄၆၆၈ ဦးကို ခွဲစိတ်၍လည်းကောင်း၊ ၇၀၀၃ ဦးကို သာမန်ဖြင့် လည်းကောင်း မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိ ကလေးငယ် ၁၁၆၇၁ ဦးကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ပြီး ဆက်လက်၍ လည်း တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ မြင့်မားရန်အတွက် အရှိန် အဟုန်ဖြင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ် ကြောင်း သိရသည်။

သတင်းစဉ်


လူမှုကွန်ရက်ပေါ်မှ သတင်းမှား ဝါဒဖြန့်မှုနှင့် အကျိုးဆက် (ဆောင်းပါး) (စာ-၆)

ဘင်္ဂလားဒေ့ရှ်တွင် ပထမဆုံးအကြိမ် အဖြစ် အိန္ဒိယတွင်တွေ့ရှိရသော ဗီဇပြောင်း ကိုဗစ် -၁၉ ကူးစက်မှုတွေ့ရှိ (နိုင်ငံတကာသတင်း) (စာ-၁၃)

ဥရောပတွင် ခရီးသွားလုပ်ငန်းပြန်စရန် ပြင်ဆင်မှုများ ပြုလုပ်နေသော်လည်း ကပ်ရောဂါမတိုင်မီက အခြေအနေမျိုး ပြန်ရရန်မလွယ်ကူ (နိုင်ငံတကာရေးရာ) (စာ-၁၄)

မြန်မာ့အလင်း

# မလောင်ခင်က ကြိုတင်ကာကွယ်

နေ့အပူချိန်များမြင့်မားပြီး ခြောက်သွေ့သည့် ပတ်ဝန်းကျင်က မီးလောင်ကျွမ်းမှု အလွယ်တကူ ဖြစ်ပေါ်နိုင်သည့် အခြေအနေ ဖြစ်သည်။ လောင်စာ၊ လေ (အောက်ဆီဂျင်) နှင့် လုံလောက်သော အပူရှိန်ဆိုသည့် အခြေခံလိုအပ်ချက်ကြီး သုံးခုပေါင်းဆုံပါက မီးသည် အချိန်၊ နေရာမရွေး လောင်ကျွမ်းနိုင်သည်ဖြစ်ရာ ပူပြင်း ခြောက်သွေ့သည့်ရာသီတွင် မီးဘေးအန္တရာယ်ကို အချိန်တိုင်း သတိပြုကြရမည်ဖြစ်ပြီး ကြိုတင်ကာကွယ်မှုများကိုလည်း ပြုလုပ်ထားကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် လူဦးရေများပြားပြီး လူနေထူထပ်သည့် ဒေသများမှာ မီးဘေးအန္တရာယ်လည်း အမြင့်ဆုံးဖြစ်သည်။ မီးလောင်ကျွမ်းမှုဖြစ်ပွားရသည့် အခြေခံအကြောင်းတရားများ အနက် လူတို့ပေါ့ဆမှုကြောင့် ဖြစ်ပေါ်ရသည့် ပေါ့ဆမီးလောင် ကျွမ်းမှုက အများဆုံးဖြစ်သည့်အတွက် မိမိတို့တစ်ဦးချင်း၏ ပေါ့ဆမှုကြောင့် မီးလောင်ကျွမ်းမှုမဖြစ်အောင် ဂရုပြုကြရမည် ဖြစ်သည်။ ဘုရားမီးပူဇော်ရာမှစတင်၍ မီးလောင်ခြင်း၊ ခြင်ဆေး ခွေမီး၊ ဆေးလိပ်မီးတို့မှတစ်ဆင့် အိပ်ရာကို မီးစွဲလောင်ခြင်း၊ မီးဖိုမီး မီးကြွင်းမီးကျန်တို့မှ မီးလောင်ခြင်း၊ ထမင်းပေါင်းအိုး၊ ပန်ကာ၊ အဲကွန်း၊ ဆေ့ဖ်ဂတ် စသည့် လျှပ်စစ်ပစ္စည်းများ အပူလွန်ကဲ၍ မီးလောင်ခြင်း၊ နေအပူရှိန်လွန်ကဲနေသည့်အချိန် ဓာတ်ဆီ၊ ဒီဇယ်ဆီတို့ ပုံးလဲလှယ်ရာမှ မီးလောင်မှုဖြစ်ပေါ်ခြင်း စသည့် မီးလောင်မှုဖြစ်စဉ်များမှာ နှစ်စဉ်ဖြစ်ပွားနေကျ မီးလောင်မှုများ၊ သတင်းများတွင် မကြာမကြာတွေ့ရသည့် မီးလောင်မှု များပင်ဖြစ်သည်။

မီးလောင်မှုအန္တရာယ်ကို မဖြစ်မီကပင် ကာကွယ်နိုင်ရေး အတွက် ကြိုတင်မျှော်တွေးတတ်သူများသည် (၁)မိမိအိမ်ဝန်းကျင် ၌ မီးလောင်လွယ်သည့် လောင်စာများနှင့် အမှိုက်များကို ရှင်းလင်း ထားရန်။ (၂) မီးငြိမ်းသတ်ရေးကိရိယာများ၊ ရေနှင့် မီးသတ် ဆေးဘူးများ အသင့်ထားရှိရန်။ (၃) ဝိုင်ယာကြိုးနှင့် လျှပ်စစ် အိမ်သုံးပစ္စည်းများ ပေါက်ပြဲပျက်စီးမှုရှိ၊ မရှိ မပြတ်စစ်ဆေးရန်။ (၄) ဂက်စ်မီး၊ လျှပ်စစ်မီးအပါအဝင် မီးသုံးစွဲမှုတိုင်းတွင် သတိရှိရန်။ (၅) မီးပျက်လျှင်ဖြစ်စေ၊ အပြင်ထွက်လျှင်ဖြစ်စေ ပင်မခလုတ် (မိန်းခလုတ်)ကို ပိတ်ရန်။ (၆) အရေးပေါ်အချိန်တွင် သယ်ယူ ရမည့် အဖိုးတန်ပစ္စည်းနှင့် အရေးကြီးစာရွက်စာတမ်းတို့ကို ကြိုတင်ပြင်ဆင်ထားရန်။ (၇) မီးလောင်ပါက အရေးပေါ်ဖုန်းနံပါတ် များကို မှတ်သားထားရန် စသည့်အချက်များကို ပြင်ဆင်ထား ရမည်ဖြစ်သည်။

မီးလောင်မှုဖြစ်ပွားနေချိန်တွင်မူ အလွန်အမင်း ကြောက်ရွံ့ ထိတ်လန့်ပြီး ဘာလုပ်၍ ဘာကိုင်ရမှန်းမသိ ဖြစ်မနေစေဘဲ သတိ နှင့် တည်ငြိမ်မှုရှိနေရမည်ဖြစ်သည်။ မိမိပြင်ဆင်ထားသည့် မီးသတ်ပစ္စည်းများဖြင့် မီးကိုငြိမ်းသတ်ရမည်ဖြစ်ပြီး တစ်ချိန်တည်း မှာပင် ပတ်ဝန်းကျင်ကို အကူအညီတောင်းရန်၊ မီးသတ်ကို အကြောင်းကြားရန်လည်း လိုအပ်သည်။ မီးခိုးများပြည့်နေသော အခန်းတွင်းမှ လွတ်မြောက်ရာသို့ထွက်ခွာရာတွင် ကြမ်းပြင်ပေါ် တွားသွားပြီးထွက်ခွာမှသာ ရှေ့မြင်ကွင်းကို တွေ့မြင်နိုင်မည် ဖြစ်သကဲ့သို့ အောက်ဆီဂျင်ပြတ်လပ်ခြင်းမှလည်း ကာကွယ်နိုင် မည်ဖြစ်သည်။ မျက်နှာကို မီးလောင်ခြင်းမှကာကွယ်ရန်နှင့် မီးခိုးများမရှူမိစေရန် ရေစိုအဝတ် သို့မဟုတ် လက်နှစ်ဖက်တို့ဖြင့် မျက်နှာကို ဖုံးအုပ်ကာကွယ်ထားရန်လည်း လိုသည်။ အထပ်မြင့် တိုက်များတွင် မီးလောင်ပါက ခုန်ချခြင်းမပြုလုပ်ရဘဲ အရေးပေါ် ထွက်ပေါက်ကိုသာ အသုံးပြုရန် စသည်တို့ကို အကြံပြုထားသည်။

မီးသည် လူသားတို့၏ မိတ်ဆွေဖြစ်သည်။ သို့ရာတွင် ပေါ့ဆသူအဖို့မူ မီးသည်ရန်သူဖြစ်သည်။ လူတို့၏ မိတ်ဆွေမီးကို ပေါ့ဆမှုကြောင့် ရန်သူအဖြစ် ပြောင်းလဲသွားရခြင်းမှာ ပေါ့ဆသူ ၏ တာဝန်သာ ဖြစ်သည်။ မီးဘေးအန္တရာယ်ကို ကြိုတင်ကာကွယ် ၍လည်း ရသည်။ မီးဘေးကာကွယ်ရေး ဆောင်ရန်၊ ရှောင်ရန် တို့ကို လိုက်နာကြခြင်းဖြင့် မီးအန္တရာယ်မှ ကင်းဝေးနိုင်ကြမည် ဖြစ်ရာ လူတိုင်းက ကိုယ့်ကြောင့် မီးမလောင်ရေး၊ မီးဘေးကာကွယ် ရေးတို့ကို ကိုယ်စီဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်အပ် ပါကြောင်း။ ။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး “မူ”ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

ပညာရေးဝန်ကြီးဌာန

၂၀၂၁-၂၀၂၂ ပညာသင်နှစ်

“ကျောင်းနေအရွယ်ကလေးအားလုံး

ပညာသင်ယူခွင့်ရရှိဖို့ ကျောင်းအပ်နှံကြပါစို့”

**ကျောင်းအပ်နှံရေးသီတင်းပတ်** **၂၀၂၁ ခုနှစ်၊ မေလ(၂၄)ရက်မှ (၃၁)ရက်ထိ**

ပညာရေးဝန်ကြီးဌာန

“၂၀၂၁-၂၀၂၂ ပညာသင်နှစ်”

အသိပေးကြေညာချက်

❖ ၅ နှစ်အရွယ် ကလေးများကို သူငယ်တန်း(KG) သို့ အပ်နှံရန်။

❖ ၆ နှစ်အရွယ် ကလေးများကို ပထမတန်း (Grade-1) သို့ အပ်နှံရန်။

ကျောင်းအပ်နှံရာတွင်

❖ မည်သည့်အခကြေးငွေမျှ ကောက်ခံမှုမရှိပါ။

❖ ကျောင်းသုံးပြဋ္ဌာန်းစာအုပ်၊ ဗလာစာအုပ်၊ ဘောပင်/ခဲတံ၊ Mask ၊ Face Shield တို့ကို နိုင်ငံတော်မှ အခမဲ့ထောက်ပံ့ပါသည်။

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

နေပြည်တော် မေ ၉

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့် အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

## လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေး ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် မေ ၉

မတရားအသင်း ကြေညာထားသော NUG အမည်ခံ ပြည်ပြေး အစိုးရနှင့် CRPH အမည်ခံ ပြည်ပြေး လွှတ်တော်ကော်မတီ တို့၏ ထောက်ပံ့မှုနှင့် ဆူပူအကြမ်းဖက်သူများက နိုင်ငံတော်တည်ငြိမ် အေးချမ်းရေးနှင့် အများပြည်သူ တို့၏ လုံခြုံရေး၊ တရားဥပဒေ စိုးမိုးရေးနှင့် ရပ်ရွာအေးချမ်း သာယာရေးတို့ကို ပျက်ပြားစေ ရန် ဆောင်ရွက်နေမှုများကြောင့် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များဖြင့် ပူးပေါင်း၍ ဖေဖော်ဝါရီ ၁၄ ရက် ညပိုင်းမှ စတင်ကာ လုံခြုံရေးအား နေ့ည မပြတ် ပြည့်ဝစွာ ဆောင်ရွက်ပေး လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက် ရှိရာ ယနေ့တွင် မိဘပြည်သူများ အနေဖြင့် စိတ်အေးချမ်းသာယာ စွာ နေထိုင်နိုင်စေရေး၊ ရပ်ရွာ အေးချမ်းသာယာမှု ရှိစေရေးတို့ အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့နယ်များ၌ လှည့်ကင်း၊ ပတ်ကင်းများဖြင့် လိုအပ်သည့် လုံခြုံရေးလုပ်ငန်း များကို ဆက်လက်ဆောင်ရွက် ပေးလျက်ရှိကြောင်းနှင့် လုံခြုံရေး တပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးတာဝန်များကို ဆက် လက် ထမ်းဆောင်ပေးသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ကျေးလက်နေပြည်သူများ လူနေမှုဘဝမြှင့်တင်ရေး

လူဦးရေ၏ ၇၀ ရာခိုင်နှုန်းမျှရှိနေသော ကျေးလက်နေပြည်သူများ လူနေမှုဘဝမြှင့်တင်ရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အားပေးဆောင်ရွက်ခြင်းများ ပြုလုပ်ပေးလျက်ရှိကြောင်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများအနေဖြင့်လည်း တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ဒေသခံတောင်သူများအား အားပေးကူညီဆောင်ရွက်နိုင်ရေး ကွင်းဆင်းဆောင်ရွက်ပေးရန်လိုကြောင်း၊ အားပေးကူညီမှုများရှိမှသာ လုပ်ငန်းများအောင်မြင်ဖြစ်ထွန်းလာမည်ဖြစ်ကြောင်း၊ နိုင်ငံ၏စားရေရိက္ခာ ပေါများရေးအတွက် သက်ဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် မိမိတို့ကိုယ်တိုင် ကွင်းဆင်းဆောင်ရွက်သကဲ့သို့ မိမိတို့လက်အောက်ကိုလည်း လုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရေး တွန်းအားပေးဆောင်ရွက်သွားရန်လိုကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၂-၄-၂၀၂၂ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေး၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)**

# ဒေသတစ်ခုချင်းစီ၏ ဝိသေသလက္ခဏာပါသော ထုတ်ကုန်များကို အရည်အသွေးမြင့်မြင့် တွင်တွင်ကျယ်ကျယ် ထုတ်လုပ်နိုင်ရေးနှင့် ပြည်တွင်း ပြည်ပဈေးကွက်များသို့ ထိုးဖောက်ဝင်ရောက်နိုင်ရေး ကြိုးပမ်းရန်လိုအပ်



**နေပြည်တော် မေ ၉**

နိုင်ငံလူဦးရေအများဆုံး မှီတင်းနေထိုင်ရာ ကျေးလက်ဒေသများ ဖွံ့ဖြိုးရေး၊ ဒေသနေ ပြည်သူများ အလုပ်အကိုင် အခွင့်အလမ်း ရရှိရေး၊ လူနေမှုအဆင့်အတန်း မြင့်မားရေးလုပ်ငန်းများ ကြိုးပမ်းဆောင်ရွက်ရာတွင် စိုက်ပျိုးမွေးမြူရေး ထွက်ကုန်များ၏ အထွက်နှုန်း တိုးတက်ရေးသာမက အရည်အသွေးကောင်းမွန်ရေး၊ တန်ဖိုးမြင့် ကုန်ချောများ အဖြစ် ထုတ်လုပ်တင်ပို့ ရောင်းချနိုင်ရေးကိုပါ အားပေးကူညီ ဆောင်ရွက်သွားရန် လိုအပ်ကြောင်း ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးက ပြောကြားသည်။

**ဆက်သွယ်ရယူနိုင်**

ဆက်လက်၍ ဒေသတစ်ခုချင်းစီ၏ ဝိသေသလက္ခဏာပါသော ထုတ်ကုန်များကို အရည်အသွေးမြင့်မြင့် တွင်တွင်ကျယ်ကျယ် ထုတ်လုပ်နိုင်ရေးနှင့် ပြည်တွင်း ပြည်ပ ဈေးကွက်များသို့ ထိုးဖောက်ဝင်ရောက်နိုင်ရေးကိုလည်း သက်ဆိုင်သူ အားလုံးတို့က နည်းလမ်းများ ရှာဖွေဖော်ထုတ် ဆောင်ရွက်ပေးကြစေလိုကြောင်း၊ တစ်ဖက်ကလည်း ကုန်ချောအရည်အသွေး မြင့်မားရေး၏ အဓိကအရင်းအမြစ်ဖြစ်သည့် ကုန်ကြမ်းများ အရည်အသွေး ကောင်းမွန်ရေးနှင့် ခေတ်မီစက်ကိရိယာများ အသုံးပြုနိုင်ရေးတို့အတွက် လိုအပ်သော လေ့လာဆန်းစစ်မှုများ၊ သုတေသနလုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်မည် ဖြစ်ပါကြောင်း၊ နည်းပညာ အကူအညီများ လိုအပ်ပါက မိမိတို့ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် ဆက်သွယ်ရယူနိုင်ကြပါကြောင်း မေ ၈ ရက် နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် ပန်းရောစက်မှုလက်မှု ကုန်ထုတ်သမဝါယမအသင်း၏ သင်ဖြူးဖျာအလုပ်ရုံ၌ အသင်းတာဝန်ရှိသူများ၊ အသင်းသူ အသင်းသားများနှင့် တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးက ထိုကဲ့သို့ ပြောကြားခြင်းဖြစ်သည်။

ယင်းနောက် ပန်းရော စက်မှုလက်မှု ကုန်ထုတ်သမဝါယမ အသင်း တာဝန်ရှိသူက အသင်း၏ သမိုင်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက သင်ဖြူးဖျာ ကုန်ကြမ်းဖြစ်သည့် သင်ပင်စိုက်ပျိုးထွက်ရှိမှုနှင့် အရည်အသွေးဆိုင်ရာ တိုးတက်ရေး လေ့လာဆောင်ရွက်ရန်၊ တန်ဖိုးမြင့် ကုန်ချောပစ္စည်းများ အရေအတွက်များများ ထုတ်လုပ်နိုင်ရန် စက်ကိရိယာအသုံးပြုခြင်း၊ နည်းပညာ အဆင့်မြှင့်တင်ခြင်းအတွက် ဝန်ကြီးဌာန အောက်ရှိ စိုက်ပျိုးရေးဦးစီးဌာန၊ အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနတို့၏ ကူညီပံ့ပိုးမှုဖြင့် ဆောင်ရွက်နိုင်ရေးတို့ကို ဆွေးနွေးပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သင်ဖြူးဖျာအလုပ်ရုံအတွင်း ဆောင်ရွက်နေသော သင်ဖြူးဖျာ ရက်လုပ်မှုလုပ်ငန်းများကို ကြည့်ရှုအားပေးခဲ့ကြသည်။

**လှည့်လည်ကြည့်ရှု**

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် Global Earth စိုက်ပျိုးရေးနှင့်ငါးလုပ်ငန်းထွက် တန်ဖိုးမြင့် ကုန်ထုတ်လုပ်ငန်းအများပိုင် ကုမ္ပဏီလီမိတက်သို့ ရောက်ရှိကြပြီး ခေတ်မီနည်းစနစ်အသုံးပြု၍ ငါးသားပေါက် မျိုးကောင်းမျိုးသန့်များ မွေးမြူထုတ်လုပ်ခြင်း၊ သံမဏိကန်များတွင် ငါးအရွယ်အစားအလိုက် ခွဲခြားမွေးမြူခြင်း အပါအဝင် ငါးမွေးမြူ ထုတ်လုပ်ရေးစနစ်အမျိုးမျိုးကို လည်းကောင်း၊ စိုက်ပျိုးရေး ထွက်ကုန်များ အသုံးပြုထုတ်လုပ်သည့် ငါးအစာစက်ရုံ၊ ပြုပြင်ထုပ်ပိုးသိုလှောင်သည့် ငါးအေးခဲစက်ရုံ၊ အသင့်စားသုံးနိုင်သော ငါးအခြေခံ တန်ဖိုးမြင့် စားသောက်ကုန်ထုတ်စက်ရုံများနှင့် အဆင့်မြင့်ဝန်ထမ်းနေအိမ်များ တည်ဆောက်နေမှု လုပ်ငန်းခွင်ကို လည်းကောင်း လှည့်လည်ကြည့်ရှု အားပေးကြသည်။ **(အပေါ်ပုံ)**

Global Earth စိုက်ပျိုးရေးနှင့်ငါး လုပ်ငန်းထွက် တန်ဖိုးမြင့် ကုန်ထုတ်လုပ်ငန်း အများပိုင် ကုမ္ပဏီလီမိတက် အနေဖြင့် စိုက်ပျိုးမွေးမြူ ထုတ်လုပ်သည်မှ အသင့်စားသုံးနိုင်သော ငါးအခြေခံ တန်ဖိုးမြင့်စားသောက်ကုန်ထုတ်လုပ်သည်အထိ လုပ်ငန်းစဉ်တစ်ခုလုံးကို တစ်နေရာတည်းတွင် စုဖွဲ့ဆောင်ရွက်ခြင်းဖြစ်ပြီး ဝန်ထမ်း တစ်သောင်းကျော် တိုက်ရိုက် ခန့်ထားဆောင်ရွက်လျက်ရှိပြီး ဆက်စပ်လုပ်ငန်းများမှ သွယ်ဝိုက်သောနည်းဖြင့် အလုပ်အကိုင် အခွင့်အလမ်း ငါးသောင်းကျော်ကို အကျိုးပြုလျက်ရှိကြောင်း သိရသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် တန်ဖိုးမြင့် ငါးကုန်ချော ထုတ်လုပ်ရောင်းချသူများနှင့် တွေ့ဆုံ၍ စိုက်ပျိုးမွေးမြူ ထုတ်လုပ်မှုလုပ်ငန်းများ၊ ပြည်တွင်းစားသုံးမှုဖူလုံရေးနှင့် နိုင်ငံခြားငွေ ရရှိနိုင်မှု၊ ပြည်တွင်း စိုက်ပျိုးရေး ကုန်ကြမ်းများ အသုံးချမှု လိုအပ်ချက်နှင့် အလုပ်အကိုင်ရရှိမှုအခြေအနေများ၊ ပြည်တွင်း ပြည်ပ ကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် တက္ကသိုလ်များနှင့် ပူးပေါင်း၍ ငါးလုပ်ငန်းသုတေသနဆိုင်ရာ ဆောင်ရွက်မှုများကို ဆွေးနွေးခဲ့ကြသည်။

**ပေါင်းစပ်ညှိနှိုင်း**

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ပုသိမ်မြို့ ရေပေးဝေရေး စီမံကိန်း(မရမ်းချောင်း)သို့ ရောက်ရှိကြပြီး ရေတင်စက်ရုံ ရေစုကန်နှင့် ရေစစ်ကန်များ တည်ဆောက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြရာ စီမံကိန်းတာဝန်ခံများက ရှင်းလင်း တင်ပြကြသည်။ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်ချက်များ ပေါင်းစပ်ညှိနှိုင်း ဆွေးနွေးသည်။

မရမ်းချောင်း ရေပေးဝေရေး စီမံကိန်းပြီးစီးပါက ပုသိမ်မြို့ပေါ်ရှိ ပြည်သူများ သန့်ရှင်းသော သောက်သုံးရေ အသုံးပြုနိုင်ရန်အတွက် တစ်ရက်လျှင် ရေဂါလန် ၄၅ သိန်း ဖြန့်ဝေပေးနိုင်မည်ဖြစ်ကြောင်း၊ လက်ရှိတွင် ရေတင်စက်ရုံ ရေစုကန်နှင့် ရေစစ်ကန်များ တည်ဆောက်ခြင်း ၈၆ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်၍ ကျန်လုပ်ငန်းများ သတ်မှတ်ကာလပြီးစီးရေးနှင့် စီမံကိန်းအကျိုးပြုဧရိယာအတွင်း ရေပိုက်လိုင်းများသွယ်တန်းခြင်း၊ ရေမီတာတပ်ဆင်ခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ သန်လျင် အမှတ်(၁၀) သစ်စက်နှင့် သစ်စိုက်ခင်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၉

**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် မေ ၉ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်း အမှတ်(၁၀)သစ်စက်သို့ရောက်ရှိရာ အစည်းအဝေးခန်းမ၌ အထွေထွေမန်နေဂျာများနှင့် စက်ရုံမှူးများက လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။**



ရှင်းလင်းတင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီးက ပြည်ပရောင်းဝယ်ရေးနှင့် သစ်စက်ဌာန၊ သစ်အခြေခံ စက်မှုလုပ်ငန်းဌာနတို့ ညှိနှိုင်းပေါင်းစပ်၍ ပြည်တွင်း / ပြည်ပဝင်ငွေရရှိစေရေးအတွက် ဈေးနှုန်းနှင့် ဈေးကွက်အခြေအနေ၊ ဝယ်လိုအားရရှိမှုအပေါ် မူတည်၍ လပ်ပုံတင်ဒါ ပမာဏကို ချိန်ဆဆောင်ရွက်ရန်၊ ကျွန်းနှင့်သစ်မာ တင်ဒါကိစ္စရပ်များ ပိုမိုအဆင်ပြေချောမွေ့စေရေး၊ စနစ်တကျဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်ရန်၊ နိုင်ငံပိုင်သစ်စက်များတွင် ကုန်ကြမ်းခွဲသား၊ တစ်ဝက်တစ်ပျက် ကုန်ချောနှင့် တန်ဖိုးမြှင့်ကုန်ချောခွဲသားများကို Outturn ကောင်းမွန်၍ Operating Ratio (OR) ကောင်းမွန်စွာ ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်၊ ဘေးထွက်ပစ္စည်းများမှ ကုန်ချောထုတ်လုပ်ရေးဆောင်ရွက်ရန်၊ ဈေးကွက်အခြေအနေ၊ ဝယ်လိုအား၊ ခွဲသားထုတ်လုပ်မှုနှင့် ကုန်ချောလက်ကျန် အခြေအနေများကို ကော်မတီဖွဲ့၍ လစဉ် Monitoring ပြုလုပ်ရန်၊ သစ်ထုတ်ရေးဌာနအနေဖြင့်လည်း တောတွင်းသစ်ထုတ်စဉ်ကတည်းက Standard Operating Procedure – SOP ပါ အချက်များအတိုင်း စနစ်တကျဆောင်ရွက်ရန်နှင့် ဌာနစက်ရုံများမှ ထုတ်လုပ်သော သစ်အချောထည် ပရိဘောဂများအား ဈေးကွက်တွင် ယှဉ်ပြိုင်ရောင်းချနိုင်ရေး အရည်အသွေးမြှင့်တင်ဆောင်ရွက်သွားရန်၊ နှစ်အလိုက် ရည်မှန်းချက် ဝင်ငွေရရှိရေး၊ အသုံးစရိတ်များကို ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းနှင့်အညီ မြန်မာနိုင်ငံစာရင်းစစ်ချုပ်ရုံး၏ စံနှုန်းနှင့်ညီညွတ်စွာသုံးစွဲရန်နှင့် ဝန်ထမ်းအချင်းချင်း စည်းစည်းလုံးလုံးဖြင့် ရည်မှန်းချက် တာဝန်ပြီးမြောက်အောင် ဆောင်ရွက်သွားရန် မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ပြည်ပရောင်းဝယ်ရေးနှင့်သစ်စက်ဌာန အမှတ်(၁၀) သစ်စက်နှင့် သစ်အခြေခံစက်မှုလုပ်ငန်းဌာန၊ အမှတ်(၁)နှင့် အမှတ်(၂) ပရိဘောဂစက်ရုံများ၏လုပ်ငန်းဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် သန်လျင် သစ်အခြေခံစက်မှုလုပ်ငန်းနယ်မြေရှိ မြန်မာ့သစ်လုပ်ငန်းက စိုက်ပျိုးတည်ထောင်ထားသော ကျွန်း၊ မန်ဂျန်ရှား၊ ဝါးနက်စိုက်ခင်းအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဦးစီးဌာနများအနေဖြင့် မိမိတို့ တာဝန်ယူဆောင်ရွက်ရသော လုပ်ငန်းများ သတ်မှတ်စံချိန် စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီရေး အလေးထားဆောင်ရွက်

**နေပြည်တော် မေ ၉**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရွှေလေးသည် မေ ၈ ရက် နံနက်ပိုင်းတွင် အမ်းမြို့၊ လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့ (၁၆)ရုံး အစည်းအဝေးခန်းမဆောင်၌ ရခိုင်ပြည်နယ်အတွင်းရှိ အဆောက်အဦ၊ လမ်း၊ တံတား၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူးများနှင့် ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာရေးနှစ် လုပ်ငန်းလျာထားချက်နှင့် ဆောင်ရွက်ပြီးစီးမှုဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲကို ကိုဗစ်–၁၉ လမ်းညွှန်ချက်များနှင့်အညီ ကျင်းပသည်။



### ဖြည့်ဆည်းဆောင်ရွက်ပေး

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက ရခိုင်ပြည်နယ်အတွင်းရှိ အဆောက်အဦ၊ လမ်း၊ တံတား၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနတို့မှ အရာထမ်း၊ အမှုထမ်းများနှင့် လုပ်ငန်းများ အရည်အသွေးစံချိန်စံညွှန်းပြည့်မီစေရန်နှင့် အချိန်မီအောင်မြင်အောင် ဆောင်ရွက်ရန် ညှိနှိုင်းဆွေးနွေးခြင်း ဖြစ်ပါကြောင်း။

ဝန်ထမ်းများအနေဖြင့် ယခုအချိန်တွင် ကိုဗစ်–၁၉ ကာကွယ်ရေးလမ်းညွှန်ချက်များအား လိုက်နာရန်လိုအပ်ပါကြောင်း၊ ဝန်ထမ်းများ၏ အခက်အခဲများကိုလည်း မိမိဌာန ညွှန်ကြားရေးမှူးများမှတစ်ဆင့် တင်ပြနိုင်ပါကြောင်း၊ ဝန်ထမ်းများ၏ အခွင့်အရေးများကို အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း။

ဦးစီးဌာနများအနေဖြင့် မိမိတို့ တာဝန်ယူဆောင်ရွက်ရသော လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီရေး အလေးထားဆောင်ရွက်ရန် လိုပါကြောင်း၊ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအစီအမံများလည်း ဆောင်ရွက်ထားရန်လိုပါကြောင်း၊ လမ်းပန်းဆက်သွယ်ရေး မပြတ်တောက်စေရေးအတွက် ထိန်းသိမ်းရေးအပိုင်းများကိုလည်း အဓိကထားဆောင်ရွက်ရန် မှာကြားလိုပါကြောင်း။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံ့ဝန်ထမ်းများ၏ အခန်းကဏ္ဍသည်လည်း အဓိကကျပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် ဝန်ထမ်းကျင့်ဝတ်နှင့်အညီ သတ်မှတ်ထားသည့် စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ အလေးထားလိုက်နာဆောင်ရွက်ရန်လိုပါကြောင်း၊ ဝန်ထမ်းများ၏ အခွင့်အရေးများကိုလည်း အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းများအောင်မြင်အောင် ဆောင်ရွက်နိုင်ရေးအတွက် မိမိကျရာတာဝန်များကို ကျေပွန်စွာဖြင့် စေတနာထားဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ရခိုင်ပြည်နယ်အတွင်းရှိ အဆောက်အဦ၊ လမ်း၊ တံတား၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများက ၂၀၂၀–၂၀၂၁ ဘဏ္ဍာ နှစ်အတွင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲနှင့် ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများကို Power Point ဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် အသီးသီးရှင်းလင်းတင်ပြရာ ညွှန်ကြားရေးမှူးချုပ်များနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များက လုပ်ငန်းပိုင်းဆိုင်ရာများနှင့်ပတ်သက်၍ ဖြည့်စွက်ရှင်းလင်းပြောကြားပြီး ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များအပေါ် လုပ်ငန်းလိုအပ်ချက်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းပေးသည်။

### ညှိနှိုင်းဆွေးနွေး

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အမ်းမြို့ လမ်းဦးစီးဌာန လမ်းအထူးအဖွဲ့ (၁၆) ရုံး အစည်းအဝေးခန်းမတွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ တိုင်းဦးစီးချုပ် ဗိုလ်မှူးကြီး ကျော်ကျော်သန်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဌေးအောင်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး ရခိုင်ပြည်နယ် လမ်း၊ တံတားဖွံ့ဖြိုးတိုးတက်ရေးနှင့် အမ်းမြို့ဖွံ့ဖြိုး တိုးတက်ရေးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဆောင်ရွက်ရန် လျာထားသည့် သယု(ပဲပဒုံ)တံတားသစ် တည်ဆောက်ရေး၊ လက်ရှိ ကြိုးတံတားမှ သက်မှတ်ချက်နှင့်အညီ ဆီသယ်ယာဉ်များ အန္တရာယ်ကင်းစွာ ဖြတ်သန်းခွင့်ပြုရေး၊ အမ်းမြို့တွင်းလမ်းဆုံနှင့် လမ်းညွှန်ကျောက်တိုင်ကို တင့်တယ်လှပစေရန် အဆင့်မြှင့်ဆောင်ရွက်ပေးရေးနှင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဆောင်ရွက်ပေးရမည့် လမ်းအခြေအနေကိုလည်းကောင်း၊ ကြိုးတံတားလုံခြုံရေး၊ အသစ်တည်ဆောက်မည့် တံတားအတွက် မြေနေရာကိစ္စရပ်များနှင့် အမ်းမြို့ဖွံ့ဖြိုးရေးနှင့် သန့်ရှင်းသာယာလှပရေးတို့အတွက် ဆောင်ရွက်မည့် လုပ်ငန်း အစီအစဉ်များနှင့် ပတ်သက်၍ ဝိုင်းဝန်းညှိနှိုင်းဆွေးနွေးသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အမ်း–ပဒဲကြော–မအီလမ်း အခြေအနေကို လည်းကောင်း၊ မအီ–ကျောက်ဖြူလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုတို့ကို လမ်းတစ်လျှောက်ကြည့်ရှုစစ်ဆေးသည်။

### ဖြည့်စွက်ရှင်းလင်း

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တောင်ကုတ်–မအီ–ကျောက်ဖြူလမ်း (တောင်ကုတ်–မအီအပိုင်း)တွင် ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုတို့ကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးပြီး လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့(၁၈)မှ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ) ဦးရဲမင်းမောင်က ၂၀၂၀–၂၀၂၁ ဘဏ္ဍာနှစ်အတွင်း တောင်ကုတ်–မအီ လမ်းအပိုင်း 0km မှ 69.20km အတွင်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများ အပိုင်းလိုက် ဆောင်ရွက်ထားရှိမှုတို့ကို မြေပုံကားချပ်ဖြင့် ရှင်းလင်းတင်ပြရာ လမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးလှထွန်းဦးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

### ကြည့်ရှုစစ်ဆေး

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီး က ကွန်ကရစ်လမ်းများ ဆောင်ရွက်ရာတွင် အောက်ခံလမ်းသား အမာခံရရှိပြီးမှ ကွန်ကရစ်ခင်းရန်၊ ကားကြီးများ အန္တရာယ်ကင်းစွာ အသုံးပြုနိုင်ရေး အမာခံလမ်းပခုံးများတစ်ပါတည်း ဆောင်ရွက်ပေးရန်နှင့် လုပ်ငန်းပြီးစီးပါက လမ်းဘေးဝဲ/ယာတွင် သန့်ရှင်းသပ်ရပ်အောင် စနစ်တကျ ဆောင်ရွက်ရန်၊ လိုအပ်သည့်နေရာများတွင် လမ်းနယ်တိုင်စိုက်ခြင်းနှင့် လမ်းနယ်သစ်ပင်များ စိုက်ပျိုးရန်တို့ကို မှာကြားပြီး ကွန်ကရစ်ခင်းပြီးအပိုင်းအား ကြည့်ရှုစစ်ဆေးသည်။ **(ဝဲအပေါ်ပုံ)**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တောင်ကုတ်–မအီလမ်းအပိုင်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို လည်းကောင်း၊ တောင်ကုတ်–သံတွဲလမ်း ပြုပြင်ထိန်းသိမ်းထားရှိမှုတို့ကို လည်းကောင်း လမ်းတစ်လျှောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပြည်ထောင်စုဝန်ကြီး ဦးအောင်သန်းဦး ရခိုင်ပြည်နယ်ရှိ သူ့ဌေးရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းဆောင်ရွက်မှုကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၉**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်သန်းဦးသည် မေ ၈ ရက် နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် သံတွဲမြို့၏ အရှေ့မြောက်ဘက် ၁၂ မိုင်ခန့်အကွာ သူ့ဌေးချောင်းပေါ်တွင် ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေး ဦးစီးဌာန အမှတ်(၄)တည်ဆောက်ရေးမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် သူ့ဌေးရေအားလျှပ်စစ်စီမံကိန်း၏ လုပ်ငန်းဆောင်ရွက်နေမှုများ **(ယာပုံ)** နှင့် ၂၃၀ ကေဗွီ တောင်ကုတ်(ဘာယေ) ပင်မဓာတ်အားခွဲရုံတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။



### ဖြည့်စွက်ရှင်းလင်း

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သူ့ဌေးရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိရာ စီမံကိန်းရှင်းလင်းဆောင်တွင် တည်ဆောက်ရေးညွှန်ကြားရေးမှူး ဦးအောင်နိုင်ထွန်းက စီမံကိန်းဆိုင်ရာကိစ္စရပ်များကို တင်ပြရာ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဟိန်းထက်က ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

### စနစ်တကျအသုံးပြု

တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌမှ လက်ရှိဆောင်ရွက်လျက်ရှိသော စီမံကိန်းများ ဆက်လက်၍ အရှိန်အဟုန်မပျက်ဆောင်ရွက်သွားရန်နှင့် ထပ်မံလိုအပ်လာမည့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးအတွက် ပြန်ပြည့်မြဲစွမ်းအင်များဖြစ်သည့် ရေအား၊ ဆိုလာတို့ဖြင့် ထုတ်လုပ်သည့် စီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်သွားရန် ညွှန်ကြားထားရှိသည့်အလျောက် မိမိတို့ဝန်ကြီးဌာနအနေဖြင့် ရရှိသည့် ဘဏ္ဍာငွေအပေါ် စီမံကိန်းလုပ်ငန်းများအား သတ်မှတ်အချိန်ကာလအတွင်းပြီးစီးအောင် ဆောင်ရွက်သွားရန်၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုပ်ငန်းခွင်သုံးပစ္စည်းများ စံချိန်စံညွှန်းပြည့်မီရေး၊ စီမံကိန်းတွင် တပ်ဆင်အသုံးပြုမည့် စက်ပစ္စည်းများအား စနစ်တကျအသုံးပြုသွားရန်နှင့် လေလွင့်ဆုံးရှုံးမှုမရှိစေရေး ဂရုစိုက်ဆောင်ရွက်သွားကြရန်၊ ဌာနပိုင် ယာဉ်ယန္တရားကြီးများကိုလည်း ရေရှည်အသုံးပြုနိုင်ရန်အတွက် လိုအပ်သော ပြုပြင်ထိန်းသိမ်းမှုများအား ဆောင်ရွက်သွားကြရန်၊ ပြည်သူများ လျှပ်စစ်ဓာတ်အားကို အမြန်ဆုံး ရရှိသုံးစွဲနိုင်စေရေးအတွက် ဆောလျင်စွာပြီးစီးရေးကို အားသွန်ခွန်စိုက်ဆောင်ရွက်သွားရန်၊ စီမံကိန်း ပြီးစီးပါကလည်း ဒေသခံများ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရေး၊ ဒေသအခြေခံခရီးသွား လုပ်ငန်းများကို အထောက်အကူဖြစ်စေရေး၊ သဘာဝပတ်ဝန်းကျင်အား ထိန်းသိမ်းဆောင်ရွက်ရေးတို့ကို ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်းနှင့် ထပ်မံလိုအပ်လျက်ရှိသော လျှပ်စစ်ဓာတ်အားကို ထုတ်လုပ်နိုင်ရန်အတွက် ပြန်ပြည့်မြဲစွမ်းအင်များဖြစ်သည့် ရေအား၊ ဆိုလာတို့ဖြင့် ထုတ်လုပ်သည့် စီမံကိန်းများကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားရန် မှာကြားသည်။

### အားသွန်ခွန်စိုက် ကြိုးပမ်း

သူ့ဌေးရေအားလျှပ်စစ်စီမံကိန်းသည် သူ့ဌေးချောင်းပေါ်တွင် ရေလှောင်တမံ တည်ဆောက်ပြီး ၁၁၁ မဂ္ဂါဝပ်ရှိ ဓာတ်အားပေးစက်ရုံတည်ဆောက်၍ နှစ်စဉ်ပျမ်းမျှ လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၃၈၆ သန်း ထုတ်လုပ်ကာ ရခိုင်ပြည်နယ်ဒေသများသို့ လျှပ်စစ်ဓာတ်အားတိုးမြှင့်ဖြန့်ဖြူးပေးနိုင်ရန်နှင့် နိုင်ငံတော်ဓာတ်အားစနစ်သို့ချိတ်ဆက်၍ ပို့လွှတ်ဖြန့်ဖြူးပေးနိုင်ရေး ရည်ရွယ်၍ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သည့် စီမံကိန်းဖြစ်သည်။ ယခုအခါ စီမံကိန်း၏ ၆၅ ဒသမ ၄၈ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကာ ယခုနှစ် စက်တင်ဘာလကုန်တွင် ၇၈ ဒသမ ၇၇ ရာခိုင်နှုန်းအထိ ပြီးစီးမည်ဖြစ်ပြီး ၂၀၂၄ ခုနှစ်၌ လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရန် အမြန်ဆောင်ရွက်ပြီးစီးစေရေး အရှိန်အဟုန်ဖြင့် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ အလားတူ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ တည်ဆောက်လျက်ရှိသော အထက်ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်းသည် ၆၃ ဒသမ ၉၉ ရာခိုင်နှုန်းသို့ လည်းကောင်း၊ အထက်ရဲရွာ ရေအားလျှပ်စစ်စီမံကိန်းသည် ၄၈ ဒသမ ၆၈ ရာခိုင်နှုန်းသို့ လည်းကောင်း၊ အလယ် ပေါင်းလောင်းရေအား လျှပ်စစ်စီမံကိန်းသည် ၆ ဒသမ ၁၄ ရာခိုင်နှုန်းသို့ လည်းကောင်း အသီးသီး ဆောင်ရွက်ပြီးစီးလျက်ရှိကာ ယခုဘဏ္ဍာရေးနှစ်ကုန်တွင် သတ်မှတ်ရာခိုင်နှုန်းများအတိုင်း ပြီးစီးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

### လှည့်လည်ကြည့်ရှု

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် စီမံကိန်းဧရိယာအတွင်း တမံတည်ဆောက်နေမှု၊ ရေယူအဆောက်အအုံဆောက်လုပ်နေမှု၊ ဓာတ်အားပေးစက်ရုံတည်ဆောက်နေမှု၊ စက်မှု၊ လျှပ်စစ် တပ်ဆင်ရေး ပစ္စည်းများထားရှိသည့် သိုလှောင်ရုံဝင်း၊ ရခိုင်ရိုးရာအိမ်ပုံစံငယ်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပင်မတမံရေဝပ်ဧရိယာအတွင်း ကျရောက်သော ပုရစ်ကျေးရွာနှင့် ရေကောက်ကျေးရွာများ ရွှေ့ပြောင်းနိုင်ရေး ပြန်လည်နေရာချထားမည့် မြေနေရာအား အသေးစိတ်ကြည့်ရှု၍ ဒေသခံရွှေ့ပြောင်းမိသားစုများကို ရင်းရင်းနှီးနှီး တွေ့ဆုံပြီး လိုအပ်ချက်များကို အမြန်ဆုံးဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး၊ ကျေးရွာများလျှပ်စစ်မီးရရှိရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ရေရရှိရေး၊ သာသနိကအဆောက်အအုံများနှင့် စာသင်ကျောင်းများ ဆောက်လုပ်ပေးနိုင်ရေး စနစ်တကျဆောင်ရွက်သွားကြရန် တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန ၂၃၀ ကေဗွီ တောင်ကုတ်(ဘာယေ) ပင်မဓာတ်အားခွဲရုံသို့ရောက်ရှိရာ ဓာတ်အားခွဲရုံမှူးက ဓာတ်အားခွဲရုံဆိုင်ရာ အချက်အလက်များနှင့် ဓာတ်အားဖြန့်ဖြူးပေးနေမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကျော်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။ တင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက ဓာတ်အားခွဲရုံရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ဓာတ်အားပြတ်တောက်မှုလျော့နည်းကျဆင်းစေရေးအတွက် ထရန်စဖော်မာများ၊ ဓာတ်အားခွဲရုံသုံး ပစ္စည်းများအား စဉ်ဆက်မပြတ် စစ်ဆေးဆောင်ရွက်သွားကြရန် လမ်းညွှန်မှာကြားခဲ့ပြီး ဓာတ်အားခွဲရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

### တိကျစွာ လေးစားလိုက်နာ

ပြည်ထောင်စုဝန်ကြီးသည် မေ ၇ ရက် ညနေပိုင်းကလည်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ သံတွဲခရိုင်လျှပ်စစ်အင်ဂျင်နီယာရုံး၌ ရခိုင်ပြည်နယ်အတွင်းရှိ ပြည်နယ်/ ခရိုင်/ မြို့နယ် လျှပ်စစ်အင်ဂျင်နီယာများ၊ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ရခိုင်ပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အား တိုးမြှင့်ဖြန့်ဖြူးပေးနိုင်ရေး၊ ဓာတ်အားပျောက်ဆုံးမှုနှင့် ဓာတ်အားပြတ်တောက်မှုလျော့နည်းကျဆင်းရေး၊ ပြည်သူလူထုအတွက် အရည်အသွေးပြည့်ဝသည့် လျှပ်စစ်ဓာတ်အားများ ဖြန့်ဖြူးပေးနိုင်ရန်နှင့် ဝန်ထမ်းများအနေဖြင့် နိုင်ငံ့ဝန်ထမ်းဖြစ်သည့် အားလျော်စွာ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများကို တိကျစွာ လေးစားလိုက်နာကြရန်၊ မိမိတို့ဒေသအား လျှပ်စစ်ဓာတ်အား အပြည့်အဝရရှိရန် နည်းလမ်းမျိုးစုံဖြင့်စဉ်းစား၍ စီမံဆောင်ရွက်သွားကြရန်နှင့် မိမိတို့ဝန်ကြီးဌာန၏ ရည်မှန်းချက်များ အောင်မြင်အောင် စေတနာထား၍ ဝိုင်းဝန်းဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ထူးခြားသည့် နေ့အပူချိန်များ

**နေပြည်တော် မေ ၉**

ထူးခြားသည့် နေ့အပူချိန်များမှာ ချောက်မြို့နှင့် မင်းဘူးမြို့တို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်စီနှင့် မကွေးမြို့၊ အောင်လံမြို့၊ တောင်တွင်းကြီးမြို့၊ ဆင်ဖြူကျွန်းမြို့၊ အမ်းမြို့နှင့် သာယာဝတီမြို့တို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ကော့သောင်းမြို့တွင် ၃ ဒသမ ၅၀ လက်မ၊ ဇောင်းတူမြို့တွင် ၁ ဒသမ ၇၇ လက်မ၊ကိုကိုးကျွန်းမြို့တွင် ၁ ဒသမ ၅၇ လက်မ၊ မုဒုံမြို့တွင် ၁ ဒသမ ၅၀ လက်မ၊ ကြားအင်းဆိပ်ကြီးမြို့တွင် ၁ ဒသမ ၄၀ လက်မ၊ သိမ်ဇရပ်မြို့တွင် ၁ ဒသမ ၃၈ လက်မ၊ ကလေးဝမြို့တွင် ၀ ဒသမ ၉၈ လက်မ၊ ဟိုင်းကြီးကျွန်းမြို့တွင် ၀ ဒသမ ၉၁ လက်မနှင့် မော်လမြိုင်မြို့နှင့် ကျိုက်မရောမြို့တို့တွင် ၀ ဒသမ ၇၉ လက်မစီတို့ဖြစ်ကြသည်။

**မိုး/ဇလ**

# လူမှုကွန်ရက်ပေါ်မှ သတင်းမှား ဝါဒဖြန့်မှုနှင့် အကျိုးဆက်

မျိုးငြိမ်းငယ်

### သတင်းမှားများ၏ အန္တရာယ်

လူမှုကွန်ရက်တွေမှာ အန္တရာယ်များလာတဲ့ ပြဿနာတစ်ရပ်ကတော့ သတင်းတုများနဲ့ သတင်းအမှားတွေ ပိုမိုကျယ်ပြန့်လာခြင်း ဖြစ်ပါတယ်။ သတင်းတုတွေ၊ မမှန်သတင်းတွေနဲ့ အမှားအမှန်ရောထားတဲ့ သတင်းကိစ္စက မြန်မာနိုင်ငံမှာပဲ ဖြစ်နေတာတော့ မဟုတ်ပါဘူး။ ကမ္ဘာနဲ့အဝန်းမှာ ဖြစ်နေတာပါ။ ဒါပေမယ့် အမြစ်စွဲနေဆဲ နိုင်ငံရေး ပဋိပက္ခကြောင့် စိတ်ဝမ်းကွဲမှုတွေ၊ တစ်ဖက်စွန်း အယူအဆကွဲပြားနေဆဲ မြန်မာနိုင်ငံအတွက်တော့ သတင်းတု၊ သတင်းမှားများရဲ့ အန္တရာယ်က အခြားနိုင်ငံများထက် ပိုပြီး ကြီးမားနေပါတယ်။

မြန်မာနိုင်ငံမှာ နိုင်ငံ ပြန်လည်တည်ဆောက်ရေး၊ အမျိုးသားရင်ကြားစေ့ရေး၊ ငြိမ်းချမ်းရေးတွေအပြင် ရေရှည်တည်ဆောက်ကြရမယ့် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးစတဲ့ အခြေခံလိုအပ်ချက်တွေ လုပ်ဆောင်နေစဉ်မှာ လူမှုကွန်ရက်ပေါ်က သတင်းတု၊ သတင်းမှားတွေဟာ အတားအဆီး အဟန့်အတားတွေပဲ ဖြစ်ပါတယ်။

### သတင်းမှားများနဲ့ ဝါဒဖြန့်ချိသည့်ပုံစံ

လူမှုကွန်ရက်ပေါ် တွေ့မြင်နေရတဲ့ သတင်းတွေမှာ လုပ်ကြံရေးသားထားတဲ့ သတင်းအတုတွေ၊ သတင်းအစစ်ကို လိုရာကိုပဲ ဖော်ပြထားတဲ့ သတင်းတွေ၊ မိမိယူဆချက်သက်သက် သတင်းတွေ၊ အမှန်နဲ့အမှား ရောယောင်ဖော်ပြထားတဲ့သတင်းတွေ စတဲ့ ပုံစံမျိုးစုံနဲ့ တွေ့မြင်နေရပါတယ်။ ဒီလိုလုပ်ဆောင်ခြင်းဟာ လူထုဆီကို အမြန်ဆုံးနဲ့ အကျယ်ပြန့်ဆုံးရောက်နိုင်တဲ့ လူမှုကွန်ရက်ကို အသုံးပြုပြီး သတင်းတု၊ သတင်းမှားတွေနဲ့ ဝါဒဖြန့်ချိနည်းတစ်မျိုးပဲ ဖြစ်ပါတယ်။

**ဝါဒဖြန့်ချိနည်းဆိုတာကတော့ ကိုယ့်အတွက် ဒါမှမဟုတ် ကိုယ့်အဖွဲ့အစည်းအတွက် တိုက်ရိုက်ဖြစ်ဖြစ်၊ သွယ်ဝိုက်ပြီးဖြစ်ဖြစ် အကျိုးရှိစေဖို့ သတင်းတွေ၊ ကိုယ့်အယူအဆတွေ၊ သဘောတရားတွေ၊ လှုံ့ဆော်တိုက်တွန်းမှုတွေကို ကိုယ်ရည်ရွယ်ထားတဲ့ လူထုအတွင်းဆီ ထပ်ကာထပ်ကာ ပျံ့နှံ့ရောက်ရှိစေခြင်းပဲဖြစ်ပါတယ်။ ဦးတည်ချက်ကတော့ ကိုယ်ရည်ရွယ်ထားတဲ့ လူထုအတွင်းမှာ ယခင်မူလရှိပြီးဖြစ်တဲ့ အယူအဆ၊ နားလည်လက်ခံထားမှု၊ ယုံကြည်ချက်၊ အတွေးအခေါ်၊ အမူအကျင့် စတာတွေကို ပြောင်းလဲလာစေပြီး ကိုယ့်အယူအဆ၊ သဘောထားနဲ့ ကိုယ့်လှုံ့ဆော်မှုတွေအတိုင်း ပြောင်းလဲလိုက်ပါ ဆောင်ရွက်လာဖို့ စနစ်တကျ စီမံဆောင်ရွက်ကြခြင်းပဲဖြစ်ပါတယ်။**

ဒီလို ဝါဒဖြန့်ချိဖို့ လုပ်ဆောင်နေတဲ့သူတွေ၊ အဖွဲ့အစည်းတွေက သတင်းနဲ့ အချက်အလက်တွေကို အသုံးချကြပါတယ်။ သတင်းအမှန်တွေကို ဖြန့်ချိကြသလို လုပ်ကြံဖန်တီးထားတဲ့သတင်းတွေ၊ အတုနဲ့အစစ် ရောထားတဲ့ သတင်းတွေ၊ စိတ်ကိုလှုံ့ဆော်တဲ့ သတင်းတွေကို လူထုအတွင်း ကျယ်ကျယ်ပြန့်ပြန့်ရောက်ရှိအောင် လုပ်ဆောင်ကြပါတယ်။ ဒီနေ့ခေတ်မှာတော့ အလွယ်ကူဆုံး၊ အမြန်ဆုံးနဲ့ အထိရောက်ဆုံး နည်းလမ်းကတော့ အင်တာနက်နဲ့ လူမှုကွန်ရက်ကို အသုံးပြုဖြန့်ချိခြင်း ဖြစ်ပါတယ်။ အဲဒီလို ဝါဒဖြန့်ချိတဲ့ပုံစံတွေကို မြန်မာနိုင်ငံမှာ အချိန်နဲ့အမျှ မြင်တွေ့နေရပါတယ်။ ဒါ့အပြင် သွေးထိုးလှုံ့ဆော်မှုတွေ၊ ခြိမ်းခြောက်မှုတွေ၊ သတင်းအမှားတွေ၊ မှျော်လင့်ချက်တွေ၊ စည်းရုံးမှုတွေ၊ သွေးခွဲမှုတွေစတဲ့ ဆိုက်ဝါးနည်းလမ်းမျိုးစုံသုံးနေတာကို တွေ့မြင်နေရပါတယ်။

### ဆိုက်ဝါးများ၏ အန္တရာယ်

အထက်ပါ ဆိုက်ဝါးတွေရဲ့ အန္တရာယ်ဟာ နိုင်ငံတစ်နိုင်ငံရဲ့ နိုင်ငံရေး၊ စီးပွားရေးလို ကဏ္ဍတွေသာ မကပါဘူး။ လူမှုအသိုက်အဝန်းရဲ့ ဘာသာရေး၊ ယဉ်ကျေးမှု၊ ကျင့်ဝတ်တွေအထိ အကျိုးသက်ရောက်လာနေတာကို ကိုယ့်အနီးအနား ပတ်ဝန်းကျင်မှာပဲ တွေ့မြင်နေရပါတယ်။ နည်းပညာမြင့်မားတဲ့နိုင်ငံတွေ၊ နိုင်ငံရေးစနစ်တည်ငြိမ်တဲ့ နိုင်ငံတွေမှာတောင် လူမှုကွန်ရက်ပေါ်က သတင်းတွေ၊ သွေးထိုးလှုံ့ဆော်မှုတွေရဲ့ ဂယက်ကို ခံစားနေကြရတာပါ။

လူမှုကွန်ရက်တွေကို ကောင်းတဲ့ ရည်ရွယ်ချက်အတွက် တည်ဆောက်ခဲ့တယ်ဆိုပေမယ့် အသုံးပြုတဲ့သူတွေရဲ့ ရည်ရွယ်ချက်နဲ့ လုပ်ဆောင်ချက်တွေကြောင့် ဘေးထွက်ဆိုးကျိုးတွေရဲ့ဒဏ်ကို အထူးသဖြင့် နိုင်ငံငယ်တွေ၊ ပဋိပက္ခတွေတည်ရှိဆဲ လူမှုအသိုက်အဝန်းတွေက ပိုလို့ ခံစားနေကြရပါတယ်။ မြန်မာနိုင်ငံမှာ ၂၀၁၁ ခုနှစ်နောက်ပိုင်း ဆက်သွယ်ရေးစနစ်တွေ အရှိန်အဟုန်နဲ့ တိုးတက်ကောင်းမွန်လာတာနဲ့အတူ လူမှုကွန်ရက်တွေကိုလည်း ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုခွင့်ရခဲ့ပါတယ်။

နည်းပညာပြောင်းလဲနေတဲ့ခေတ်နဲ့အညီ တိုးတက်ပြောင်းလဲလာတာကို ကြိုဆိုရမှာပါ။ အဲဒီတိုးတက်ပြောင်းလဲမှုရဲ့ ကောင်းတဲ့အကျိုးဆက်က စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးအစ လူမှုဆက်ဆံရေးအဆုံး ကမ္ဘာနဲ့ ကျယ်ကျယ်ပြန့်ပြန့် ထိတွေ့ဆက်ဆံခွင့်၊ ရင်ပေါင်တန်းခွင့် ရရှိလာခြင်းပဲ ဖြစ်ပါတယ်။ နိုင်ငံအုပ်ချုပ်ရေးစနစ်ကအစ အွန်လိုင်းစီးပွားရေးတွေ၊ အွန်လိုင်းဘဏ်စနစ်တွေ၊ အွန်လိုင်းပညာရေး၊ အွန်လိုင်းကျန်းမာရေးတွေ၊ လူမှုဆက်ဆံရေးတွေ၊ မီဒီယာကဏ္ဍတွေ၊ ပွင့်လင်းမြင်သာမှု စတဲ့ ကဏ္ဍတိုင်းလိုလိုမှာ တိုးတက်မှုတွေ မြင်တွေ့လာရ၊ အကျိုးခံစားလာခဲ့ရပါတယ်။ ဒါဟာ မြန်မာ့အသွင်ကူးပြောင်းရေးရဲ့ ထင်ရှားတဲ့ အကျိုးရလဒ်တစ်ခု ဖြစ်ပါတယ်။

ဒါပေမယ့် လူမှုကွန်ရက်ကို နိုင်ငံရေးရည်ရွယ်ချက်အတွက် အသုံးချလာချိန်မှာတော့ ကောင်းကျိုးနဲ့အတူ ဆိုးကျိုးတွေပါ ပူးတွဲ ပါလာပါတော့တယ်။ ၂၀၁၅ အထွေထွေရွေးကောက်ပွဲကျင်းပစဉ်က များစွာမသိသာသေးပေမယ့် ၂၀၂၀ အထွေထွေရွေးကောက်ပွဲမှာတော့ လူမှုကွန်ရက်ကို နိုင်ငံရေးအတွက် ရည်ရွယ်ချက်ရှိရှိ အသုံးပြုလာတာ တွေ့ရပါတယ်။

လူမှုကွန်ရက်အသုံးပြုပြီး ရွေးကောက်ခံကိုယ်စားလှယ်တွေနဲ့ လူထု အချိန်မရွေး ဆက်သွယ်နိုင်တယ်ဆိုပေမယ့် နိုင်ငံရေးရည်ရွယ်ချက်အတွက် အတိုက်အခံ နိုင်ငံရေးသမားတွေ၊ ပါတီတွေရဲ့ လူမှုကွန်ရက်တွေကို ကန့်သတ်တာတွေ၊ ပိတ်ပင်တာတွေ၊ တိုက်ခိုက်တာတွေ ပြုလုပ်လာကြသလို မိမိတို့တစ်ဦးချင်းအတွက်၊ မိမိပါတီ အဖွဲ့အစည်းအတွက် လှုံ့ဆော်စည်းရုံးတာတွေကို အုပ်စုဖွဲ့ လုပ်ဆောင်လာကြပါတယ်။

အမေရိကန်လိုနိုင်ငံအပါအဝင် အခြားနိုင်ငံတွေမှာလည်း အလားတူ လုပ်ဆောင်မှုတွေရှိပေမယ့် မြန်မာနိုင်ငံရဲ့အခြေအနေဟာ အခြားသော နိုင်ငံတွေနဲ့ မတူညီတဲ့ အကြောင်းတရားတွေ များစွာရှိနေပါတယ်။ ဥပမာအားဖြင့် မြန်မာနိုင်ငံမှာ တိုင်းရင်းသားပေါင်းစုံ ရှိနေတာတွေ၊ မတူညီတဲ့ ယဉ်ကျေးမှုတွေ၊ ဘာသာစကားတွေရှိသလို နိုင်ငံရေးအရလည်း ခိုင်မာမှုမရှိသေးပါဘူး။ ဒါ့အပြင် နိုင်ငံရေးအယူအဆ၊ လိုလားချက်၊ မျှော်မှန်းချက်စတဲ့ နိုင်ငံရေးဆိုင်ရာတွေမှာလည်း ကွာဟမှုတွေ ရှိနေဆဲဖြစ်ပါတယ်။ နိုင်ငံရဲ့ နှစ်ကာလကြာရှည်နေတဲ့ လက်နက်ကိုင် ပဋိပက္ခတွေ၊ အမျိုးသားရင်ကြားစေ့ရေးနဲ့ ငြိမ်းချမ်းရေး ကိစ္စတွေကလည်း ကြိုးပမ်းတည်ဆောက်နေရဆဲ အခြေအနေမှာ လူမှုကွန်ရက်ပေါ်က အပျက်သဘော ဆိုက်ဝါးတွေဟာ လူထုကို ပိုမိုသွေးကွဲစေခဲ့ပါတယ်။

**■ မြန်မာနိုင်ငံမှာဆိုရင် လူမှုကွန်ရက်ကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုတဲ့ကာလ သက်တမ်းအားဖြင့် ဆယ်စုနှစ်တစ်ခုစာပဲ ရှိပါသေးတယ်။ ဒါပေမယ့် လူမှုကွန်ရက်ရဲ့ အကျိုးဆက်တွေက နက်နဲပြင်းထန်နေပါပြီ။ အကဲဆတ်လွန်းတဲ့ မြန်မာ့နိုင်ငံရေးအပြောင်းအလဲမှာ လူမှုကွန်ရက်ကို အသုံးပြုပြီး ဝါဒဖြန့်တာတွေ၊ သွေးခွဲလှုံ့ဆော်တာတွေ၊ ခြိမ်းခြောက်တာတွေ၊ သတင်းအမှား ထုတ်လွှင့်တာတွေကို မသိမသာတစ်မျိုး၊ သိသိသာသာတစ်မျိုးနဲ့ လုပ်ဆောင်နေကြပါတယ်။ လူမှုကွန်ရက်ပေါ်မှာ အုပ်စု တွေကွဲကြ၊ ပါတီတွေကွဲကြ၊ ဝါဒတွေကွဲကြတာတွေအပြင် မိသားစုအချင်းချင်းအကြား၊ သူငယ်ချင်း မိတ်ဆွေတွေအကြား အချင်းချင်း သွေးကွဲလာကြတာဟာ နိုင်ငံတည်ဆောက်ရေးအတွက်ကောင်းတဲ့ အလားအလာ မဟုတ်ပါဘူး။ အပြင်မှာ လူကိုယ်တိုင်တွေ့ရင် မပြောရဲ၊ မဆိုရဲ၊ မလုပ်ရဲတဲ့ အပြော အဆိုတွေ၊ အပြုအမူတွေကို အွန်လိုင်းပေါ်မှာတော့ လုပ်တတ်ကြပါတယ်**

**● ဝါဒဖြန့်ချိနည်းဆိုတာကတော့ ကိုယ့်အတွက် ဒါမှမဟုတ် ကိုယ့်အဖွဲ့အစည်းအတွက် တိုက်ရိုက်ဖြစ်ဖြစ်၊ သွယ်ဝိုက်ပြီးဖြစ်ဖြစ် အကျိုးရှိစေဖို့ သတင်းတွေ၊ ကိုယ့်အယူအဆတွေ၊ သဘောတရားတွေ၊ လှုံ့ဆော် တိုက်တွန်းမှုတွေကို ကိုယ်ရည်ရွယ်ထားတဲ့ လူထုအတွင်းဆီ ထပ်ကာထပ်ကာ ပျံ့နှံ့ရောက်ရှိစေခြင်းပဲ ဖြစ်ပါတယ်။ ဦးတည်ချက်ကတော့ ကိုယ်ရည်ရွယ်ထားတဲ့ လူထုအတွင်းမှာ ယခင်မူလရှိပြီးဖြစ်တဲ့ အယူအဆ၊ နားလည်လက်ခံထားမှု၊ ယုံကြည်ချက်၊ အတွေးအခေါ်၊ အမူအကျင့် စတာတွေကို ပြောင်းလဲလာစေပြီး ကိုယ့်အယူအဆ၊ သဘောထားနဲ့ ကိုယ့်လှုံ့ဆော်မှုတွေအတိုင်း ပြောင်းလဲလိုက်ပါ ဆောင်ရွက်လာဖို့ စနစ်တကျ စီမံဆောင်ရွက်ကြခြင်းပဲဖြစ်ပါတယ်**

*စာမျက်နှာ ၇ သို့*

# အကြမ်းဖက်အုပ်စုများအဖြစ် သတ်မှတ်ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့**

**အကြမ်းဖက်အုပ်စုများအဖြစ်သတ်မှတ်ကြေညာခြင်း**

**အမိန့်ကြော်ငြာစာအမှတ်၊ ၂/၂၀၂၁**

**၁၃၈၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၂ ရက်**

**(၂၀၂၁ ခုနှစ်၊ မေလ ၈ ရက်)**

အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့သည် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (င) နှင့် ပုဒ်မ ၇၂၊ ပုဒ်မခွဲ(ခ)ပါ လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သဘောတူညီချက်ဖြင့် ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၁။ မတရားအသင်းအဖြစ် ကြေညာထားသည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (Committee Representing Pyidaungsu Hluttaw – CRPH)၊ ယင်းကဖွဲ့စည်းထားသော အမျိုးသားညီညွတ်ရေးအစိုးရ (National Unity Government – NUG) တို့သည် "Civil Disobedience Movement–CDM" တွင် ပါဝင်သူများကို အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ရန် အစဉ်တစိုက် လှုံ့ဆော်အားပေးခဲ့သည့် အဖွဲ့များဖြစ်ပါသည်။ ယင်းတို့၏ လှုံ့ဆော်မှုကြောင့် နိုင်ငံတော်အတွင်းရှိ နေရာများစွာတွင် အကြမ်းဖက်မှုများစွာ ဖြစ်ပေါ်ခဲ့ရပါသည်။ "CRPH" နှင့် "NUG" အဖွဲ့များ၏ ဦးဆောင်သူများက လှုံ့ဆော်အားပေးမှုကြောင့် အစိုးရ၏ အုပ်ချုပ်ရေးယန္တရားများ ပျက်ပြားစေရန် ဖုံးခွဲခြင်း၊ မီးရှို့ခြင်း၊ လူသတ်ခြင်း၊ ခြိမ်းခြောက်ခြင်းများ ဖြစ်ပေါ်လာခဲ့ပါသည်။ ထို့အပြင် "NUG" အဖွဲ့သည် ပြည်သူ့ကာကွယ်ရေးတပ်မတော် (People Defence Force–PDF) ကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း ထုတ်ပြန်ခဲ့ပါသည်။ "NUG" နှင့် "PDF"တို့၏ လှုံ့ဆော်အားပေးမှုကြောင့် ဒေသန္တရကာကွယ်ရေးတပ်ဖွဲ့ဟုအမည်တပ်ကာ လက်နက်ကိုင်အကြမ်းဖက်သည့် လုပ်ဆောင်မှုများ ပေါ်ပေါက်လာခဲ့ပါသည်။ ယင်းအဖွဲ့များ၏ "CDM" ပြုလုပ်ရန်လှုံ့ဆော်ခြင်း၊ "CDM" မပြုလုပ်သူများကို ခြိမ်းခြောက်ခြင်း၊ ကျောင်းသား/ ကျောင်းသူများနှင့် ဆရာ/ ဆရာမများအား ကျောင်းမတက်ရန် လှုံ့ဆော်ခြင်း၊ ကျောင်းတက်သူများကို ခြိမ်းခြောက်ခြင်း၊ အကြမ်းဖက်လုပ်ရပ်များကို အားပေးထောက်ခံခြင်း၊ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ရန်အားထုတ်လျက်ရှိခြင်းတို့သည် ၂၀၁၄ ခုနှစ်၊ ဇွန်လ ၄ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်၊ ၂၃ ဖြင့် ပြဋ္ဌာန်းခဲ့သည့် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၁၃)ပါ အများပြည်သူအတွင်း ထိတ်လန့်ကြောက်ရွံ့မှုကို ဖြစ်စေခြင်း၊ အစိုးရ သို့မဟုတ် ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းတစ်ခုခုအား ဥပဒေနှင့်မညီသည့် လုပ်ရပ်တစ်ခုကို အတင်းအကျပ် ပြုလုပ်စေခြင်း သို့မဟုတ် ဥပဒေနှင့်အညီ ပြုလုပ်ရမည်ကို မပြုလုပ်ဘဲ ရှောင်ရှားစေခြင်းတို့ကို ရည်ရွယ်၍ ပြုလုပ်သည့် အကြမ်းဖက်မှုများတွင် အကျုံးဝင်ကြောင်း တွေ့ရှိရပါသည်။

၂။ သို့ပါ၍ မတရားအသင်းအဖြစ် ကြေညာထားသည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (Committee Representing Pyidaungsu Hluttaw – CRPH)၊ ယင်းကဖွဲ့စည်းထားသော အမျိုးသားညီညွတ်ရေးအစိုးရ (National Unity Government – NUG)၊ ယင်းကဖွဲ့စည်းသည့် ပြည်သူ့ကာကွယ်ရေးတပ်မတော် (People Defence Force – PDF)နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းအားလုံးကို အကြမ်းဖက်အုပ်စုများအဖြစ် သတ်မှတ်ကြေညာလိုက်သည်။

ဥက္ကဋ္ဌ

အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့




## မြတ်စေတနာမွန် ငွေစုငွေချေးသမဝါယမအသင်း အရပ်ရပ်ဆိုင်ရာအစည်းအဝေး ကျင်းပ

**ပုသိမ် မေ ၉**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် မြတ်စေတနာမွန်ငွေစုငွေချေး သမဝါယမအသင်းအား အသင်းသားဦးရေ ၂၄၇၆ ဦးဖြင့် ဖွဲ့စည်းထားပြီး ၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ်အတွက် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို မေ ၅ ရက်က အဆိုပါအသင်းရုံးခန်းမ၌ ကျင်းပရာ အသင်းအမှုဆောင်အဖွဲ့မှ အသင်းသားများထံသို့ စုဆောင်းငွေပေါ် အတိုး ငွေကျပ် ၉၄၆ သိန်းကျော်ကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် မေ ၉**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်သည်။

**မိုး/ဇလ**

*စာမျက်နှာ ၆ မှ*

### ဘယ်လိုအသုံးပြုကြမလဲ

ဒီလိုအချိန်မှာ လူမှုကွန်ရက်ကို ဘယ်လိုရည်ရွယ်ချက်နဲ့ ဘယ်လိုအသုံးချမလဲဆိုတာက အရေးကြီးလာပါတယ်။ လူမှုကွန်ရက်အသုံးပြုသူရဲ့ ရည်ရွယ်ချက်၊ အသုံးချပုံနဲ့ ခံယူချက်တွေအလိုက် အကျိုးဆက်တွေက များစွာပြောင်းလဲသွားနိုင်ပါတယ်။

**မြန်မာနိုင်ငံမှာဆိုရင် လူမှုကွန်ရက်ကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုတဲ့ကာလ သက်တမ်းအားဖြင့် ဆယ်စုနှစ်တစ်ခုစာပဲ ရှိပါသေးတယ်။ ဒါပေမယ့် လူမှုကွန်ရက်ရဲ့ အကျိုးဆက်တွေက နက်နဲပြင်းထန်နေပါပြီ။ အကဲဆတ်လွန်းတဲ့ မြန်မာ့နိုင်ငံရေး အပြောင်းအလဲမှာ လူမှုကွန်ရက်ကို အသုံးပြုပြီး ဝါဒဖြန့်တာတွေ၊ သွေးခွဲလှုံ့ဆော်တာတွေ၊ ခြိမ်းခြောက်တာတွေ၊ သတင်းအမှား ထုတ်လွှင့်တာတွေကို မသိမသာတစ်မျိုး၊ သိသိသာသာတစ်မျိုးနဲ့ လုပ်ဆောင်နေကြပါတယ်။ လူမှုကွန်ရက်ပေါ်မှာ အုပ်စုတွေကွဲကြ၊ ပါတီတွေကွဲကြ၊ ဝါဒတွေကွဲကြတာတွေအပြင် မိသားစုအချင်းချင်းအကြား၊ သူငယ်ချင်းမိတ်ဆွေတွေအကြား အချင်းချင်း သွေးကွဲလာကြတာဟာ နိုင်ငံတည်ဆောက်ရေးအတွက် ကောင်းတဲ့အလားအလာ မဟုတ်ပါဘူး။ အပြင်မှာ လူကိုယ်တိုင်တွေ့ရင် မပြောရဲ၊ မဆိုရဲ၊ မလုပ်ရဲတဲ့ အပြောအဆိုတွေ၊ အပြုအမူတွေကို အွန်လိုင်းပေါ်မှာတော့ လုပ်တတ်ကြပါတယ်။**

လူထုမငြိမ်မသက်ဖြစ်အောင်၊ သွေးဆူလာအောင်၊ အကြမ်းဖက်မှုတွေ လုပ်ဆောင်လာအောင် သွေးထိုးမြှောက်ပင့်မှုတွေကို လူမှုကွန်ရက်မှာ မမြင်ချင်အဆုံးပါ။ တစ်ဦးချင်း လုပ်ဆောင်နေတာတွေ၊ အုပ်စုဖွဲ့လုပ်ဆောင်နေတာတွေ၊ သတင်းမီဒီယာအမည်ခံပြီး ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်နေတာတွေကြောင့် ပြည်သူလူထုအတွင်းမှာ အချင်းချင်းသွေးကွဲမှုတွေ၊ ရန်လိုမှုတွေ၊ မယုံကြည်မှုတွေ၊ လက်စားချေမှုတွေ တစ်စထက်တစ်စ တိုးလာတာဟာ နိုင်ငံ့အနာဂတ်ရေးအတွက် ရင်လေးစရာ အန္တရာယ်ပါ။

ဒီလိုဆိုလို့ အမြင်မတူတာ၊ အယူအဆကွဲပြားနိုင်တာ၊ သဘောထားကွဲလွဲတာတွေကို မျက်ကွယ်ပြုလိုတာ မဟုတ်ပါဘူး။ လွတ်လပ်စွာ သဘောကွဲလွဲခွင့်မှာ အမြင်မတူတာနဲ့ ရန်ပြုလိုတာ၊ အယူအဆ မတူတာနဲ့ အစွန်းရောက်တာတွေဟာ ကွဲပြားပါတယ်။ လွတ်လပ်စွာ သဘောကွဲလွဲခွင့်ရှိပေမယ့် လွတ်လပ်စွာ ရန်ပြုခွင့်ကိုတော့ ဘယ်ဒီမိုကရေစီကမှ ခွင့်ပြုမှာမဟုတ်ပါဘူး။

ဒီတော့ အင်တာနက်နဲ့ လူမှုကွန်ရက်တွေကို ဘယ်လိုပုံစံနဲ့ အသုံးပြုမလဲဆိုတာ ချင့်ချိန်စဉ်းစားကြဖို့ လိုပါတယ်။ အဏုမြူစွမ်းအင်ကို ငြိမ်းချမ်းရေးအတွက်၊ လူသားအကျိုးပြုအတွက် အသုံးပြုမယ်ဆိုရင် အဏုမြူဟာ ကောင်းကျိုးပေးပါလိမ့်မယ်။ ဒီလိုမဟုတ်ဘဲ အဏုမြူကို လူတွေကို သတ်ဖြတ်ဖို့၊ စစ်တိုက်ဖို့အတွက် သုံးမယ်ဆိုရင် ဆိုးကျိုးပေးပါလိမ့်မယ်။ လူမှုကွန်ရက်ကို အသုံးပြုရာမှာလည်း ဒီလိုပါပဲ။

လက်ရှိအခြေအနေမှာတော့ လူမှုကွန်ရက်ကိုအသုံးပြုပြီး သတင်းတုသတင်းယောင်တွေနဲ့ ဝါဒဖြန့်ချီပြီး ပြည်သူလူထုကို သွေးကွဲစေနေတာတော့ အမှန်ပါပဲ။ ဝါဒဖြန့်ချီတယ်ဆိုရာမှာ အောင်မြင်တဲ့ ဝါဒဖြန့်ချီတာဖြစ်ဖို့နဲ့ အပြုသဘော ဝါဒဖြန့်ချီတာဖြစ်ဖို့ အမှန်တရားကို အခြေခံဖို့ လိုပါတယ်။ မှန်ကန်တဲ့အချက်အလက်တွေ၊ သတင်းတွေကို ရွေးထုတ် ဝါဒဖြန့်မှသာ ရေရှည်မှာ အောင်မြင်ပါလိမ့်မယ်။ ဒီလိုမဟုတ်ဘဲ မမှန်ကန်တဲ့ သတင်းတွေ၊ မမှန်ကန်တဲ့ အချက်အလက်တွေ ဒါမှမဟုတ် အမှန်နဲ့အမှားရောထားတဲ့ သတင်းတွေကို အသုံးပြုပြီး လိမ်ညာဝါဒဖြန့်မယ်ဆိုရင် ယုံကြည်မှုကျဆင်းပြီး ရေရှည်မှာ ကျဆုံးနိုင်သလို ဘေးထွက်ဆိုးကျိုးလည်း များပါလိမ့်မယ်။

### ချင့်ချိန်လက်ခံရန်လို

**ဝါဒဖြန့်ချိရာမှာ ပစ်မှတ်ဖြစ်တဲ့ လက်ခံသူရဲ့ ချင့်ချိန်လက်ခံနိုင်စွမ်းကလည်း များစွာအရေးကြီးပါတယ်။ ဝါဒဖြန့်နေတဲ့ အချက်အလက်တွေ၊ သတင်းတွေက မှန်သလား၊ မှားသလား၊ သတင်းရင်းမြစ်ရဲ့ ယုံကြည်ရမှု အဆင့်အတန်း၊ ပွင့်လင်းမြင်သာမှုတွေကို လက်ခံသူက ဆန်းစစ်အကဲဖြတ်နိုင်ဖို့လိုပါတယ်။ မှန်ကန်တဲ့သတင်းတွေဆိုရင် အကျိုးရှိနိုင်ပေမယ့် မမှန်ကန်တဲ့သတင်းတွေကို ယုံကြည်မိ၊ လက်ခံမိမယ်ဆိုရင် ကိုယ့်ရဲ့အတွေးတွေ၊ ဆုံးဖြတ်ချက်တွေလည်း မှားနိုင်ပါတယ်။**

တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့အစည်း လုပ်ငန်းတွေမှာဖြစ်စေ ဆုံးဖြတ်ချက်ချတဲ့ လုပ်ငန်းစဉ်ရဲ့ အခြေခံအဆင့်ဖြစ်တဲ့ သတင်းအချက်အလက်စုဆောင်းရာမှာ မှန်ကန်တဲ့သတင်းအချက်အလက်ရဖို့က ဦးစွာ အရေးကြီးပါတယ်။ သတင်းအချက်အလက်မှားရင် သုံးသပ်ချက် မှားမယ်၊ သုံးသပ်ချက်မှားရင် ဆုံးဖြတ်ချက်လည်း မှားသွားပါလိမ့်မယ်။

အထက်မှာဆိုခဲ့သလို သတင်းမှားတွေနဲ့ လှုံ့ဆော်မှုတွေကြောင့် လူထုအတွင်း အချင်းချင်း စိတ်ဝမ်းကွဲနေကြတာကို မြင်တွေ့ရတာတွေဟာ စိတ်မချမ်းမြေ့ဖွယ်ရာပါ။ မှန်ကန်တဲ့ သတင်းနဲ့ အချက်အလက်တွေ၊ အများအကျိုးပြုစာတွေကြောင့် လူမှုကွန်ရက်ဟာ ကောင်းကျိုးတွေ ပေးနိုင်ပေမယ့် မမှန်ကန်တဲ့ ဝါဒဖြန့်တာတွေကြောင့်လည်း မိမိကိုယ်တိုင်အတွက်ရော၊ ပတ်ဝန်းကျင်အတွက်ရော ဆိုးကျိုးတွေပေးနိုင်တာကို သတိချပ် လက်ခံသင့်ပါကြောင်း တိုက်တွန်းလိုပါတယ်။ ။

# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ၊ မသန်စွမ်းသူများနှင့် သက်ကြီးရွယ်အိုများနှင့် လေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့

**ရန်ကုန် မေ ၉**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ၊ မသန်စွမ်းသူများ၊ သက်ကြီးရွယ်အိုများနှင့် လေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ခြင်းအခမ်းအနားကို မေ ၈ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံး၌ ကျင်းပသည်။ **(ယာပုံ)**




အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးလှစိုး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်၊ ရန်ကုန်တိုင်းဒေသကြီး စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ဝင်းမြင့်ခိုင်၊ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီဝင်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် မသန်စွမ်းပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

**ထောက်ပံ့ငွေပေးအပ်**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ယနေ့ အခမ်းအနားတွင် မသန်စွမ်းသူများအတွက် ထောက်ပံ့ငွေပေးအပ်ခြင်းအစီအစဉ် ပါဝင်သည့်အတွက် မိမိတို့ဝန်ကြီးဌာနအနေဖြင့် မသန်စွမ်းသူများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ထားသည့် အခြေအနေများကို အနည်းငယ်ဖြည့်စွက်ရှင်းလင်း တင်ပြလိုပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၁ခုနှစ်၊ ဒီဇင်ဘာ (၇) ရက်တွင် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းအား အဖွဲ့ဝင်နိုင်ငံအဖြစ် လက်မှတ်ရေးထိုးခဲ့ပြီး နိုင်ငံတကာ စံနှုန်းများကို ပြည့်မီစေနိုင်ရန် မသန်စွမ်းသူများအတွက် မသန်စွမ်းသူများ၏ အခွင့်အရေး ဥပဒေကို ၂၀၁၅ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပါကြောင်း၊ ဥပဒေနှင့်အညီ နည်းဥပဒေများ (၂၀၁၇) ကို ရေးဆွဲချမှတ်ခဲ့ပါကြောင်း၊ ယင်းဥပဒေ၊ နည်းဥပဒေများကို ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကော်မတီ၊ လုပ်ငန်းကော်မတီများအပြင် နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် ကော်မတီတို့ကိုလည်း ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းကော်မတီများတွင် ဆက်စပ်ဝန်ကြီးဌာနများအပြင် မသန်စွမ်းမှုဆိုင်ရာ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များကိုလည်း ပါဝင်ဖွဲ့စည်းထားပါကြောင်း၊ မသန်စွမ်းသူများ ရေရှည်ဖွံ့ဖြိုးတိုးတက်ခြင်း၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများက ဖွင့်လှစ်သည့် သင်တန်းများ၊ အများပြည်သူအတွက် ထောက်ပံ့ပေးသည့် ဝန်ဆောင်မှုများ ရရှိခံစားနိုင်ရေးအတွက် မသန်စွမ်းမှုအဆင့် သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများ မှတ်ပုံတင်ခြင်းလုပ်ငန်း စနစ်တစ်ရပ် ပေါ်ထွက်လာစေရေးအတွက် ဆက်စပ်ဌာနဆိုင်ရာ အဖွဲ့အစည်းများ၊ ကုလသမဂ္ဂအေဂျင်စီများ၊ INGO, NGO များ၊ မသန်စွမ်းအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုးနှင့် ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်တို့က အမှာစကား ပြောကြားခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများသို့ ထောက်ပံ့ငွေကျပ် ၇၉၄ ဒသမ ၁၉၉ သန်း၊ အသက် (၈၅) နှစ်နှင့်အထက် သက်ကြီးရွယ်အို ၃၁၇၀၉ ဦးအတွက် လူမှုရေးပင်စင် ထောက်ပံ့ငွေကျပ် ၉၅၁ ဒသမ ၂၇၀ သန်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မသန်စွမ်းသူ ၈၇ ဦးအတွက် ထောက်ပံ့ငွေကျပ် ၂၆ ဒသမ ၁၀ သိန်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း မေ ၆ ရက်နေ့ မွန်းလွဲပိုင်းတွင် လေပြင်းတိုက်ခတ်မှုကြောင့် လေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ငွေကျပ် ၂၂၄ ဒသမ ၆၁၅ သိန်း ထောက်ပံ့ငွေကျပ် စုစုပေါင်း ၁၇၇၀ ဒသမ ၅၄၀ သိန်းကို ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများထံ ထောက်ပံ့ပေးအပ်ပြီး တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဝင်များက ခရိုင်အလိုက် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များထံ အဆိုပါထောက်ပံ့ငွေများကို ဆက်လက်ထောက်ပံ့ပေးအပ်ကြသည်။

**လက်ဝယ်အရောက် ဆက်လက်ထောက်ပံ့**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌတို့သည် လူမှုရေးပင်စင် ထောက်ပံ့ငွေများကို တက်ရောက်လာသည့် အသက် (၈၅) နှစ်နှင့်အထက် ဘိုးဘွားများနှင့် မသန်စွမ်းပုဂ္ဂိုလ်များထံ လက်ဝယ်အရောက် ဆက်လက်ထောက်ပံ့ပေးအပ်ကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ ကိုယ်စား ဂေဟာကော်မတီဥက္ကဋ္ဌ တစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် မရမ်းကုန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်းနှင့် ပါရမီလမ်းထောင့်ရှိ ပြန်လည်ထူထောင်ရေး ဦးစီးဌာန ရန်ကုန် ပြန်လည်ထူထောင်ရေးစခန်းတွင် Drug Rehabilitation Center တည်ဆောက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ရှင်းလင်းပြသပြီး ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က သိရှိလိုသည်များ မေးမြန်းကာ လိုအပ်ချက်များကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

**ဝန်ထမ်းများနှင့် တွေ့ဆုံ**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်း ဦးစီးမှူးရုံး၌ ကျင်းပသည့် ရန်ကုန်မြို့ရှိ လူမှုဝန်ထမ်း ဦးစီးဌာနနှင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနဝန်ထမ်းများနှင့် တွေ့ဆုံပွဲ အခမ်းအနားသို့ တက်ရောက်သည်။

မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ်အတွင်း လူမှုဝန်ထမ်းဦးစီးဌာန လက်အောက်ရှိ ငှက်အော်စမ်းလူငယ် သင်တန်းကျောင်းသို့ ရောက်ရှိခဲ့ရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက သင်တန်းကျောင်းအတွင်း သင်တန်းသားများ နေထိုင်မှု၊ စာပေလေ့လာသင်ကြားနေမှုနှင့် အသက်မွေးဝမ်းကျောင်း သင်တန်းများဖြစ်သည့် ဆိုင်ကယ်ပြင်သင်တန်း၊ တံမြက်စည်းရက်လုပ်မှု သင်တန်း၊ ဆံသသင်တန်းများ သင်ကြားနေမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့ရှိ မင်္ဂလာလူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ ကျောင်းတိုက်ရှိ ဆရာတော် ဦးပညာနန္ဒ အားဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ အဆိုပါ မင်္ဂလာလူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာအတွက် ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ဝန်ကြီးဌာန၏ ထောက်ပံ့မှုဖြင့် စုစုပေါင်း ထောက်ပံ့ငွေကျပ် ၅၆၀ ဒသမ ၇၃ သိန်းကို ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ဆရာတော် ဦးပညာနန္ဒထံ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြို့နယ်အချို့၌ လက်နက်ကိုင်ဆောင်လိုခြင်းမရှိသည့် ပြည်သူလူထုမှ လက်လုပ်သေနတ်နှင့် တူမီးသေနတ်များ အုပ်ချုပ်ရေးတာဝန်ရှိသူများမှတစ်ဆင့် လုံခြုံရေးတပ်ဖွဲ့ဝင်များထံ လာရောက်အပ်နှံ

**နေပြည်တော် မေ ၉**

တိုင်းဒေသကြီး၊ ပြည်နယ်များရှိ မြို့နယ်အချို့၌ လက်နက်ကိုင်ဆောင်လိုခြင်းမရှိဘဲ အေးချမ်းစွာ နေထိုင်လိုသည့် ပြည်သူလူထုကင်းတို့၏ သဘောဆန္ဒအလျောက် လက်လုပ်သေနတ်နှင့် တူမီးသေနတ်များအား အုပ်ချုပ်ရေးတာဝန်ရှိသူများမှတစ်ဆင့် တပ်ဖွဲ့ဝင်များထံ လာရောက်အပ်နှံလျက်ရှိကြောင်း သိရသည်။

ထိုသို့အပ်နှံရာ မေ ၈ ရက်နှင့် ယနေ့တို့တွင် ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ နောင်လေကျေးရွာအုပ်စုမှ တူမီးသေနတ် ခြောက်လက်နှင့် လေသေနတ် သုံးလက်တို့ကိုလည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်နှင့် ရေဖြူမြို့နယ်တို့မှ တူမီးသေနတ် ၈၈ လက်နှင့် လက်လုပ်သေနတ် တစ်လက်ကို လည်းကောင်း၊ မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ်၊ မကျီးစင်ကျေးရွာမှ လက်လုပ်လေသေနတ် နှစ်လက်ကိုလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့နယ်အတွင်းရှိ ကျေးရွာများမှ တူမီးသေနတ် ၂၉ လက်နှင့် လက်လုပ်လေသေနတ် ၁၆ လက်တို့ကိုလည်းကောင်း၊ တမူးမြို့နယ်အတွင်းရှိ ကျေးရွာများမှ လက်လုပ်ဂက်စ်သေနတ် ကိုးလက်ကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် မိုးကောင်းကျေးရွာမှ လက်လုပ်သေနတ် တစ်လက်ကိုလည်းကောင်း ကျေးရွာအုပ်ချုပ်ရေးတာဝန်ရှိသူများမှတစ်ဆင့် လုံခြုံရေးတပ်ဖွဲ့ဝင်များထံ လာရောက်အပ်နှံခဲ့ကြောင်း သိရသည်။

ထိုကဲ့သို့လက်နက်ကိုင်ဆောင်လိုခြင်းမရှိသည့် ပြည်သူလူထုမှ လာရောက်အပ်နှံသော လက်လုပ်သေနတ်နှင့် တူမီးသေနတ်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်ခံရယူခဲ့ပြီး စနစ်တကျသိမ်းဆည်းထားရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ပြည်သူများ လာရောက်အပ်နှံထားသည့် လက်လုပ်သေနတ်နှင့် တူမီးသေနတ်များကို တွေ့ရစဉ်။

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင် နေပြည်တော် ဇေယျာသီရိမြို့နယ်အတွင်းရှိ တိရစ္ဆာန်ဥယျာဉ်၊ ရွှေကျပျိုးဥယျာဉ်နှင့် သစ်တောသုတေသနဌာနရှိ လုပ်ငန်းဆောင်ရွက်ချက်များ ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၉

နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ မြို့တော်ဝန် ဒေါက်တာမောင်မောင်နိုင်သည် နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်း၊ ဦးမြင့်စိုးတို့နှင့်အတူ ယနေ့နံနက်ပိုင်းက နေပြည်တော် ဇေယျာသီရိမြို့နယ်အတွင်းရှိ တိရစ္ဆာန်ဥယျာဉ်၊ ရွှေကျပျိုးဥယျာဉ်နှင့် သစ်တောသုတေသနဌာနရှိ လုပ်ငန်းဆောင်ရွက်ချက်များကို ကြည့်ရှုစစ်ဆေးသည်။

**ဆွေးနွေးတင်ပြ**

ရှေးဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့အား ဇေယျာသီရိမြို့နယ် တိရစ္ဆာန်ဥယျာဉ် ရှင်းလင်းဆောင်တွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန တိရစ္ဆာန်ဥယျာဉ်များဌာန ညွှန်ကြားရေးမှူး ဦးပြည့်စုံမျိုးက တိရစ္ဆာန်ဥယျာဉ်များဌာန၏သမိုင်းကြောင်း၊ နေပြည်တော် တိရစ္ဆာန်ဥယျာဉ်၊ ဆာဖာရီဥယျာဉ်နှင့် နက္ခတ်တာရာပြခန်းများ တည်ဆောက်ထားရှိမှု၊ တိရစ္ဆာန်အမျိုးအစားများ ပြသထားရှိမှုနှင့် ဝန်ကြီးဌာနမှ ထူးကုမ္ပဏီများအုပ်စုသို့ ငှားရမ်းလုပ်ကိုင်ခွင့်ပြုထားရှိမှုနှင့် လက်ရှိလုပ်ငန်း ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ နေပြည်တော်ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန တာဝန်ခံ ဒေါက်တာသန်းဇော်က နေပြည်တော်အတွင်း ဟိုတယ်နှင့် ခရီးသွားလာမှုများ၊ ခရီးသွား ဧည့်သည်ဝင်ရောက်မှုနှင့် ခရီးသွားကဏ္ဍမှ ဝင်ငွေရရှိမှု၊ ခရီးသွား ပြည်သူများအတွက် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေစဉ်ကာလအတွင်း ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့် အညီ ဝန်ဆောင်မှုပေးသည့်အခြေအနေ၊ နေပြည်တော်အတွင်းရှိ ခရီးစဉ်ဒေသများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်နေမှု၊ ခရီးစဉ်ဒေသများ အဆင့်မြှင့်တင်နိုင်ရေးနှင့် ခရီးသွားပြည်သူများ လာရောက် အပန်းဖြေလည်ပတ်နိုင်စေရေးအတွက် ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက် ပေးစေလိုမှုများကိုလည်းကောင်း ဆွေးနွေးတင်ပြကြသည်။ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အခြားနိုင်ငံများရှိ တိရစ္ဆာန်ဥယျာဉ်များနှင့် နှိုင်းယှဉ်၍ မိမိနိုင်ငံရှိ တိရစ္ဆာန်ဥယျာဉ်များ ပိုမိုတိုးတက်စေရေး၊ ခရီးသွားလုပ်ငန်း ပိုမိုတိုးတက်စေရေးအတွက် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ စည်းကမ်းချက်များနှင့် အညီ ဆောင်ရွက်ရန်စသည့် လိုအပ်သည်များ မှာကြားခဲ့ပြီး တိရစ္ဆာန်ဥယျာဉ်နှင့် နက္ခတ်တာရာပြခန်းများအား လှည့်လည် ကြည့်ရှုစစ်ဆေးသည်။ (ယာပုံ)



ထို့နောက်တစ်ဆင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် ဇေယျာသီရိမြို့နယ် ရွှေကျကျေးရွာရှိ နေပြည်တော်သစ်တောဦးစီးဌာန ပျိုးဥယျာဉ်သို့ ကွင်းဆင်းကြည့်ရှုရာ နေပြည်တော် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းမော်က ပျိုးပင်များစိုက်ပျိုးထုတ်လုပ်မှုနှင့် ပျိုးဥယျာဉ်အတွင်း ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

**လိုအပ်ချက်များ မှာကြား**

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် ဇေယျာသီရိမြို့နယ်ရှိ သစ်တောသုတေသနဌာန အစည်းအဝေးခန်းမတွင် သစ်တောသုတေသနဌာန ညွှန်ကြားရေးမှူး ဦးတင်သန်းမျိုးက ဌာန၏ သမိုင်းကြောင်း၊ မျှော်မှန်းချက်၊ ရည်ရွယ်ချက်များ၊ ဖွဲ့စည်းပုံများ၊ လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြရာ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌက သုတေသန ပြုလုပ်ထားရှိမှုကို လက်တွေ့ အသုံးချနိုင်စေရေး၊ အရည်အသွေး ကောင်းမွန်သောထွက်ကုန်များ ထွက်ရှိစေရေး လိုအပ်ချက်များ မှာကြားခဲ့ပြီး သစ်တောသုတေသန ဌာန ဆေးဖက်ဝင်ဥယျာဉ်ရှိ သုတေသနလုပ်ငန်းနှင့် ရေအသုံးချရေးဌာနခွဲ၏ ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**အေးလင်းထွန်း (ပြန်/ဆက်)**

# ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း ရန်ကုန်တိုင်းဒေသကြီး မြန်မာ့စီးပွားရေးဘဏ်မှ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်ဘဏ်ခွဲမန်နေဂျာများနှင့် လုပ်ငန်းညှိနှိုင်းဆွေးနွေး

ရန်ကုန် မေ ၉

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းသည် မေ ၈ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီးရှိ မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်ရုံးတို့မှ ဌာနအကြီးအကဲများ၊ မြန်မာ့စီးပွားရေးဘဏ် တိုင်းဒေသကြီးမန်နေဂျာ၊ ခရိုင်ဘဏ်ခွဲမန်နေဂျာများနှင့် မြို့နယ်ဘဏ်ခွဲမန်နေဂျာများအား တွေ့ဆုံ၍ ဘဏ်လုပ်ငန်းဝန်ဆောင်မှုဆိုင်ရာ ကိစ္စရပ်များကို မှာကြားသည်။

**အခက်အခဲများကို တင်ပြ**

တွေ့ဆုံစဉ် ရန်ကုန်မြို့ မြန်မာ့စီးပွားရေးဘဏ်၊ ခရိုင်နှင့် မြို့နယ်ဘဏ်ခွဲမန်နေဂျာများက ဘဏ်ခွဲတစ်ခုချင်းအလိုက် ငွေသွင်း/ငွေထုတ်အခြေအနေများ၊ နိုင်ငံ့ဝန်ထမ်း အငြိမ်းစားများ၏ လစဉ်ပင်စင်လစာထုတ်ပေးနေမှု၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ လမ်းညွှန်ချက်နှင့်အညီ ငွေသားထုတ်ပေးရေး စီစဉ်ဆောင်ရွက်နေမှု၊ ATM စက်များ၏ ငွေကြေးဝန်ဆောင်မှုပေးနေသည့် အခြေအနေများနှင့် ကြုံတွေ့နေရသည့် အခက်အခဲများကို တင်ပြဆွေးနွေးကြသည်။ တင်ပြချက်များအပေါ် မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူးနှင့် အထွေထွေမန်နေဂျာတို့က ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

**နည်းလမ်းများ ရှာဖွေဆောင်ရွက်**

ထို့နောက် ဒုတိယဝန်ကြီးက တင်ပြချက်များနှင့် စပ်လျဉ်း၍ မြန်မာ့စီးပွားရေးဘဏ်သည် နိုင်ငံတော်ပိုင် ကူးသန်းရောင်းဝယ်ရေးဘဏ်ကြီးဖြစ်ပြီး အစိုးရအပ်ငွေစာရင်းထိန်းသိမ်းခြင်း၊ အများပြည်သူများ၏ အပ်ငွေနှင့် ငွေလွှဲဝန်ဆောင်မှုများ ဆောင်ရွက်ပေးနေခြင်းအပြင် အငြိမ်းစားဝန်ထမ်းများ၏ ပင်စင်လစာထုတ်ပေးမှုများကိုလည်း ပုံမှန်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်ဘဏ်လုပ်ငန်း ကဏ္ဍတွင် ငွေကြေး ပုံမှန်လှည့်ပတ်စီးဆင်းမှု အဆင်ပြေချောမွေ့စေရေးအတွက် မြန်မာနိုင်ငံတော် ဗဟိုဘဏ်၏ ညွှန်ကြားချက်နှင့်အညီ အပ်ငွေလက်ခံခြင်းနှင့် ငွေသားထုတ်ပေးမှုများကို တိကျစွာလိုက်နာဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ATM စက်များ၏ ငွေကြေးဝန်ဆောင်မှုများကို တိုးမြှင့်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ မိုဘိုင်းငွေကြေးဝန်ဆောင်မှုများကို အများပြည်သူမှ အဆင်ပြေစွာ သုံးစွဲနိုင်ရေး ဆောင်ရွက်ပေးရန် လိုအပ်ကြောင်းနှင့် လက်ရှိအခြေအနေတွင် တွေ့ကြုံနေရသည့် အခက်အခဲများကို သုံးသပ်၍ အများပြည်သူအတွက် ငွေကြေးဝန်ဆောင်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ရှာဖွေဆောင်ရွက်ပေးရန် လိုအပ်ကြောင်း မှာကြားသည်။



ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း ရန်ကုန်တိုင်းဒေသကြီး မြန်မာ့စီးပွားရေးဘဏ်မှ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်ဘဏ်ခွဲမန်နေဂျာများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပစဉ်။

ဆွေးနွေးပွဲသို့ မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်ရုံးတို့မှ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ အထွေထွေမန်နေဂျာများ၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်ဘဏ်ခွဲမန်နေဂျာများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## အ ဓိ က

- နုနယ်ပျိုမျစ် ထုဆစ်လွယ်ကူ ငယ်သူအများ သမီးသားတို့ သင်ယူဖို့သာ အဓိက။
- နွေးထွေးစံဖြစ် အသစ်မဟူ ကြည်ဖြူသနား ဆရာများတို့ သင်ကြားဖို့သာ အဓိက။
- နှိုင်းယှဉ်မဖြစ် အချစ်ရည်တူ ပြုစုမထား မိဘအားမို့ ဖြည့်ဆည်းဖို့သာ အဓိက။

မောင်ချစ်ဝိုင်း (သစ္စာမြိုင်)

# သက်ရှိလောကတည်မြဲဖို့ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့

◆ *ကျော့ဖုံးမှ*

မြို့နယ်အလိုက် စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

## မြို့နယ်အလိုက် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်

| စဉ် | မြို့နယ် | မဲရုံပေါင်း | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | ချောင်းဆုံမြို့နယ် | ၇၅ | ၁၄၇၉၉၄ | ၇၃၂၀၇ | ၇၄၇၈၇ | ၇၄၇၆၂ | ၁၀၅၉ | ၁၀၃၄ |
| ၂ | သံဖြူဇရပ်မြို့နယ် | ၇၄ | ၁၆၅၉၉၄ | ၈၀၃၀၅ | ၈၅၆၈၉ | ၈၅၁၉၆ | ၂၅၅၃ | ၂၀၆၀ |
| | စုစုပေါင်း | ၁၄၉ | ၃၁၃၉၈၈ | ၁၅၃၅၁၂ | ၁၆၀၄၇၆ | ၁၅၉၉၅၈ | ၃၆၁၂ | ၃၀၉၄ |

## ချောင်းဆုံမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်

၅။ မြေပြင်စစ်ဆေးချက်များအရ မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်တွင် ရပ်ကွက် ၃ ရပ်ကွက်၊ ကျေးရွာအုပ်စု ၄၃ အုပ်စု၊ မဲရုံပေါင်း ၇၅ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၁၄၇၉၉၄ ဖြစ်ပြီး၊ မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၇၃၂၀၇၊ ကျန်ရှိရမည့် အရေအတွက်မှာ ၇၄၇၈၇ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၇၄၇၆၂ ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ မဲရုံအလိုက် မဲလက်မှတ်အပိုများနှင့် ပျောက်ဆုံးမှုများ တွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | အကြောင်းအရာ | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၁၄၂၆၅၀ | ၇၂၂၂၂ | ၇၀၄၂၈ | ၆၉၄၈၆ | ၁၀၅၉ | ၁၁၇ |
| ၂ | မြို့နယ်မဲလက်မှတ် | ၅၃၄၄ | ၉၈၅ | ၄၃၅၉ | ၅၂၇၆ | | ၉၁၇ |
| | စုစုပေါင်း | ၁၄၇၉၉၄ | ၇၃၂၀၇ | ၇၄၇၈၇ | ၇၄၇၆၂ | ၁၀၅၉ | ၁၀၃၄ |

၆။ ချောင်းဆုံမြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စု ၉ အုပ်စုရှိ မဲရုံများတွင် မဲလက်မှတ်အရေအတွက် ၁၀၅၉ ပျောက်ဆုံးနေပြီး ရပ်ကွက်/ကျေးရွာအုပ်စု ၄ အုပ်စုရှိ မဲရုံများတွင် မဲလက်မှတ်အရေအတွက် ၁၁၇ ပိုမိုနေသည်ကို စိစစ်တွေ့ရှိရပါသည်။ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် ကျန်ရှိရမည့် မဲလက်မှတ်အရေအတွက် ၄၃၅၉ ဖြစ်သော်လည်း မြေပြင်တွင် ၅၂၇၆ ကျန်ရှိနေသဖြင့် မဲလက်မှတ် ၉၁၇ ပိုနေသည်ကို စိစစ်တွေ့ရှိရပါသည်။

၇။ ချောင်းဆုံမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | မဲရုံပေါင်း | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | ချောင်းဆုံအရှေ့ရပ်ကွက် | ၂ | ၃၁၀၀ | ၁၆၆၉ | ၁၄၃၁ | ၁၄၃၄ | | ၃ |
| ၂ | ချောင်းဆုံအနောက်ရပ်ကွက် | ၂ | ၃၅၀၀ | ၁၉၀၇ | ၁၅၉၃ | ၁၅၉၃ | | |
| ၃ | တိုးချဲ့ရပ်ကွက် | ၁ | ၂၃၀၀ | ၁၁၅၁ | ၁၁၄၉ | ၁၁၉၉ | | ၅၀ |
| ၄ | မုရစ်ကြီးကျေးရွာအုပ်စု | ၂ | ၃၄၀၀ | ၁၅၇၇ | ၁၈၂၃ | ၁၄၇၃ | ၃၅၀ | |
| ၅ | ကရင်ဝင်းစိန်ကျေးရွာအုပ်စု | ၁ | ၂၉၀၀ | ၁၀၂၂ | ၁၈၇၈ | ၁၄၇၈ | ၄၀၀ | |
| ၆ | စော်ကဲကျေးရွာအုပ်စု | ၁ | ၁၆၅၀ | ၈၆၇ | ၇၈၃ | ၇၈၃ | | |
| ၇ | မုကွဲကျေးရွာအုပ်စု | ၁ | ၁၇၅၀ | ၁၀၄၁ | ၇၀၉ | ၇၀၉ | | |
| ၈ | ကမနင်းကျေးရွာအုပ်စု | ၁ | ၂၄၀၀ | ၁၂၅၂ | ၁၁၄၈ | ၁၁၄၈ | | |
| ၉ | ကလော့ကျေးရွာအုပ်စု | ၂ | ၄၂၀၀ | ၂၀၀၇ | ၂၁၉၃ | ၂၁၉၃ | | |
| ၁၀ | နီးမုတ်ကျေးရွာအုပ်စု | ၂ | ၃၇၀၀ | ၁၉၃၉ | ၁၇၆၁ | ၁၇၆၁ | | |
| ၁၁ | တော်ပွန်ကျေးရွာအုပ်စု | ၁ | ၅၀၀ | ၃၀၃ | ၁၉၇ | ၁၉၇ | | |
| ၁၂ | ဇီးကုန်းကျေးရွာအုပ်စု | ၁ | ၈၀၀ | ၄၂၃ | ၃၇၇ | ၃၇၇ | | |
| ၁၃ | ခရိုက်သစ်ကျေးရွာအုပ်စု | ၁ | ၁၈၀၀ | ၉၅၅ | ၈၄၅ | ၈၄၅ | | |
| ၁၄ | ကွမ်းသဲကျေးရွာအုပ်စု | ၂ | ၄၂၅၀ | ၂၂၀၅ | ၂၀၄၅ | ၂၀၄၅ | | |
| ၁၅ | ဟသ်ာကျွန်းကျေးရွာအုပ်စု | ၂ | ၈၀၀ | ၃၄၇ | ၄၅၃ | ၄၅၃ | | |
| ၁၆ | ကုလားဘီကျေးရွာအုပ်စု | ၁ | ၉၅၀ | ၅၇၇ | ၃၇၃ | ၃၇၃ | | |
| ၁၇ | မရမ်းကျေးရွာအုပ်စု | ၁ | ၃၁၀၀ | ၁၆၆၄ | ၁၄၃၆ | ၁၄၃၆ | | |
| ၁၈ | ဝယ်လမ်းကျေးရွာအုပ်စု | ၁ | ၁၀၅၀ | ၆၂၅ | ၄၂၅ | ၄၂၅ | | |
| ၁၉ | မုရစ်ကလေးကျေးရွာအုပ်စု | ၃ | ၇၅၀၀ | ၄၃၉၁ | ၃၁၀၉ | ၃၀၅၉ | ၅၀ | |
| ၂၀ | ကော့ကဒိုက်ကျေးရွာအုပ်စု | ၁ | ၁၂၀၀ | ၆၁၆ | ၅၈၄ | ၅၈၄ | | |
| ၂၁ | အဘစ်ကျေးရွာအုပ်စု | ၁ | ၁၇၀၀ | ၈၃၄ | ၈၆၆ | ၈၆၆ | | |
| ၂၂ | ကွမ်လှာကျေးရွာအုပ်စု | ၁ | ၃၀၀၀ | ၁၅၉၈ | ၁၄၀၂ | ၁၄၀၂ | | |
| ၂၃ | ကမာကေးကျေးရွာအုပ်စု | ၂ | ၄၄၀၀ | ၂၃၀၄ | ၂၀၉၆ | ၂၀၉၆ | | |
| ၂၄ | ခရိုက်နီးဟုကျေးရွာအုပ်စု | ၂ | ၂၅၀၀ | ၁၂၄၂ | ၁၂၅၈ | ၁၂၅၈ | | |
| ၂၅ | ခရိုက်ဒူးကျေးရွာအုပ်စု | ၁ | ၁၇၀၀ | ၉၆၉ | ၇၃၁ | ၇၃၁ | | |
| ၂၆ | ဆယ်ပလာကျေးရွာအုပ်စု | ၁ | ၁၄၅၀ | ၇၀၈ | ၇၄၂ | ၇၄၂ | | |
| ၂၇ | ဖံဖကျေးရွာအုပ်စု | ၁ | ၂၇၀၀ | ၁၄၁၃ | ၁၂၈၇ | ၁၂၈၇ | | |
| ၂၈ | တကူပတီကျေးရွာအုပ်စု | ၁ | ၁၃၅၀ | ၈၁၂ | ၅၃၈ | ၅၃၈ | | |
| ၂၉ | ကုလားတို့ကျေးရွာအုပ်စု | ၁ | ၂၇၅၀ | ၁၄၃၉ | ၁၃၁၁ | ၁၃၁၅ | | ၄ |
| ၃၀ | ရွာလွတ်ကျေးရွာအုပ်စု | ၃ | ၆၆၀၀ | ၃၅၈၉ | ၃၀၁၁ | ၂၉၆၁ | ၅၀ | |
| ၃၁ | ညောင်လမ်းကျေးရွာအုပ်စု | ၁ | ၂၂၀၀ | ၁၁၉၂ | ၁၀၀၈ | ၁၀၀၈ | | |
| ၃၂ | တော်ကနာကျေးရွာအုပ်စု | ၁ | ၂၀၀၀ | ၁၀၆၂ | ၉၃၈ | ၉၃၈ | | |
| ၃၃ | ကွမ်ရိုက်ကျေးရွာအုပ်စု | ၃ | ၆၇၅၀ | ၃၆၀၉ | ၃၁၄၁ | ၃၀၉၁ | ၅၀ | |
| ၃၄ | ကမာမိုကျေးရွာအုပ်စု | ၃ | ၆၄၅၀ | ၂၆၉၈ | ၃၇၅၂ | ၃၇၀၂ | ၅၀ | |
| ၃၅ | ဒေါင်းဥကျေးရွာအုပ်စု | ၁ | ၃၀၀၀ | ၁၄၈၅ | ၁၅၁၅ | ၁၅၁၅ | | |
| ၃၆ | တောင်စွန်းကျေးရွာအုပ်စု | ၂ | ၃၄၅၀ | ၁၃၇၁ | ၂၀၇၉ | ၂၀၂၉ | ၅၀ | |
| ၃၇ | ကလွီကျေးရွာအုပ်စု | ၂ | ၃၇၅၀ | ၁၈၂၀ | ၁၉၃၀ | ၁၉၃၀ | | |
| ၃၈ | ဒရယ်ကျေးရွာအုပ်စု | ၂ | ၄၅၅၀ | ၂၁၈၈ | ၂၃၆၂ | ၂၄၂၂ | | ၆၀ |
| ၃၉ | မုဒူးကျေးရွာအုပ်စု | ၃ | ၆၄၀၀ | ၂၉၈၅ | ၃၄၁၅ | ၃၃၇၉ | ၃၆ | |
| ၄၀ | ဒေါင်းရပ်အရှေ့ကျေးရွာအုပ်စု | ၁ | ၁၃၅၀ | ၆၅၀ | ၇၀၀ | ၇၀၀ | | |
| ၄၁ | ဒေါင်းရပ်အနောက်ကျေးရွာအုပ်စု | ၁ | ၁၉၀၀ | ၁၀၅၄ | ၈၄၆ | ၈၄၆ | | |
| ၄၂ | ကညောင်ကျေးရွာအုပ်စု | ၄ | ၇၉၀၀ | ၃၄၇၁ | ၄၄၂၉ | ၄၄၀၆ | ၂၃ | |
| ၄၃ | ကော့မုပွန်ကျေးရွာအုပ်စု | ၂ | ၂၄၅၀ | ၁၅၆၂ | ၈၈၈ | ၈၈၈ | | |
| ၄၄ | သကြော့ကျေးရွာအုပ်စု | ၃ | ၆၂၅၀ | ၂၈၄၂ | ၃၄၀၈ | ၃၄၀၈ | | |
| ၄၅ | ဘိုးနက်ကျေးရွာအုပ်စု | ၁ | ၂၇၅၀ | ၁၅၁၆ | ၁၂၃၄ | ၁၂၃၄ | | |
| ၄၆ | နတ်မှော်ကျေးရွာအုပ်စု | ၂ | ၂၅၀၀ | ၁၂၇၁ | ၁၂၂၉ | ၁၂၂၉ | | |
| | ရပ်/ကျေးချုပ်စုစုပေါင်း | ၇၅ | ၁၄၂၆၅၀ | ၇၂၂၂၂ | ၇၀၄၂၈ | ၆၉၄၈၆ | ၁၀၅၉ | ၁၁၇ |
| | မြို့နယ်လက်ကျန်မဲလက်မှတ် | | ၅၃၄၄ | ၉၈၅ | ၄၃၅၉ | ၅၂၇၆ | | ၉၁၇ |
| | မြို့နယ်ချုပ်စုစုပေါင်း | ၇၅ | ၁၄၇၉၉၄ | ၇၃၂၀၇ | ၇၄၇၈၇ | ၇၄၇၆၂ | ၁၀၅၉ | ၁၀၃၄ |

## သံဖြူဇရပ်မြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်

၈။ မြေပြင်စစ်ဆေးချက်များအရ မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်တွင် ရပ်ကွက် ၁၆ ရပ်ကွက်၊ ကျေးရွာအုပ်စု ၂၅ အုပ်စု၊ မဲရုံပေါင်း ၇၄ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၁၆၅၉၉၄ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၈၀၃၀၅၊ ကျန်ရှိရမည့် အရေအတွက်မှာ ၈၅၆၈၉ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၈၅၁၉၆ ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ မဲရုံအလိုက် မဲလက်မှတ်အပိုများနှင့် ပျောက်ဆုံးမှုများ တွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | အကြောင်းအရာ | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၁၅၅၉၅၀ | ၇၈၈၀၁ | ၇၇၁၄၉ | ၇၅၃၂၅ | ၂၄၈၄ | ၆၆၀ |
| ၂ | ရပ်/ကျေးမှသီးခြားအပ်နှံ | | | | ၁၄၀၀ | | ၁၄၀၀ |
| ၃ | မြို့နယ်မဲလက်မှတ် | ၁၀၀၄၄ | ၁၅၀၄ | ၈၅၄၀ | ၈၄၇၁ | ၆၉ | |
| | စုစုပေါင်း | ၁၆၅၉၉၄ | ၈၀၃၀၅ | ၈၅၆၈၉ | ၈၅၁၉၆ | ၂၅၅၃ | ၂၀၆၀ |

၉။ သံဖြူဇရပ်မြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စု ၁၁ အုပ်စုရှိ မဲရုံများတွင် မဲလက်မှတ်အရေအတွက် ၂၄၈၄ ပျောက်ဆုံးနေပြီး ရပ်ကွက်/ကျေးရွာအုပ်စု ၇ အုပ်စုရှိ မဲရုံများတွင် မဲလက်မှတ်အရေအတွက် ၆၆၀ ပိုနေသည်ကို စိစစ်တွေ့ရှိရပါသည်။ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် ကျန်ရှိရမည့် မဲလက်မှတ်အရေအတွက် ၈၅၄၀ ဖြစ်သော်လည်း မြေပြင်တွင် ၈၄၇၁ ကျန်ရှိနေသဖြင့် မဲလက်မှတ် ၆၉ စောင် ပျောက်ဆုံးနေကြောင်း စိစစ်တွေ့ရှိရပါသည်။

၁၀။ မြေပြင်စစ်ဆေးတွေ့ရှိချက်အရ ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် မဲရုံအချို့သည် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခြင်းမရှိဘဲ လက်ကျန်မဲလက်မှတ်များကို ရွေးကောက်ပွဲကျင်းပပြီးနောက်ပိုင်းမှသာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ ပြန်လည်အပ်နှံထားရှိကြောင်း စိစစ်တွေ့ရှိရပါသည်။

*စာမျက်နှာ ၁၁ သို့*

*စာမျက်နှာ ၁၀ မှ*



ချောင်းဆုံမြို့နယ် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံ။



သံဖြူဇရပ်မြို့နယ် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံ။

၁၁။ သံဖြူဇရပ်မြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| စဉ် | ရပ်ကွက်/ ကျေးရွာအုပ်စု | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | ကြာကန်ရပ်ကွက် | ၂ | ၃၅၅၀ | ၂၂၄၅ | ၁၃၀၅ | ၁၂၆၀ | ၄၅ | |
| ၂ | အောင်ချမ်းသာရပ်ကွက် | ၁ | ၂၁၅၀ | ၁၃၀၉ | ၈၄၁ | ၈၄၁ | | |
| ၃ | စက်သစ်ရပ်ကွက် | ၁ | ၃၄၅၀ | ၂၀၆၃ | ၁၃၈၇ | ၁၃၃၇ | ၅၀ | |
| ၄ | ကြံခိုင်ရေးရပ်ကွက် | ၃ | ၆၆၅၀ | ၃၈၀၁ | ၂၈၄၉ | ၂၇၄၉ | ၁၀၀ | |
| ၅ | ကျောင်းပိုင်းရပ်ကွက် | ၁ | ၂၄၀၀ | ၁၄၄၂ | ၉၅၈ | ၁၀၀၈ | | ၅၀ |
| ၆ | ဖောင်စိန်ရပ်ကွက် | ၂ | ၂၉၅၀ | ၁၄၀၈ | ၁၅၄၂ | ၁၅၄၂ | | |
| ၇ | ဓမ္မစေတီရပ်ကွက် | ၁ | ၁၇၅၀ | ၁၀၁၂ | ၇၃၈ | ၆၉၈ | ၄၀ | |
| ၈ | အောင်ပင်လယ်ရပ်ကွက် | ၁ | ၂၉၅၀ | ၁၅၄၂ | ၁၄၀၈ | ၁၄၀၈ | | |
| ၉ | မြို့မဈေးရပ်ကွက် | ၁ | ၃၁၀၀ | ၁၉၄၅ | ၁၁၅၅ | ၁၁၅၅ | | |
| ၁၀ | အောင်သုခရပ်ကွက် | ၃ | ၇၇၅၀ | ၄၂၈၇ | ၃၄၆၃ | ၃၅၁၃ | | ၅၀ |
| ၁၁ | ရန်အောင်မြေရပ်ကွက် | ၁ | ၁၆၀၀ | ၇၄၇ | ၈၅၃ | ၈၅၃ | | |
| ၁၂ | မန်းရတနာရပ်ကွက် | ၁ | ၆၀၀ | ၃၃၅ | ၂၆၅ | ၂၆၅ | | |
| ၁၃ | မြမာလာကျေးရွာအုပ်စု | ၁ | ၁၉၅၀ | ၁၀၃၈ | ၉၁၂ | ၉၁၂ | | |
| ၁၄ | နှစ်ကိုင်းကျေးရွာအုပ်စု | ၂ | ၄၆၀၀ | ၂၂၉၃ | ၂၃၀၇ | ၂၃၀၇ | | |
| ၁၅ | ဆင်တောင်ကျေးရွာအုပ်စု | ၁ | ၂၀၅၀ | ၈၅၉ | ၁၁၉၁ | ၁၁၉၁ | | |
| ၁၆ | ကရင်သောင်ကျေးရွာအုပ်စု | ၂ | ၃၉၅၀ | ၂၀၆၆ | ၁၈၈၄ | ၁၆၈၄ | ၂၀၀ | |
| ၁၇ | ပဒါင်ကျေးရွာအုပ်စု | ၁ | ၁၅၅၀ | ၇၆၈ | ၇၈၂ | ၇၈၂ | | |
| ၁၈ | ကွမ်းသတ်ကျေးရွာအုပ်စု | ၁ | ၂၁၅၀ | ၁၁၅၂ | ၉၉၈ | ၉၉၈ | | |
| ၁၉ | ကျုံကဒါတ်ကျေးရွာအုပ်စု | ၃ | ၆၄၀၀ | ၃၆၇၃ | ၂၇၂၇ | ၂၇၂၇ | | |
| ၂၀ | စက်စဲကျေးရွာအုပ်စု | ၃ | ၆၅၀၀ | ၃၇၇၁ | ၂၇၂၉ | ၂၆၇၉ | ၅၀ | |
| ၂၁ | တောင်ဖလုကျေးရွာအုပ်စု | ၁ | ၂၁၀၀ | ၁၀၁၀ | ၁၀၉၀ | ၁၁၄၀ | | ၅၀ |
| ၂၂ | ဝါခရုကျေးရွာအုပ်စု | ၂ | ၅၂၅၀ | ၂၂၃၅ | ၃၀၁၅ | ၂၇၁၅ | ၃၀၀ | |
| ၂၃ | ဝဲကဝါကျေးရွာအုပ်စု | ၂ | ၂၆၀၀ | ၁၃၁၈ | ၁၂၈၂ | ၁၂၃၂ | ၅၀ | |
| ၂၄ | အောင်မင်္ဂလာရပ်ကွက် | ၁ | ၂၃၅၀ | ၁၄၂၅ | ၉၂၅ | ၃၂၅ | ၆၀၀ | |
| ၂၅ | ဟံသာဝတီရပ်ကွက် | ၁ | ၂၂၀၀ | ၁၁၃၃ | ၁၀၆၇ | ၁၀၆၇ | | |
| ၂၆ | အောင်ဇေယျရပ်ကွက် | ၂ | ၄၅၀၀ | ၂၆၅၂ | ၁၈၄၈ | ၁၈၄၈ | | |
| ၂၇ | အောင်သာယာရပ်ကွက် | ၂ | ၅၈၅၀ | ၁၈၂၉ | ၄၀၂၁ | ၃၆၇၁ | ၃၅၀ | |
| ၂၈ | ကျုံကရုတ်ကျေးရွာအုပ်စု | ၁ | ၁၅၅၀ | ၈၃၆ | ၇၁၄ | ၇၁၄ | | |
| ၂၉ | ပငကျေးရွာအုပ်စု | ၅ | ၁၄၆၅၀ | ၇၀၀၂ | ၇၆၄၈ | ၆၉၄၉ | ၆၉၉ | |
| ၃၀ | ဝဲရက်ကျေးရွာအုပ်စု | ၃ | ၃၉၀၀ | ၁၈၁၅ | ၂၀၈၅ | ၂၀၈၅ | | |
| ၃၁ | ဝဲကလီကျေးရွာအုပ်စု | ၂ | ၃၁၅၀ | ၁၆၃၃ | ၁၅၁၇ | ၁၅၁၇ | | |
| ၃၂ | ဝဲဝင်ကရာကျေးရွာအုပ်စု | ၂ | ၃၇၀၀ | ၁၈၁၂ | ၁၈၈၈ | ၁၉၃၈ | | ၅၀ |
| ၃၃ | ကရုပ္ပိကျေးရွာအုပ်စု | ၂ | ၇၀၅၀ | ၃၁၂၈ | ၃၉၂၂ | ၃၉၂၂ | | |
| ၃၄ | စခမ်းကြီးကျေးရွာအုပ်စု | ၂ | ၂၆၀၀ | ၁၃၂၀ | ၁၂၈၀ | ၁၂၈၀ | | |
| ၃၅ | ဝဲကလောင်းကျေးရွာအုပ်စု | ၂ | ၂၇၀၀ | ၁၁၃၅ | ၁၅၆၅ | ၁၅၆၅ | | |
| ၃၆ | အံခဲကျေးရွာအုပ်စု | ၁ | ၂၁၅၀ | ၉၅၇ | ၁၁၉၃ | ၁၁၉၃ | | |
| ၃၇ | ကော့လေးကျေးရွာအုပ်စု | ၁ | ၁၉၅၀ | ၁၀၆၃ | ၈၈၇ | ၁၁၃၇ | | ၂၅၀ |
| ၃၈ | ထင်းရှူးကျေးရွာအုပ်စု | ၂ | ၅၃၅၀ | ၂၃၈၄ | ၂၉၆၆ | ၂၉၆၆ | | |
| ၃၉ | ဝဲခမိကျေးရွာအုပ်စု | ၃ | ၅၁၅၀ | ၂၇၁၂ | ၂၄၃၈ | ၂၄၄၈ | | ၁၀ |
| ၄၀ | ကျောင်းရွာကျေးရွာအုပ်စု | ၁ | ၁၁၀၀ | ၅၆၉ | ၅၃၁ | ၅၃၁ | | |
| ၄၁ | အနင်းကျေးရွာအုပ်စု | ၄ | ၈၀၅၀ | ၃၀၇၇ | ၄၉၇၃ | ၅၁၇၃ | | ၂၀၀ |
| | **ရပ်/ကျေးချုပ်စုစုပေါင်း** | ၇၄ | ၁၅၅၉၅၀ | ၇၈၈၀၁ | ၇၇၁၄၉ | ၇၅၃၂၅ | ၂၄၈၄ | ၆၆၀ |
| | **ရပ်/ကျေးမှ သီးခြားအပ်နှံ** | | | | | ၁၄၀၀ | | ၁၄၀၀ |
| | **မြို့နယ်လက်ကျန်မဲလက်မှတ်** | | ၁၀၀၄၄ | ၁၅၀၄ | ၈၅၄၀ | ၈၄၇၁ | ၆၉ | |
| | **မြို့နယ်ချုပ်စုစုပေါင်း** | ၇၄ | ၁၆၅၉၉၄ | ၈၀၃၀၅ | ၈၅၆၈၉ | ၈၅၁၉၆ | ၂၅၅၃ | ၂၀၆၀ |

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

*❊ ကျော့ဖုံးမှ*

ပြည်သူ့ဆေးရုံ၊ ကူမဲတိုက်နယ်ဆေးရုံ၊ တောင်သာမြို့နယ် ဝဲလောင်တိုက်နယ်ဆေးရုံ၊ ကျောက်ပန်းတောင်းမြို့နယ်ပြည်သူ့ဆေးရုံနှင့် ညောင်ဦးခရိုင်ပြည်သူ့ဆေးရုံတို့ရှိ လူနာများအား လိုအပ်သည့်ကျန်းမာရေးစစ်ဆေး ကုသပေးခြင်းများနှင့် ခွဲစိတ်ကုသရန်လိုအပ်သော လူနာများအား ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့ကျန်းမာရေးစောင့်ရှောက်မှုအပေါ် ဒေသခံပြည်သူများအနေဖြင့် အထူးပင် ကျေးဇူးတင်ဝမ်းမြောက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

*❍ ကျော့ဖုံးမှ*

ပရီမီယာလိဂ်သို့ တန်းတက်ခွင့်လက်ကျန်တစ်နေရာစာအတွက် ဘရန့်ဖို့ဒ်၊ ဆွမ်ဆီး၊ ဘန်စလေ၊ ဘုန်းမောက်အသင်းတို့ ရှုံးထွက်ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ရှုံးထွက်ပွဲစဉ်တွင် ဘရန့်ဖို့ဒ်နှင့် ဘုန်းမောက်၊ ဆွမ်ဆီးနှင့် ဘန်စလေအသင်းတို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

မန်ယူတိုက်စစ်မှူးဟောင်း ဝိန်းရွန်းနေ တာဝန်ယူကိုင်တွယ်နေသည့် ဒါဘီအသင်းသည် ရာသီပိတ်ပွဲစဉ်တွင် ရှက်ဖီးလ်ဝက်နက်စ်ဒေးအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရပြီး အပြန်အလှန်သွင်းဂိုးများနှင့်အတူ တစ်ဖက်သုံးဂိုးစီ သရေကျခဲ့သောကြောင့် လိဂ်ဝမ်းသို့ တန်းဆင်းရမည့်အရေးမှ ကင်းလွတ်ခွင့်ရရှိခဲ့သည်။ လိဂ်ဝမ်းသို့ တန်းဆင်းသွားရသည့်အသင်းများမှာ ဝိုင်ကမ်ဘီ၊ ရိုသာဟမ်၊ ရှက်ဖီးလ်ဝက်နက်စ်ဒေးအသင်းတို့ဖြစ်သည်။

ဂိုးအများဆုံးသွင်းယူသူအဖြစ် ဘရန့်ဖို့ဒ်အသင်းမှ အီဗန်တိုနေက ၃၁ ဂိုးဖြင့် မှတ်တမ်းတင်နိုင်ခဲ့သည်။ ဂိုးအပြတ်ဆုံး အိမ်ကွင်းနိုင်ပွဲအဖြစ် နော့ဝှစ်ချ်အသင်းက ဟက်ဒါဖီးလ်အသင်းကို ခုနစ်ဂိုးပြတ် အနိုင်ယူပြီး မှတ်တမ်းတင်နိုင်ခဲ့သည်။ ဂိုးအပြတ်ဆုံး အဝေးကွင်းနိုင်ပွဲအဖြစ် ပရက်စ်တန်အသင်းနှင့် ဘရန့်ဖို့ဒ်အသင်းတို့ပွဲစဉ်တွင် ဘရန့်ဖို့ဒ်အသင်းက ငါးဂိုးပြတ်အနိုင်ရရှိပြီး မှတ်တမ်းတင်နိုင်ခဲ့သည်။ ဂိုးအများဆုံး သွင်းယူနိုင်သည့်ပွဲစဉ်တွင် ဘရန့်ဖို့ဒ်အသင်းနှင့် ဝိုင်ကမ်ဘီအသင်းတို့ပွဲစဉ်ဖြစ်၍ နှစ်သင်းပေါင်း ကိုးဂိုးဖြင့် မှတ်တမ်းတင်နိုင်ခဲ့သည်။

အရှည်ကြာဆုံးနိုင်ပွဲဆက်မှုအဖြစ် နော့ဝှစ်ချ်အသင်းက ကိုးပွဲဖြင့် မှတ်တမ်းတင်နိုင်ခဲ့သည်။ အရှည်ကြာဆုံး ရှုံးပွဲမရှိသည့်အသင်းအဖြစ် ဘရန့်ဖို့ဒ်အသင်းက ၂၁ ပွဲဖြင့် မှတ်တမ်းတင်နိုင်ခဲ့ပြီး အရှည်ကြာဆုံး နိုင်ပွဲပျောက်မှုအသင်းအဖြစ် ဒါဘီ၊ ဝိုင်ကမ်ဘီအသင်းတို့က ၁၁ ပွဲဖြင့် မှတ်တမ်းတင်နိုင်ခဲ့သည်။ အရှည်ကြာဆုံး ရှုံးပွဲဆက်မှုအဖြစ် ရှက်ဖီးလ်ဝက်နက်စ်ဒေးနှင့် ဝိုင်ကမ်ဘီအသင်းတို့က ခုနစ်ပွဲဖြင့် မှတ်တမ်းတင်နိုင်ခဲ့သည်။

**အောင်ဇော်**

❊ ရှေ့ဖုံးမှ

ပြီးခဲ့သော မေ ၂ ရက်က ဖွင့်ပွဲအခမ်းအနားကျင်းပကာ မေ ၃ ရက်မှ စတင်၍ ပြည်သူအများ လာရောက်အပန်းဖြေလေ့လာနိုင်ရန် ပြန်လည်၍ စတင်ဖွင့်လှစ်ပေးခဲ့သည်။ ဝင်ကြေးအနေဖြင့် လူကြီး ငွေကျပ် ၅၀၀၊ နိုင်ငံခြားသားတစ်ဦး ငွေကျပ် ၃၀၀၀ နှုန်းဖြင့် ကောက်ခံလျက်ရှိပြီး ၁၀ နှစ်အောက်ကလေးများနှင့် ရဟန်း၊ သံဃာ၊ သီလရှင်တို့အား အခမဲ့ဝင်ရောက် အပန်းဖြေလေ့လာခွင့်ပြုလျက်ရှိသည်။

"ကျွန်မတို့က ဒေါပုံကနေ မိသားစုလိုက်လာပြီး လည်ပတ်အပန်းဖြေကြတာပါ။ ဒီနေ့က အလုပ်တွေလည်းပိတ်၊ အိမ်က တိုက်ခန်းဆိုတော့ ပူလည်းပူတာနဲ့ အခုလို လာလည်ဖြစ်တာပါ။ ကလေးကစားကွင်းတွေ လည်းရှိတော့ ကလေးတွေအတွက်လည်း ပိုအဆင်ပြေတယ်လေ။ ကိုဗစ်-၁၉ ကပ်ရောဂါ မတိုင်ခင်ကလည်း ဒီပြည်ထောင်စုတိုင်းရင်းသား ကျေးရွာကို မိသားစုလိုက် မကြာခဏ အခုလို လာရောက်ဖြစ်ပါတယ်။ ဒီနေ့ကတော့ ဖွင့်ပွဲအပြီး ပထမဆုံး လာရောက်ဖြစ်တာပေါ့။ ကျွန်မတို့ ပြည်သူတွေအနေနဲ့ကတော့ အခုလို အေးအေးချမ်းချမ်းလာရောက် အပန်းဖြေရတာကြိုက်တယ်။ အိမ်နဲ့လည်း သိပ်အလှမ်းမဝေးတော့ အဆင်ပြေပါတယ်။ အခုလို အေးအေးချမ်းချမ်း လည်ပတ်နိုင်အောင် စီစဉ်ဆောင်ရွက်ပေးတဲ့ တာဝန်ရှိသူတွေကိုလည်း ကျေးဇူးအထူးတင်ပါတယ်" ဟု ဒေါပုံမြို့နယ်အတွင်းမှ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာသို့ မိသားစုအလိုက် လာရောက်အပန်းဖြေလည်ပတ်သည့် ဒေါ်မိုးမြင့်လွင်က သူ့အမြင်ကို ပြောကြားသည်။




ပြည်ထောင်စုတိုင်းရင်းကျေးရွာ (ရန်ကုန်) သည် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ရန်ကုန်-သန်လျင် တံတားအနီး ပဲခူးမြစ်ကမ်းခြေတစ်လျှောက်တွင် တည်ရှိကာ ဧရိယာအကျယ်အဝန်းမှာ ၁၁၇ ဧက ရှိသည်။ နိုင်ငံတော်မှ ၂၀၀၂ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် စတင်ဖွင့်လှစ်ပေးခဲ့ပြီး မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားများ၏ စာပေ၊ ရိုးရာ၊ ယဉ်ကျေးမှုများကို အခြားတိုင်းရင်းသားများက တစ်နေရာတည်းတွင် လေ့လာသိရှိနိုင်ရန်နှင့် တိုင်းရင်းသားများ၏ ရိုးရာ၊ ဓလေ့ထုံးစံများကို လေ့လာသိရှိခြင်းအားဖြင့် တစ်ဦးနှင့်တစ်ဦး အပြန်အလှန်လေးစားမှု၊ ယုံကြည်မှု၊ ချစ်ကြည်ရင်းနှီးမှုများဖြစ်ပေါ်ကာ ထာဝရငြိမ်းချမ်းရေးအတွက် ရည်ရွယ်ချက်ဖြင့် အဆိုပါ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ (ရန်ကုန်) ကို ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **မောင်စိန်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ- မင်းထက်**

## မြင်းမူမြို့နယ်၌ လုံခြုံရေးတပ်ဖွဲ့ဝင်များအား လက်လုပ်ဗုံးဖြင့် ရန်ပြုပစ်ခတ်တိုက်ခိုက်ရာ လက်အတွင်းပေါက်ကွဲမှုဖြစ်ပွား၍ အကြမ်းဖက်သူအမျိုးသားတစ်ဦး ထိခိုက်ဒဏ်ရာရရှိ၊ တစ်ဦးသေဆုံး

**နေပြည်တော် မေ ၉**

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ်၌ လုံခြုံရေးတပ်ဖွဲ့ဝင်များအား လက်လုပ်ဗုံးဖြင့် ရန်ပြုပစ်ခတ်တိုက်ခိုက်ရာ လက်အတွင်းပေါက်ကွဲမှုဖြစ်ပွား၍ အကြမ်းဖက်သူအမျိုးသား တစ်ဦး ထိခိုက်ဒဏ်ရာရရှိပြီး ဆူပူအကြမ်းဖက်သူတစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့နံနက် ၉ နာရီခွဲတွင် မြင်းမူမြို့ မာဃရပ်ကွက် ရွှေစောလူးဘုရားစောင်းတန်းတွင် ဆူပူအကြမ်းဖက်သူ အင်အား ၃၀ ခန့်က စုဝေးဆန္ဒပြနေကြောင်းသတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်ညှိနှိုင်းဖြေလျှော့ခဲ့သော်လည်း လိုက်နာမှုမရှိသဖြင့် အင်အားသုံးလူစုခွဲခဲ့ရာ နံနက် ၉ နာရီ ၄၅ မိနစ်တွင် လူစုကွဲသွားခဲ့ပြီး ဆူပူအကြမ်းဖက် လူအုပ်စုအတွင်းမှ အမျိုးသားနှစ်ဦးကို ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ နံနက် ၁၁ နာရီခွဲတွင် ဆူပူအကြမ်းဖက်သူ အင်အား ၂၀၀ ခန့်က မြင်းမူမြို့မရဲစခန်းနှင့် ကပ်လျက်ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းဘက်မှ ရဲစခန်းသို့ ဆူပူအော်ဟစ်ဆဲဆိုကာ ဝိုင်းရံရောက်ရှိလာသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ခြောက်လှန့်ပစ်ခတ် လူစုခွဲခဲ့ရာ နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် လူစုကွဲသွားခဲ့သည်။

လူစုကွဲသွားသည့် လူအုပ်စုအတွင်းမှ အင်အား ၅၀ ခန့်သည် မွန်းလွဲ ၁ နာရီ ၅၅ မိနစ်တွင် အောင်ဇေယျရပ်ကွက် မြို့မဈေးကွေ့၌ တာယာကွင်းများအားမီးရှို့ကာ အတားအဆီးများဖြင့်ပိတ်ဆို့၍ ထပ်မံဆန္ဒပြနေကြောင်း သိရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်ညှိနှိုင်းဖြေလျှော့ခဲ့သော်လည်း လိုက်နာခြင်းမရှိဘဲ လေးခွ၊ ခဲလုံး၊ လက်လုပ်ဗုံးများဖြင့် ပြန်လည်အကြမ်းဖက် ရန်ပြုပစ်ခတ်ခဲ့သဖြင့် အဓိကရုဏ်း နှိမ်နင်းရေးလက်နက်များဖြင့် ခြောက်လှန့်ပစ်ခတ် လူစုခွဲခဲ့ရာ မွန်းလွဲ ၂ နာရီ ၅ မိနစ်တွင် လူစုကွဲသွားခဲ့သည်။

ဖြစ်စဉ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များအား လက်လုပ်ဗုံးဖြင့် ရန်ပြုပစ်ခတ်သူ သဲကိုမောင် (ဘ) ဦးအေးကို သည် လက်လုပ်ဗုံးဖြင့်ပစ်ခတ်စဉ် ၎င်း၏အနီးတွင် ကျရောက်ပေါက်ကွဲခဲ့သဖြင့် ဝဲ/ယာ ခြေထောက်များတွင် ဗုံးစထိမှန်ဒဏ်ရာများနှင့် ဝဲလက်ညှိုးပြတ်ဒဏ်ရာများရရှိခဲ့ပြီး အမျိုးသားတစ်ဦးမှာလည်း လုံခြုံရေးတပ်ဖွဲ့ဝင်များအား လက်လုပ်ဗုံးဖြင့် ရန်ပြုပစ်ခတ်စဉ် ၎င်း၏လက်အတွင်း ဗုံးပေါက်ကွဲခဲ့သဖြင့် ယာလက်မောင်းကျိုး၊ ယာချိုင်းအောက် ဗုံးစထိမှန်ဒဏ်ရာများဖြင့် သေဆုံးခဲ့သည်။

ဖြစ်စဉ်တွင် ထိခိုက်ဒဏ်ရာရရှိခဲ့သူအား ဆေးကုသမှုခံယူနိုင်ရေး မြင်းမူမြို့ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ထားရှိပြီး လူသေဆုံးမှုအား လုပ်ထုံးလုပ်နည်းများနှင့်အညီ သေမှုသေခင်းရေးဖွင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်၌ ဆူပူအကြမ်းဖက်သူများအား လူစုခွဲရှင်းလင်း

**နေပြည်တော် မေ ၉**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်၌ မေ ၈ ရက်တွင် ဆူပူအကြမ်းဖက်သူများအား လူစုခွဲရှင်းလင်းခဲ့ပြီး အမျိုးသားခုနစ်ဦးအား အကြမ်းဖက်မှုတွင် အသုံးပြုသည့် ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိသဖြင့် အရေးယူထားရှိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၈ ရက် မွန်းလွဲ ၁ နာရီတွင် နတ်မောက်မြို့နယ် သားမျှား ကျေးရွာနေ ဆယ်အိမ်မှူး ဦးမောင်မောင်အား အဆိုပါကျေးရွာနေ NLD ပါတီဝင်များက ဖမ်းဆီးထားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင် များပါဝင်သော ပူးပေါင်းအဖွဲ့သည် အဆိုပါအခြေအနေကို ထိန်းသိမ်းနိုင်ရေး သွားရောက်ခဲ့ရာ ကျေးရွာအဝင်လမ်းတွင် ဆူပူအကြမ်းဖက်သူ အင်အား ၁၀၀ ခန့်က အတားအဆီးများဖြင့် ပိတ်ဆို့ထားပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များအား လေးခွများဖြင့် ဝိုင်းဝန်းပစ်ခတ် တားဆီးခဲ့သဖြင့် အဓိကရုဏ်းနှိမ်နင်းရေးလက်နက်များဖြင့် ခြောက်လှန့်ပစ်ခတ် လူစုခွဲခဲ့ရသည်။

ထို့နောက် သားမျှားကျေးရွာ ရွာဦးဘုန်းကြီးကျောင်းရှေ့လမ်းမပေါ်အရောက် အဆိုပါ အကြမ်းဖက်သူ အင်အား ၁၀၀ ခန့်က လုံခြုံရေးတပ်ဖွဲ့ဝင်များအား ထပ်မံပိတ်ဆို့၍ လေးခွများဖြင့် ထပ်မံပစ်ခတ်ခဲ့သဖြင့် ခြောက်လှန့်ပစ်ခတ်လူစုခွဲခဲ့ပြီး ဆူပူအကြမ်းဖက်သူ လူအုပ်စုအတွင်းမှ အဆိုပါကျေးရွာနေ ညွန့်ဝေ (၅၀) နှစ် (ဘ) ဦးကျော်သန်းပါ အမျိုးသား ခုနစ်ဦးကို လေးခွ၊ လောက်စာလုံး၊ ခရင်းခွ၊ ဓားများဖြင့် ဖမ်းဆီးထိန်းသိမ်းခဲ့ပြီး ဆယ်အိမ်မှူး ဦးမောင်မောင်အား အဆိုပါကျေးရွာရှိ အောင်ချမ်းသာဘုန်းကြီးကျောင်း ဆရာတော်က ခေါ်ဆောင်ထားကြောင်း သိရှိရသည်။

အဆိုပါ ဆူပူအကြမ်းဖက်မှုဖြစ်စဉ်တွင် ဖမ်းဆီးရမိသူ ညွန့်ဝေပါ အမျိုးသားခုနစ်ဦးအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မြို့နယ်အချို့၌ ဆူပူအကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများ ဆက်လက်ဖော်ထုတ်သိမ်းဆည်းရမိ

**နေပြည်တော် မေ ၉**

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဆူပူအကြမ်းဖက်မှု လုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများအား ဆက်လက်ဖော်ထုတ် သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။



တရားခံ ခွန်ပြည့်ဖြိုး၊ ပြည့်စုံ၊ ရှိုင်းထက်အောင်၊ ရာဇာဖြိုး၊ စစ်မင်းဟိန်း၊ ထက်အာကာ၊ နန္ဒစစ်အောင်၊ ကိုကိုမောင်တို့အား ဖောက်ခွဲမှုလုပ်ရပ်များတွင် အသုံးပြုမည့် ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိစဉ်။

ထိုသို့ဆောင်ရွက်ခဲ့ရာ မေ ၈ ရက် မွန်းလွဲ ၁ နာရီ မိနစ် ၄၀ တွင် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် အမှတ်(၈)ရပ်ကွက် ရွှေအုတ်ဂူ (၃)လမ်း တိုက်အမှတ် (၃၆) အခန်းအမှတ် (၀၀၂)အား သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝင်ရောက်ရှာဖွေခဲ့ရာ အဆိုပါအခန်းအတွင်းမှ သာကေတမြို့နယ် အမှတ်(၁၂)ရပ်ကွက်နေ ကိုကိုမောင် (၃၄)နှစ် (ဘ) ဦးစိုးသန်းပါ အမျိုးသားရှစ်ဦးအား ဖောက်ခွဲရေးလုပ်ရပ်များတွင် အသုံးပြုမည့် ယမ်းတစ်ပိဿာ၊ ဓာတ်ဆီသုံးဂါလန်ပါ ပလတ်စတစ်ပုံးတစ်ပုံး၊ အင်ဂျင်ဝိုင်တစ်ဂါလန်ပါ ပလတ်စတစ်ပုံးတစ်ပုံးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အလားတူ ညနေ ၆ နာရီခွဲတွင် မွန်ပြည်နယ် မုဒုံမြို့ မြို့မ(၄)ရပ်ကွက် ကန်ကြီးရပ်နေ မင်းထွန်း(ခ) လင်းထွန်း (၂၄)နှစ် (ဘ) ဦးစိုးမိုး၏ နေအိမ်အား သတင်းအရ ဝင်ရောက်ရှာဖွေခဲ့ရာ ၎င်းအား လက်လုပ်သေနတ်တစ်လက်နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အလားတူ မေ ၉ ရက် နံနက် ၉ နာရီ မိနစ် ၂၀ တွင် ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် (၁)ရပ်ကွက် အိမ်အမှတ်(၃၄၉)၌ ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့်ပစ္စည်းများ သိမ်းဆည်းထားကြောင်းသတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါနေအိမ်တွင် ငှားရမ်းနေထိုင်သူများဖြစ်သည့် ပဲခူးမြို့ ကျောက်ကြီးစုရပ်ကွက်နေ အောင်နိုင်ဦး (၅၅)နှစ် (ဘ) ဦးအံ့စိန်ပါ အမျိုးသားသုံးဦးနှင့် အမျိုးသမီးနှစ်ဦးတို့အား တွေ့ရှိသဖြင့် ထိန်းသိမ်းခဲ့ပြီး နေအိမ်အတွင်း ဆက်လက်ရှာဖွေခဲ့ရာ ဖိုက်ဘာဦးထုပ်နှစ်လုံး၊ ဓာတ်ငွေ့ကာမျက်နှာဖုံးနှစ်ခု၊ ဓာတ်ငွေ့ကာမျက်မှန်တစ်လက်၊ လက်လုပ်မီးခိုးဗုံးတစ်လုံး၊ ဂျင်ကလိ ၃၆ ချောင်း၊ လေးခွ နှစ်လက်၊ ဒူးလေးတစ်လက်၊ ဂက်စ်ဘူး နှစ်ဘူး၊ ဘောစေ့တစ်ဘူး၊ မှန်ပြောင်းတစ်ခု၊ လက်ပ်တော့ နှစ်လုံး၊ လက်ကိုင်ဖုန်း ငါးလုံး၊ ဓာတ်ဆီတစ်ဘူး၊ ဇရာဝတီဘဏ်စာအုပ်နှစ်အုပ်၊ ချက်လက်မှတ်စာအုပ် တစ်အုပ်၊ ကမ္ဘောဇဘဏ်ငွေစုစာအုပ် တစ်အုပ်၊ ငွေစက္ကူရောရာ ၉၀၀၀၀၀ ကျပ်နှင့် 5D-8117 နံပါတ်ပါ Honda CRV မော်တော်ယာဉ်တစ်စီးနှင့် ဆိုင်ကယ်နှစ်စီးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

အထက်ပါဖြစ်စဉ်များမှ ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများ သိုဝှက်သိမ်းဆည်းထားရှိသူများနှင့် လက်ဝယ်ထားရှိသူအား ဥပဒေနှင့်အညီ ဖော်ထုတ်အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# အိန္ဒိယနိုင်ငံတွင် ကိုဗစ်-၁၉ ကြောင့် နေ့စဉ်သေဆုံးသူအရေအတွက်မှာ ၄၀၀၀ ကျော်ရှိလာ

**နယူးဒေလီ မေ ၉**

အိန္ဒိယနိုင်ငံတွင် ကိုဗစ်- ၁၉ ကြောင့် နေ့စဉ်သေဆုံးမှုနှုန်းမှာ ပထမဆုံးအကြိမ်အဖြစ် ၄၀၀၀ ကျော်ရှိလာပြီဟုသိရသည်။

ကိုဗစ်-၁၉ ကူးစက်မှုများ အဆမတန်များပြားနေသည့်အတွက် တိုင်းပြည်၏ကျန်းမာရေးစနစ်မှာ ဝန်ပိနေရသည်။ မေ ၈ ရက်တွင် အိန္ဒိယနိုင်ငံ၌ ကိုဗစ်- ၁၉ ကြောင့် သေဆုံးသူ ၄၁၈၇ ဦး ရှိသည်ဟု အိန္ဒိယအစိုးရက ပြောသည်။

နောက်ထပ် ကူးစက်မှုပေါင်း ၄၀၁၀၇၈ ဦး ထပ်မံတွေ့ရှိခဲ့သည်။ နေ့စဉ်ကူးစက်မှုနှုန်း ၄၀၀၀၀၀ အထက်တွင် ရှိနေသည်မှာ သုံးရက်ဆက်တိုက်ရှိနေပြီဖြစ်သည်။ လူနာများမှာ ဆေးရုံခုတင်ပြတ်လပ်မှုနှင့် အောက်ဆီဂျင် ပြတ်လပ်မှုတို့ကြောင့် သေဆုံးနေရသည်။

အပြည်ပြည်ဆိုင်ရာမှ လှူဒါန်းလိုက်သည့် အောက်ဆီဂျင်ထုတ်လုပ်သည့် စက်များတပ်ဆင်နေသည့်အတွက် နယူးဒေလီတွင် အောက်ဆီဂျင်ထောက်ပံ့မှုမှာ တိုးတက်လာပြီဖြစ်သည်။

သို့သော်လည်း မေ ၆ ရက်အထိ နယူးဒေလီတွင် အောက်ဆီဂျင်ထောက်ပံ့ပေးနိုင်မှုမှာ အမှန်တကယ်လိုအပ်သည်ထက် ၆၀ ရာခိုင်နှုန်းသာ ထောက်ပံ့ပေးနိုင်သည်ဟု သိရသည်။

အိန္ဒိယအစိုးရသည် နိုင်ငံရပ်ခြားမှရရှိသည့် ဆေးဘက်ဆိုင်ရာ ထောက်ပံ့မှုများကို ပြည်နယ်များအသီးသီးသို့ခွဲဝေပေးနိုင်ရေးနှင့် ကျန်းမာရေးစနစ်တွင် မြှင့်တင်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

အင်န်အိတ်ချ်ကေ



အောက်ဆီဂျင်ပေးထားသည့် လူနာတစ်ဦးကို တွေ့ရစဉ်။

## ဘင်္ဂလားဒေ့ရှ်တွင် ပထမဆုံးအကြိမ်အဖြစ် အိန္ဒိယတွင်တွေ့ရှိရသော ဗီဇပြောင်းကိုဗစ် -၁၉ ကူးစက်မှုတွေ့ရှိ

**ဒါကာ မေ ၉**

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် အိန္ဒိယတွင်တွေ့ရှိရသော ဗီဇပြောင်း ကိုဗစ်-၁၉ ကူးစက်မှုကို ပထမဆုံးအကြိမ်အဖြစ် တွေ့ရှိရသည်ဟု သိရသည်။ အဆိုပါ ဗီဇပြောင်းကို B.1.617 ဟု အမည်ပေးထားပြီး ဒါကာမြို့ရှိဆေးရုံတွင် လူနှစ်ဦး ကူးစက်ခံထားရသည်ဟု သိရသည်။

အိန္ဒိယမှ လာမည့်ခရီးသွားများကို ပိတ်ပင်မှုများ ပြုလုပ်ပြီး နောက်သီတင်းပတ်အကြာတွင် ဘင်္ဂလားဒေ့ရှ်၌ အဆိုပါကူးစက်မြန်သည့် ဗီဇပြောင်း ကိုဗစ်- ၁၉ ကူးစက်မှုကို တွေ့ရှိခဲ့ခြင်း ဖြစ်သည်။ ဘင်္ဂလားဒေ့ရှ်တွင် ကိုဗစ်-၁၉ ကူးစက်မှု ဒုတိယအကျော့နှင့် ရင်ဆိုင်နေရပြီး ဧပြီ ၂၆ ရက်မှ စတင်ကာ အိန္ဒိယမှကုန်းလမ်းဖြင့် လာမည့်ခရီးသွားများကို ပိတ်ပင်ခဲ့သည်။ ဧပြီ ၁၄ ရက်မှ စတင်ကာ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြား လေကြောင်းဖြင့် ခရီးသွားလာမှုကို ဆိုင်းငံ့ထားခဲ့သည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် မေ ၈ ရက်၌ ကိုဗစ် -၁၉ နောက်ထပ်ကူးစက်မှု ၁၂၈၅ ဦးကို တွေ့ရှိခဲ့ပြီး သေဆုံးသူ ၄၅ ဦး ရှိခဲ့သည်။



ဒါကာမြို့တွင် ပါးစပ်၊ နှာခေါင်းစည်းတပ်ဆင်ကာ သွားလာနေကြသူများကို တွေ့ရစဉ်။

ထို့ကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်း ကူးစက်မှု စုစုပေါင်း ၇၇၂၂၇ ဦး ရှိခဲ့ပြီး သေဆုံးသူ စုစုပေါင်း ၁၁၈၇၈ ဦး ရှိခဲ့သည်။ မေ ၇ ရက်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ကိုဗစ် -၁၉ ဆေးစစ်မှုပေါင်း ၁၄၇၀၃ ဦး ကို လုပ်ဆောင်ပေးနိုင်ခဲ့သည်။ ကိုဗစ် – ၁၉ ကူးစက်ခံရပြီးနောက် ပြန်လည်ကျန်းမာလာသူ အရေအတွက်မှာ ၇၀၆၈၃၃ ဦးရှိသည်။ တရားဝင်ထုတ်ပြန်ထားသည့် အချက်အလက်များအရ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ကိုဗစ်-၁၉ ကြောင့် သေဆုံးမှုနှုန်းမှာ ၁ ဒသမ ၅၄ ရာခိုင်နှုန်းရှိပြီး ပြန်လည်ကျန်းမာလာသည့်နှုန်းမှာ ၉၁ ဒသမ ၅၄ ရာခိုင်နှုန်းရှိသည်ဟု သိရသည်။

ဆင်ဟွာ

## ဗီယက်နမ်နိုင်ငံတွင် ကိုဗစ် -၁၉ ကူးစက်ခံရသူ ၉၃ ဦး ထပ်မံတွေ့ရှိ

**ဟနွိုင်း မေ ၉**

ဗီယက်နမ်နိုင်ငံတွင် မေ ၈ ရက်က ကိုဗစ်- ၁၉ ကူးစက်ခံရသူ ၉၃ ဦး ထပ်မံတွေ့ရှိခဲ့ပြီး ဒေသတွင်းကူးစက်ခံရသူ ၈၀ နှင့် ပြည်ပမှ ကူးစက်လာသူ ၁၃ ဦးဟု သိရသည်။ ထို့ကြောင့် တိုင်းပြည်အတွင်း ကိုဗစ် -၁၉ စုစုပေါင်းကူးစက်သူ ၃၂၃၀ ရှိသည်ဟု တိုင်းပြည်၏ ကျန်းမာရေးဌာနက ပြောသည်။

ကူးစက်မှုအများစုမှာ အတည်ပြုလူနာများမှတစ်ဆင့် ကူးစက်မှုများ သို့မဟုတ် မြို့တော်ဟနွိုင်းရှိ ဆေးရုံနှစ်ရုံနှင့်ဆက်စပ်သော ကူးစက်မှုများဟု သိရသည်။

အဆိုပါဆေးရုံနှစ်ရုံအနက်တစ်ရုံမှာ ကိုဗစ် -၁၉ လူနာများအား ကုသပေးရာဆေးရုံဖြစ်ပြီး ကျန်ဆေးရုံတစ်ရုံမှာမူ ကင်ဆာလူနာများအား ကုသပေးရာဆေးရုံ ဖြစ်သည်။ နိုင်ငံရပ်ခြားမှ ပြန်လာသည့် ကူးစက်ခံရသူများမှာ အသွားအလာစောင့်ကြည့်ကန့်သတ်ရေးစင်တာတွင် စောင့်ကြည့်မှုခံယူနေကြသူများ ဖြစ်သည်။

မေ၈ ရက်အထိ ပြန်လည်ကျန်းမာလာသူပေါင်းမှာ ၂၆၀၂ ဦး ရှိပြီး လူပေါင်း ၄၂၃၀၀ မှာ အသွားအလာကန့်သတ်စောင့်ကြည့်မှုစင်တာတွင် စောင့်ကြည့်မှုခံယူနေသည်ဟု သိရသည်။ မေ ၈ ရက်အထိ ဗီယက်နမ်တွင် ပြည်တွင်း ကိုဗစ်- ၁၉ ကူးစက်မှု ၁၈၁၁ ဦး ရှိသည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

ဆင်ဟွာ

## သီရိလင်္ကာနိုင်ငံတွင် ဆီနိုဖမ်း ကိုဗစ် -၁၉ ကာကွယ်ဆေး ထိုးနှံပေးမှုစတင်

**ကိုလံဘို မေ ၉**

ကမ္ဘာ့ကျန်းမာရေး အဖွဲ့ကြီးက ဆီနိုဖမ်း ကိုဗစ်- ၁၉ ကာကွယ်ဆေးကို အရေးပေါ်သုံးစွဲခွင့်အတွက် အတည်ပြုပေးခဲ့ပြီးနောက် မကြာမီ မေ ၈ ရက်တွင် သီရိလင်္ကာနိုင်ငံ၌ အဆိုပါ ကာကွယ်ဆေးထိုးနှံမှုကို စတင်ပြီဟု ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

ကာကွယ်ဆေး ထိုးနှံမှုကို ကိုလံဘိုမြို့အစွန်ရှိ ပန်နာဒူရာ ကျန်းမာရေးဌာနတွင် ပြုလုပ်ခဲ့သည်ဟု သိရသည်။ ယင်းသို့ ကာကွယ်ဆေးထိုးပေးနိုင်ခြင်းဖြင့် နှစ်ကုန်ပိုင်းတွင် လူဦးရေ၏ ၇၀ ရာခိုင်နှုန်းကို ကာကွယ်ဆေးထိုးပေးနိုင်မည်ဟု မျှော်မှန်းထားကြောင်း ဆေးဝါးထုတ်လုပ်ထောက်ပံ့ကြီးကြပ်ရေး ဝန်ကြီး ချန်နာ ဂျာယူဆူမန်နာက ပြောကြားသည်။ ယနေ့မှာ ထူးခြားသည့်နေ့ဖြစ်ပြီး ဆီနိုဖမ်း ကာကွယ်ဆေးကို အတည်ပြုပေးခဲ့သည့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးကို ကျေးဇူးတင်သကဲ့သို့ တရုတ်နိုင်ငံကိုလည်း ကျေးဇူးတင်ပါသည်ဟု ၎င်းက ပြောကြားခဲ့သည်။ ဆီနိုဖမ်း ကိုဗစ် -၁၉ ကာကွယ်ဆေးမှာ ပြီးခဲ့သည့်လက သီရိလင်္ကာနိုင်ငံသို့ ရောက်ရှိထားသည်။



ပန်နာဒူရာကျန်းမာရေးဌာန၌ ကိုဗစ်- ၁၉ ကာကွယ်ဆေးထိုးနှံပေးနေစဉ်။

ပန်နာဒူရာမှ ဒေသခံများသည်လည်း ကိုဗစ် -၁၉ ကာကွယ်ဆေး ထိုးနှံရန် တန်းစီနေကြသည်ကို တွေ့ရသည်။

ဆင်ဟွာ

## ဂျပန်နိုင်ငံ အိုဆာကာတွင် ကိုဗစ် -၁၉ ကူးစက်ခံရသူ ၁၀၂၁ ဦး ထပ်မံတွေ့ရှိ

**အိုဆာကာ မေ ၉**

ဂျပန်နိုင်ငံအနောက်ပိုင်း အိုဆာကာခရိုင်တွင် မေ ၈ ရက်က ကိုဗစ်-၁၉ နောက်ထပ်ကူးစက်ခံရသူ ၁၀၂၁ ဦး တွေ့ရှိခဲ့သည်ဟု အိုဆာကာခရိုင်အရာရှိများက ပြောသည်။

အိုဆာကာတွင် နေ့စဉ်ကူးစက်မှုနှုန်း ၁၀၀၀ အထက်တွင် ရှိနေသည်မှာ နှစ်ရက်ဆက်တိုက်ရှိနေပြီ ဖြစ်သည်။ ခရိုင်အတွင်း ကိုဗစ် -၁၉ ကူးစက်မှုစုစုပေါင်းမှာ ၈၈၆၇၁ ဦး ရှိပြီ ဖြစ်သည်။

ကိုဗစ် -၁၉နှင့်ဆက်စပ်ပြီး နောက်ထပ်သေဆုံးသူ ၄၁ ဦး တိုးလာသည့်အတွက် သေဆုံးသူစုစုပေါင်းမှာလည်း ၁၆၉၆ ဦးအထိ ရှိလာခဲ့သည်။

ဂျပန်နိုင်ငံတွင် မေ ၉ ရက်က ဆိုးဆိုးရွားရွားရောဂါခံစားရသူ အရေအတွက်မှာ ၁၁၄၄ ဦး ရှိလာသည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ကြေညာခဲ့သည်။

ဆင်ဟွာ

# ဥရောပတွင် ခရီးသွားလုပ်ငန်းပြန်စရန် ပြင်ဆင်မှုများ ပြုလုပ်နေသော်လည်း ကပ်ရောဂါမတိုင်မီက အခြေအနေမျိုး ပြန်ရရန်မလွယ်ကူ

နှင်းမိုးအိမ်

ဥရောပတွင် ကျယ်ကျယ်ပြန့်ပြန့် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုများကို ပြုလုပ်နေသည့်အတွက် အခြေအနေတိုးတက်မှုများရှိလာသည်။ ယခုအခါ ဥရောပတွင် ခရီးသွားကဏ္ဍပြန်လည်ဖွံ့ဖြိုးရေးအတွက် ပြင်ဆင်မှုများ လုပ်ကိုင်နေပြီဖြစ်သည်။

## အကူအညီဖြစ်မည်

ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပြီးသူများအတွက် ဥရောပကော်မရှင်က ဒစ်ဂျစ်တယ်အသိအမှတ်ပြုလက်မှတ် ပြုလုပ်ရန် မိတ်ဆက်ခဲ့ပြီး လာမည့်ဇွန်လအတွင်းမှစတင်ကာ အကောင်အထည်ဖော်သွားနိုင်ရန် မျှော်လင့်ထားသည်။ ဥရောပသမဂ္ဂနိုင်ငံများအတွက် မလိုအပ်သော ခရီးသွားလာမှုကို ဖြေလျှော့နိုင်ရေး အကူအညီဖြစ်မည်ဖြစ်သည်။ ကပ်ရောဂါမတိုင်မီက ခရီးသွားလာမှု အခြေအနေမျိုး ပြန်ရောက်ရန် အလှမ်းဝေးကွာနေသေးသော်လည်း ယခုလိုပြုလုပ်ပေးခြင်းဖြင့် ခရီးသွားကဏ္ဍကို တိုးတက်စေမည်ဟု ခရီးသွားလုပ်ငန်း လေ့လာသူများက သုံးသပ်ထားကြသည်။ ယခုလအစောပိုင်းကလည်း ဂျီ-၂၀ အဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးများသည် နိုင်ငံပေါင်း ၁၉ နိုင်ငံနှင့် အီးယူတို့ပူးပေါင်းပြီး လုံခြုံစိတ်ချရသည့် အပြည်ပြည်ဆိုင်ရာ ခရီးသွားလာမှုလှုပ်ရှားမှုအတွက် အထောက်အကူပြုရန် ကတိပြုခဲ့ကြသည်။ တစ်ကမ္ဘာလုံးဆိုင်ရာ ခရီးသွားလာမှုကို ပြန်လည်အသက်သွင်းရန်အတွက် ကြိုးပမ်းအားထုတ်မှုတစ်ရပ်လည်းဖြစ်သည်။

## ပြန်လည်လက်ခံသွားမည်

ဒစ်ဂျစ်တယ် အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးပြီး ကိုဗစ်-၁၉ အကျပ်အတည်းမှ ကျော်လွန်ကာ ဥရောပခရီးသွားလုပ်ငန်းကို ကယ်တင်ရန်လည်း တိုက်တွန်းထားကြသည်။ ဥရောပကော်မရှင်ကလည်း ကာကွယ်ဆေးအပြည့်အဝထိုးပြီးသည့် နိုင်ငံသားများနှင့် ကူးစက်မှုနိမ့်ပါးသည့်နိုင်ငံများမှ လာမည့်သူများအတွက် ပြည်ဝင်ခွင့်ပေးကြရန် အဖွဲ့ဝင်နိုင်ငံများကို တောင်းဆိုထားသည်။ ဧပြီလကုန်ပိုင်းတွင် ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန်က ပြင်သစ်နိုင်ငံအတွင်း အကောင်အထည်ဖော်သွားမည့် အဆင့်လေးဆင့် ဖြေလျှော့ရေး အစီအစဉ်ကို မိတ်ဆက်ခဲ့သည်။ ယင်းအစီအစဉ်ဖြင့် နိုင်ငံခြားခရီးသွားများကို ပြန်လည်လက်ခံသွားမည်ဖြစ်သည်။


ပါရီမြို့ အီဖယ်တာဝါအနီး အပန်းဖြေနေကြသူများကို တွေ့ရစဉ်။

## မျှော်မှန်းထားကြ

ဂရိနိုင်ငံ၏ ခရီးသွားလုပ်ငန်းသည် နိုင်ငံ့ဂျီဒီပီနှင့် အလုပ်အကိုင်အတွက် ငါးပုံ တစ်ပုံကို ကိုယ်စားပြုသည်။ ထို့ကြောင့် ခရီးသွားလုပ်ငန်းကို အားထားသော ဂရိနိုင်ငံသည် မေ ၁၄ ရက်တွင် ခရီးသွားလုပ်ငန်း ပြန်ဖွင့်သွားမည်ဟု ကြေညာထားသည်။ အီးယူသည် နိုင်ငံသားများ၏ ၇၀ ရာခိုင်နှုန်းကို ဇူလိုင်လကုန်ပိုင်းတွင် ကာကွယ်ဆေးထိုးပေးသွားရန် မျှော်မှန်းထားသည်။ အီးယူအဖွဲ့ဝင်နိုင်ငံအချို့သည် ခရီးသွားလုပ်ငန်းအတွင်း ငွေပမာဏအများကြီးထည့်သွင်းခြင်းဖြင့် ပြန်လည်သက်သာရာ ရလာစေရေး မျှော်မှန်းထားကြသည်။ စပိန်အစိုးရသည် ၂၀၂၁-၂၀၂၃ ခုနှစ်အတွက်ပြန်လည်သက်သာရာရစေရေး၊ ကြံ့ကြံ့ခံနိုင်ရေးနှင့် ပြုပြင်ပြောင်းလဲရေးတို့အတွက် အစီအစဉ်ကို ဧပြီ ၂၉ ရက်တွင် တင်ပြခဲ့သည်။ လာမည့်သုံးနှစ်အတွင်း ခရီးသွားလုပ်ငန်းအတွက် ယူရို ၃ ဒသမ ၄ ဘီလီယံခွဲဝေချထားရန် စီစဉ်ထားခြင်းဖြစ်သည်။

## အလုပ်အကိုင် ၆၂ သန်းဆုံးရှုံး

မြေထဲပင်လယ်ကျွန်း နိုင်ငံဖြစ်သည့် မော်လ်တာနိုင်ငံတွင်လည်း အစိုးရသည် ဇွန် ၁ ရက်မှစတင်ကာ ခရီးသွားများကို ပြန်လည်လက်ခံနိုင်ရန် စီစဉ်ထားသည်။ နိုင်ငံခရီးသွားလုပ်ငန်းအတွက် ယူရိုသန်း ၂၀ ထည့်သွင်းရန် စီစဉ်ထားသည်။ ခရီးသွားလုပ်ငန်းသည် ကိုဗစ်-၁၉ ကြောင့် ဆိုးဆိုးရွားရွား ထိခိုက်ခဲ့ရသည်။ ကမ္ဘာ့ခရီးသွားလုပ်ငန်းကောင်စီ၏ အချက်အလက်များအရ ၂၀၂၀ ပြည့်နှစ်တွင် တစ်ကမ္ဘာလုံးဆိုင်ရာ ခရီးသွားရောက်ရှိမှုပမာဏမှာ ၇၃ ရာခိုင်နှုန်းအထိ လျော့ကျလာသည်ကို တွေ့မြင်ရသည်။ ခရီးသွားလာမှုနှင့်ဆက်စပ်သည့် အလုပ်အကိုင် ၆၂ သန်း ဆုံးရှုံးမှု ပေါ်ပေါက်ခဲ့ရသည်။ ကမ္ဘာ့ခရီးသွားလုပ်ငန်း ကောင်စီ၏ အချက်အလက်များအရ ၂၀၂၀ ပြည့်နှစ်ကုန်ပိုင်းတွင် ဒေါ်လာ ၄ ဒသမ ၅ ထရီလီယံ ဆုံးရှုံးခဲ့ရသည်။

## ခရီးသွားလုပ်ငန်းတွင် ဆုံးရှုံးမှုများ

ပြင်သစ်နိုင်ငံ၌ ပုံမှန်နှစ်တစ်နှစ်တွင် ခရီးသွား သန်း ၉၀ ကို လက်ခံရလေ့ရှိပြီး ၂၀၂၀ ပြည့်နှစ်တွင်မူ သုံးပုံနှစ်ပုံအထိ ကျဆင်းသွားသည်။ ခရီးသွားလုပ်ငန်းမှရရှိသည့် အခွန်ငွေမှာလည်း ယူရို ၈၉ ဘီလီယံ ဆုံးရှုံးသွားရသည်။ ပြီးခဲ့သည့်နှစ်များနှင့် ယှဉ်လျှင် ၄၁ ရာခိုင်နှုန်း ကျဆင်းသွားခြင်းဖြစ်သည်။ တစ်နိုင်ငံလုံးမှ ဟိုတယ်တစ်ဝက်ခန့်သာ ဆက်လက်လည်ပတ်နိုင်ပြီး ဟိုတယ်များတွင်လည်း ၂၀ ရာခိုင်နှုန်းသာ လာရောက်တည်းခိုသူရှိသည်။ ယခင်နှစ်များနှင့် နှိုင်းယှဉ်လျှင် ၇၅ ရာခိုင်နှုန်း ကျဆင်းသွားခြင်းဖြစ်သည်။ စပိန်နိုင်ငံ၏ ခရီးသွားလုပ်ငန်းမှာလည်း ယူရို ၇၆ ဒသမ ၆ ဘီလီယံဆုံးရှုံးမှုများနှင့် ရင်ဆိုင်ခဲ့ရသည်။ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလမှ ၂၀၂၁ ခုနှစ် ဇန်နဝါရီလအထိ ခရီးသွားဝင်ရောက်မှုနှုန်းမှာလည်း ၆၈ ဒသမ ၃ သန်း လျော့ကျသွားသည်ဟု စပိန်စာရင်းအင်းရုံး၏ အချက်အလက်များအရ သိရသည်။

## ကုမ္ပဏီငယ်များ ထိခိုက်စေခဲ့

အီတလီနိုင်ငံတွင်လည်း ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ယူရို ဘီလီယံ ၇၀ ဆုံးရှုံးနစ်နာမှုများနှင့် ကြုံတွေ့ခဲ့ရသည်။ ယင်းဆုံးရှုံးမှုမှာ ယခုနှစ်တွင်လည်း ဆက်လက်ဖြစ်ပွားဖွယ်ရှိသည်။ ပေါ်တူဂီနိုင်ငံတွင် အခွန်ငွေများမှ ရရှိမှု ၇၄ ရာခိုင်နှုန်းကျဆင်းသွားသည်။ ယူရို ၁ ဒသမ ၁ ဘီလီယံ ဆုံးရှုံးသွားခြင်းဖြစ်သည်။ ပြည်တွင်းနှင့် နိုင်ငံခြားခရီးသွားလာမှုမှာ ကပ်ရောဂါစတင်သည့် ၂၀၂၀ ပြည့်နှစ် မတ်လမှစတင်ကာ ယခုနှစ် ဖေဖော်ဝါရီလအထိ ၇၁ ရာခိုင်နှုန်း ထိုးကျသွားခဲ့သည်ဟု အမျိုးသားစာရင်းအင်းမှ ထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ခရီးသွားလုပ်ငန်းကို အကျပ်အတည်းနှင့် ဖိအားများအောင် ကျရောက်ခဲ့ရသည်။ ထို့ပြင် အသေးစား၊ အလတ်စား ကုမ္ပဏီငယ်များကိုလည်း ထိခိုက်စေခဲ့သည်။

## အချိန်နှစ်နှစ် ယူရဦးမည်

ဥရောပခရီးသွားလုပ်ငန်း ကပ်ရောဂါမတိုင်မီကာလက အချိန်အတိုင်း ပြန်ဖြစ်နိုင်ရေး အနည်းဆုံးအချိန် နှစ်နှစ်ယူရဦးမည်ဟု ကျွမ်းကျင်သူများက ခန့်မှန်းထားသည်။ ပြင်သစ်နိုင်ငံတွင်လည်း ခရီးသွားလုပ်ငန်းနှင့် ဧည့်ခံပစ္စည်းလုပ်ငန်းများ မူလအတိုင်းပြန်ဖြစ်စေရေး အချိန် နှစ်နှစ်ခန့် ယူရဦးမည်ဖြစ်သည်။ ဥရောပဈေးကွက်တွင် မေလမှ စတင်ကာ ပြန်လည် သက်သာရာရမှုကို တွေ့မြင်ရမည်ဖြစ်သော်လည်း ခရီးသွားလုပ်ငန်း မူလအတိုင်း ပြန်ဖြစ်ရေးမှာမူ အချိန်ယူရဦးမည်ဟု ဗြိတိန်နိုင်ငံ၏ အမျိုးသားခရီးသွား လုပ်ငန်းအေဂျင်စီ VisitBritain က ခန့်မှန်းထားသည်။

## မူလအတိုင်းပြန်ဖြစ်ရန်

အီတလီဝန်ကြီးချုပ် မာရီယိုဒါရာ့ဂီကလည်း ယခုလနှောင်းပိုင်းတွင် အပြည်ပြည်ဆိုင်ရာ ခရီးသွားလုပ်ငန်းများ ပြန်စမည်ဟု ပြောထားသည်။ ကပ်ရောဂါအခြေအနေကို ထိန်းချုပ်နိုင်သည့် အခြေအနေမရှိသေးသမျှ ခရီးသွားလုပ်ငန်းကို မူလအတိုင်း ပြန်ဖြစ်ရန် အချိန်ယူရဦးမည်ဟု အီတလီနိုင်ငံ ခရီးသွားလေ့လာမှုစင်တာမှ သုတေသီခေါင်းဆောင် ဂျီအန်ဖရန်ကို လော်ရန်ဇိုက ပြောသည်။ ။

ကိုးကား - ဆင်ဟွာ

**ယခုလအစောပိုင်းကလည်း ဂျီ-၂၀ အဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးများသည် နိုင်ငံပေါင်း ၁၉ နိုင်ငံနှင့် အီးယူတို့ ပူးပေါင်းပြီး လုံခြုံစိတ်ချရသည့် အပြည်ပြည်ဆိုင်ရာ ခရီးသွားလာမှု လှုပ်ရှားမှုအတွက် အထောက်အကူပြုရန် ကတိပြုခဲ့ကြသည်။ တစ်ကမ္ဘာလုံးဆိုင်ရာ ခရီးသွားလာမှုကို ပြန်လည်အသက်သွင်းရန်အတွက် ကြိုးပမ်းအားထုတ်မှု တစ်ရပ်လည်းဖြစ်**

# COVID– 19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၇ ဦး တွေ့ရှိ

## COVID–19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း ၁၄၂၉၅၄ ဦးရှိ

### (၉–၅–၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၈–၅–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၉–၅–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁,၄၄၈) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၇) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၅၉၀,၃၂၈) ခု အား စစ်ဆေးခဲ့ပြီး COVID–19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၂,၉၅၄) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁၀) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၂,၀၂၃) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။

** ပြည်သူလူထုအနေဖြင့် COVID–19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် –

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကို မကြာခဏ ဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာ နေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် “ရုံးလုပ်ငန်းဌာနများတွင် COVID–19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်” နှင့် “တစ်ဦးကို တစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်” အတိုင်း COVID–19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာပူးပေါင်းပါဝင် ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

### ၉-၅ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၃၄၅၅၁၂၀ | ၂၆၄၀၅၈၇၁ | ၅၉၅၅၉၈ |
| ၂။ | အိန္ဒိယ | ၂၂၂၉၆၄၁၄ | ၁၈၃၁၇၄၀၄ | ၂၄၂၃၉၈ |
| ၃။ | ဘရာဇီး | ၁၅၁၅၀၆၂၈ | ၁၃၆၇၇၆၆၈ | ၄၂၁၄၈၄ |
| ၄။ | ပြင်သစ် | ၅၇၆၇၉၅၉ | ၄၈၃၂၉၈၁ | ၁၀၆၂၇၇ |
| ၅။ | တူရကီ | ၅၀၁၆၁၄၁ | ၄၆၉၁၂၂၄ | ၄၂၇၄၆ |
| ၆။ | ရုရှား | ၄၈၈၀၂၆၂ | ၄၄၉၆၁၃၂ | ၁၁၃၃၂၆ |
| ၇။ | ဗြိတိန် | ၄၄၃၃၀၉၀ | ၄၂၄၅၇၄၄ | ၁၂၇၆၀၃ |
| ၈။ | အီတလီ | ၄၁၀၂၉၂၁ | ၃၅၉၀၁၀၇ | ၁၂၂၆၉၄ |
| ၉။ | စပိန် | ၃၅၆၇၄၀၈ | ၃၂၄၈၀၁၀ | ၇၈၇၉၂ |
| ၁၀။ | ဂျာမနီ | ၃၅၁၉၂၅၀ | ၃၁၅၉၂၀၀ | ၈၅၂၅၂ |

### အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၉ – ၅ – ၂၀၂၁

| နိုင်ငံ | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၁၇၁၃၆၈၄ | ၁၅၆၈၂၇၇ | ၄၇၀၁၂ |
| ဖိလစ်ပိုင် | ၁၁၀၁၉၉၀ | ၁၀၂၂၂၄ | ၁၈၄၇၂ |
| မလေးရှား | ၄၄၀၆၇၇ | ၄၀၁၉၃၄ | ၁၆၈၃ |
| မြန်မာ | ၁၄၂၉၅၄ | ၁၃၂၀၂၃ | ၃၂၁၀ |
| ထိုင်း | ၈၃၃၇၅ | ၅၃၆၀၅ | ၃၉၉ |
| စင်ကာပူ | ၆၁၃၅၉ | ၆၀၉၁၂ | ၃၁ |
| ကမ္ဘောဒီးယား | ၁၉၂၃၇ | ၇၆၄၁ | ၁၂၀ |
| ဗီယက်နမ် | ၃၃၃၂ | ၂၆၀၂ | ၃၅ |
| လာအို | ၁၃၀၂ | ၂၃၂ | ၁ |
| ဘရူနိုင်း | ၂၃၀ | ၂၁၈ | ၃ |



### ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသစီမံအုပ်ချုပ်ရေးအဖွဲ့အား COVID-19 ရောဂါ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ ပေးအပ်လှူဒါန်း

**နေပြည်တော် မေ ၉**

ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့အား COVID–19 ရောဂါ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ ပေးအပ်လှူဒါန်းခြင်းကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) လောက်ကိုင်မြို့ရှိ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ရုံး၌ပြုလုပ်ရာ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် လှမိုးနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး COVID–19 ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများဖြစ်သည့် RDT (Test Kit) အခု ၂၀၀၀ နှင့် Mask အခု ၄၀၀၀ တို့ကို ပေးအပ်လှူဒါန်းရာ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးခင်မောင်လွင်နှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။ **(အပေါ်ပုံ)** ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များက လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

### ရွှေ့ပြောင်းနေထိုင်သူများအတွက် အိမ်ထောင်စုလူဦးရေစာရင်း ထုတ်ပေးနိုင်ရန် စိစစ်အတည်ပြုပေးမည့် (၅) ဦးကော်မတီ (ပန်းခင်းစီမံချက်)

(၁) မြို့နယ်ဦးစီးမှူး (လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ)

(၂) မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာန ကိုယ်စားလှယ် (၁)ဦး

(၃) မြို့နယ်ရဲတပ်ဖွဲ့ ကိုယ်စားလှယ် (၁)ဦး

(၄) မြို့နယ်ကျန်းမာရေးဦးစီးဌာန ကိုယ်စားလှယ် (၁)ဦး

(၅) ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး

# နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်ရည်ရွယ်ချက်ဖြင့် CDM လှုပ်ရှားမှုတွင်ပါဝင်သည့် ပညာရေးဝန်ထမ်းများအား ရာဇသတ်ကြီး ဥပဒေပုဒ်မ ၅၀၅-ကဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်

**နေပြည်တော် မေ ၉**

နိုင်ငံတော်၏အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံ့ဝန်ထမ်းများနှင့် ပညာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုများတွင် ပါဝင်လာစေရန်လှုံ့ဆော်ခြင်း၊ ၎င်းတို့ကိုယ်တိုင် CDM လှုပ်ရှားမှုများတွင် ပါဝင်လုပ်ဆောင်ခြင်း၊ CDM လှုပ်ရှားမှုအပေါ် ထောက်ခံအားပေးခြင်း၊ CRPH မတရားအသင်းအား ထောက်ခံအားပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသော အောက်ဖော်ပြပါ ပညာရေးဝန်ထမ်းများအား ရာဇသတ်ကြီး ဥပဒေပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်ထားပြီး ဖြစ်ပါသည်။

| စဉ် | အမည် | အလုပ်အကိုင် | နေရပ်လိပ်စာ | တရားစွဲဆိုထားသည့်ပုဒ်မ | ဓာတ်ပုံ |
|---|---|---|---|---|---|
| ၁ | ဦးနိုင်လင်းထွန်း | လက်ထောက်ကထိက၊ ရန်ကုန်နည်းပညာတက္ကသိုလ် (မှော်ဘီ)၊ မှော်ဘီမြို့နယ် | စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၂ | ဒေါ်အေးအေးမြတ် | လက်ထောက်ကထိက၊ ရန်ကုန်နည်းပညာတက္ကသိုလ် (မှော်ဘီ)၊ မှော်ဘီမြို့နယ် | ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၃ | ဒေါ်ချောအိသိန်း | ကျောင်းအုပ်၊ အမက(ကြို့ကုန်း)၊ လှည်းကူးမြို့နယ် | လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၄ | ဦးစိုးသူရကျော် | အထက်တန်းပြ၊ အထက-ခွဲ(ဂျိုးဖြူ)၊ တိုက်ကြီးမြို့နယ် | အဖျာက်မြို့၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၅ | ဦးသီဟခင်စိုး | အလယ်တန်းပြ၊ မူလွန်(ကျီးပင်လဟာ)၊ တိုက်ကြီးမြို့နယ် | တိုက်ကြီးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၆ | ဒေါ်မာလာငြိမ်း | မူလတန်းပြ၊ မူလွန်(ရဲစု)၊ မှော်ဘီမြို့နယ် | မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၇ | ဦးမင်းသုခ | မူလတန်းပြ၊ အမက(လှော်ပုံ)၊ တိုက်ကြီးမြို့နယ် | အဖျာက်မြို့၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၈ | ဦးညီထွန်း | မူလတန်းပြ၊ အမက(ချောင်းသာယာ)၊ ဇီးကုန်းမြို့နယ် | ဇီးကုန်းမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၉ | ဦးအောင်ရဲလင်း | မူလတန်းပြ၊ အမက(သပြေပင်)၊ ကျွန်းစုမြို့နယ် | ကျွန်းစုမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး | ၅၀၅-က |  |
| ၁၀ | ဒေါ်အေးအေးမွန် | ရုံးအကူ၊ မြို့နယ်ပညာရေးမှူးရုံး၊ မအူပင်မြို့ | ညောင်တုန်းမြို့၊ ဧရာဝတီတိုင်းဒေသကြီး | ၅၀၅-က |  |



ဦးစိုးသူရကျော်(အထက်တန်းပြ၊ အထက-ခွဲ(ဂျိုးဖြူ)၊ တိုက်ကြီးမြို့နယ်)မှ ဦးဆောင်၍ ဆန္ဒဖော်ထုတ်နေစဉ်။


ဦးညီထွန်း(မူလတန်းပြ၊ အမက(ချောင်းသာယာ)၊ ဇီးကုန်းမြို့နယ်)မှ ဆန္ဒဖော်ထုတ်နေစဉ်။


ဦးအောင်ရဲလင်း(မူလတန်းပြ၊ အမက(သပြေပင်)၊ ကျွန်းစုမြို့နယ်)မှ ဆန္ဒဖော်ထုတ်နေစဉ်။


ဒေါ်အေးအေးမွန် (ရုံးအကူ၊ မြို့နယ်ပညာရေးမှူးရုံး၊ မအူပင်မြို့နယ်)မှ ဦးဆောင်၍ ဆန္ဒဖော်ထုတ်နေစဉ်။

အဆိုပါ အမှုဖွင့်လှစ်ထားသော ပညာရေးဝန်ထမ်းများအား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိပြီး ဖော်ပြပါပုဂ္ဂိုလ်များနှင့်စပ်လျဉ်း၍ နီးစပ်ရာရဲစခန်းများသို့ သတင်းပေးပို့ရန်နှင့် လက်ခံထားရှိသူများအားလည်း တရားဥပဒေအရ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

သတင်းစဉ်

❂ *ကျောဖုံးမှ*

ထို့နောက်တွင် ဗီလာအသင်းအပေါ် မန်ယူအသင်း ဖိအားပေးကစားလာနိုင်ခဲ့ပြီး ဒုတိယဂိုးရရှိခဲ့သည်။ အဆိုပါဂိုးကို ဝမ်ဘစ်ဆာကာ၏ ဖန်တီးပေးမှုမှတစ်ဆင့် ဂရင်းဝုဒ်က သွင်းယူပေးခဲ့သည်။

ဒုတိယပိုင်းပွဲချိန်ပြီးခါနီးတွင် မန်ယူအသင်းကစားအား ကျလာခဲ့ပြီး ဗီလာအသင်း ဆက်တိုက်ဖိအားပေးကစားလာနိုင်ခဲ့သည်။ သို့သော်လည်း မန်ယူနောက်တန်းမှ ဝမ်ဘစ်ဆာကာ၊ ဂိုးသမား ဟန်ဒါဆန်တို့ ကာကွယ်ထားနိုင်မှုတို့ကြောင့် လိုအပ်နေသည့် ဂိုးများကို မြင်တွေ့ခဲ့ရခြင်းမရှိချေ။ မန်ယူအသင်းအတွက် တတိယဂိုးကို ၈၇ မိနစ်တွင် ရက်ဖို့ဒ်၏ ဖန်တီးပေးမှုမှတစ်ဆင့် လူစားဝင်တိုက်စစ်မှူး ကာဗာနီက သွင်းယူပေးခဲ့သည်။ ပွဲချိန် ၈၉ မိနစ်တွင် ဗီလာအသင်းမှ ဝတ်ကင်စ် နှစ်ဝါတစ်နီဖြင့် အနီကတ်ပြ ထုတ်ပယ်ခံခဲ့ရသည်။ ထို့နောက်ပိုင်း နှစ်သင်းစလုံး ဂိုးသွင်းယူနိုင်ခြင်းမရှိသောကြောင့် မန်ယူအသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

မန်ယူအသင်းသည် ယခုအနိုင်ပွဲကြောင့် ၃၄ ပွဲကစားပြီး ရမှတ် ၇၀ ဖြင့် အဆင့် (၂) နေရာ၌ ဆက်လက်ရပ်တည်နိုင်ခဲ့သည်။

အောင်ဇော်

## ထားဝယ်မြို့၌ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် လှုံ့ဆော်သူအား ဖမ်းဆီးရမိ

**နေပြည်တော် မေ ၉**

ဆူပူအကြမ်းဖက်မှုကို လိုလားပြီး နိုင်ငံ၏ အုပ်ချုပ်မှုယန္တရား ပုံမှန်လည်ပတ်ရေးနှင့် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးကို မလိုလားသူများက CDM လှုပ်ရှားမှုတွင် မပါဝင်သည့် ကျန်းမာရေးဝန်ထမ်းများ၊ ပညာရေးဝန်ထမ်းများ၊ ဘဏ်ဝန်ထမ်းများနှင့် အခြား ဌာနဆိုင်ရာဝန်ထမ်းများအား ဖိအားပေးခြိမ်းခြောက်ခြင်း၊ လှုံ့ဆော်ခြင်း၊ Social Punishment ပြုလုပ်ခြင်းများ လုပ်ဆောင်လျက်ရှိသဖြင့် ထိုသို့လုပ်ဆောင်နေမှုများကို ရာဇသတ်ကြီးပုဒ်မ ၅၀၅-ကဖြင့် အမှုဖွင့်လှစ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့လုပ်ဆောင်လျက်ရှိရာ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ သဘော်ဆိပ်ရပ်ကွက် မင်္ဂလာလမ်း အိမ်အမှတ်(၂၆၆) တွင်နေထိုင်သော ပညာရေးဝန်ထမ်းတစ်ဦးဖြစ်သည့် မြတ်မြတ်အောင်(ဘ)ဦးကျော်မြင့်သည် ၎င်း၏လူမှုကွန်ရက်ပေါ်တွင် မဟုတ်မမှန်ရေးသား၍ အခြားပညာရေးဝန်ထမ်းများအား CDM တွင် ပါဝင်လုပ်ဆောင်လာအောင် စည်းရုံးလှုံ့ဆော်ခြင်း၊ ဆန္ဒပြမှုများတွင် ကိုယ်တိုင်ပါဝင်ခြင်းများ ဆောင်ရွက်ခဲ့မှုကြောင့် မေ ၈ ရက် နံနက် ၁၁ နာရီခွဲခန့်တွင် ၎င်း၏နေအိမ်၌ ဖမ်းဆီး ထိန်းသိမ်းနိုင်ခဲ့သည်။

အဆိုပါ ဖမ်းဆီးထိန်းသိမ်းခံရသူအား ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ထားဝယ်မြို့မရဲစခန်းတွင် (ပ)/၁၅၈/၂၀၂၁၊ ရာဇသတ်ကြီး ပုဒ်မ၊ ၅၀၅ (က)/ ၅၀၅ (ဂ) ဖြင့် အမှုဖွင့်အရေးယူ ဆောင်ရွက်ထားရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်



# နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်ရည်ရွယ်ချက်ဖြင့် CDM လှုပ်ရှားမှုတွင် ပါဝင်သည့် သူနာပြုများအား ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်

**နေပြည်တော်  မေ ၉**

နိုင်ငံတော်၏ အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံ့ဝန်ထမ်းနှင့် ကျန်းမာရေး ဝန်ထမ်းများအား CDM လှုပ်ရှားမှုများတွင် ပါဝင်လာစေရန် လှုံ့ဆော်ခြင်း၊ ၎င်းတို့ကိုယ်တိုင် CDM လှုပ်ရှားမှုများတွင် ပါဝင်လုပ်ဆောင်ခြင်း၊ CDM လှုပ်ရှားမှုအပေါ် ထောက်ခံအားပေးခြင်း၊ CRPH မတရားအသင်းအား ထောက်ခံအားပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည့် အောက်ဖော်ပြပါ သူနာပြုများအား ရာဇသတ်ကြီး ပုဒ်မ ၅၀၅- ကဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်ထားပြီးဖြစ်ပါသည်-

| စဉ် | အမည် | ဆေးရုံအမည် | နေရပ်လိပ်စာ | တရားစွဲဆိုထားသည့်ပုဒ်မ | ဓာတ်ပုံ |
| --- | --- | --- | --- | --- | --- |
| ၁ | ဒေါ်မြင့်မြင့်ဝေ (အထက်တန်း သူနာပြု) | ရွှေဘို ပြည်သူ့ဆေးရုံ | ရွှေဘိုမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး | ၅၀၅-က |  |
| ၂ | ဒေါ်သီတာမြင့် (အထက်တန်း သူနာပြု) | ကောလင်း ပြည်သူ့ဆေးရုံ | ကောလင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး | ၅၀၅-က |  |
| ၃ | ဒေါ်အေးအေးထွန်း (အထက်တန်း သူနာပြု) | ရန်ကုန်မြို့ ရခိုင်ချောင် တိုက်နယ်ဆေးရုံ | ဒလမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၄ | ဒေါ်စမ်းစမ်းတင့် (အထက်တန်း သူနာပြု) | လက်ပံတန်း ပြည်သူ့ဆေးရုံ | ပေါင်းတည်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၅ | ဒေါ်စန်းစန်းမာ (အထက်တန်း သူနာပြု) | ပြင်ဦးလွင် ပြည်သူ့ဆေးရုံ | တံတားဦးမြို့၊ မန္တလေးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၆ | ဒေါ်ရီရီထွေး (သူနာပြု) | ကျိုင်းတုံ ပြည်သူ့ဆေးရုံကြီး | ကျိုင်းတုံမြို့၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ၅၀၅-က |  |
| ၇ | ဒေါ်ခင်ပိုးလေး (သူနာပြု) | သထုံ ပြည်သူ့ဆေးရုံ | သထုံမြို့၊ မွန်ပြည်နယ် | ၅၀၅-က |  |
| ၈ | နန်းစန္ဒာဝင်း (သူနာပြု) | မြဝတီ ပြည်သူ့ဆေးရုံကြီး | မြဝတီမြို့၊ ကရင်ပြည်နယ် | ၅၀၅-က |  |
| ၉ | ဒေါ်ဟံသာထွန်း (သူနာပြု) | ဘုရားသုံးဆူ ပြည်သူ့ဆေးရုံ | ဘုရားသုံးဆူမြို့၊ ကရင်ပြည်နယ် | ၅၀၅-က |  |
| ၁၀ | ဒေါ်စုစုဝင်း (သူနာပြု) | တံတားဦး ပြည်သူ့ဆေးရုံ | တံတားဦးမြို့၊ မန္တလေးတိုင်းဒေသကြီး | ၅၀၅-က |  |

အဆိုပါအမှုဖွင့်လှစ်ထားသော သူနာပြုများအား ဖမ်းဆီးရမိရေးဆောင်ရွက်လျက်ရှိရာ လက်ခံထားသူများအား CDM နှင့် CRPH လှုပ်ရှားမှု၌ ပါဝင်သူများကို ထောက်ခံအားပေးခြင်းအရ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

သတင်းစဉ်

*စာမျက်နှာ ၁၇ မှ*

အလားတူ နံနက် ၇ နာရီ မိနစ်၂၀ တွင် ကမာရွတ်မြို့နယ် အမှတ်(၂)ရပ်ကွက် အင်းစိန်လမ်းရှိ လူကူးခုံးကျော်တံတားပေါ်နှင့် နံနက် ၈ နာရီခန့်တွင် အမှတ်(၁)ရပ်ကွက် ရတနာမြိုင်လမ်းထိပ် ဆိုက်ကားဂိတ်မှတ်တိုင်အနီး၌ ပေါက်ကွဲမှုများဖြစ်ပွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာအဆိုပါနေရာများမှ Keypad ဖုန်း၊ ဓာတ်ခဲတို့အား ဝိုင်ယာကြိုးဖြင့် ချိတ်ဆက်၍ ကော်ပိုက်၊ သံပိုက်တို့ဖြင့်ပြုလုပ်ထားသော လက်လုပ်မိုင်းတစ်လုံးစီ ပေါက်ကွဲထားသည့် အပိုင်းအစများအား အသီးသီးတွေ့ရှိရပြီး ရတနာမြိုင်လမ်းထိပ် ဆိုက်ကားဂိတ်မှတ်တိုင်မှ မပေါက်ကွဲသေးသည့် Keypad ဖုန်း၊ ဓာတ်ခဲတို့အား ဝိုင်ယာကြိုးဖြင့် ချိတ်ဆက်၍ အလျား ၆ လက်မခန့်ရှိ သံပိုက်ဖြင့် ပြုလုပ်ထားသော လက်လုပ်မိုင်းတစ်လုံးနှင့် အလျား ၈ လက်မခန့်ရှိ ကော်ပိုက်ဖြင့် ပြုလုပ်ထားသော လက်လုပ်မိုင်းတစ်လုံးတို့ကို တွေ့ရှိရသဖြင့် သက်မဲ့ပြုလုပ် သိမ်းဆည်းခဲ့ကြောင်း သိရသည်။

အလားတူ နံနက် ၉ နာရီတွင် ကချင်ပြည်နယ် မိုးကောင်းမြို့ ဈေးကုန်းရပ်ကွက်ရှိ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ လက်ပစ်ဗုံး တစ်လုံးတွေ့ရှိကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါကျောင်းဝင်းအတွင်းရှိ ရေစင်အောက်၌ မပေါက်ကွဲသေးသည့် SB တံဆိပ်ပါ သံကိုယ်ထည်လက်ပစ်ဗုံး တစ်လုံးအား တွေ့ရှိရသဖြင့် သက်မဲ့ပြုလုပ် သိမ်းဆည်းခဲ့ကြောင်း သိရသည်။

အလားတူ နံနက် ၉ နာရီ မိနစ် ၂၀ တွင် ချင်းပြည်နယ် ဟားခါးမြို့ ဈေးသစ်ရပ်ကွက် ဗိုလ်ချုပ်လမ်းပေါ်ရှိ ပြည်နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံး ဝန်ထမ်းအိမ်ရာ၌ ပေါက်ကွဲမှုဖြစ်ပွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အကြမ်းဖက်သူအမျိုးသား သုံးဦး(စိစစ်ဆဲ)မောင်းနှင်လာသည့် ဆိုင်ကယ်နှစ်စီးမှ လက်လုပ်မိုင်းတစ်လုံးဖြင့် ပစ်ပေါက်ထွက်ပြေးခဲ့၍ လက်လုပ်မိုင်းမှာ အဆိုပါဝန်ထမ်းအိမ်ရာရှေ့ ဆိုင်ကယ်ရပ်နားသည့် အဆောင်အနီး ကျရောက်ပေါက်ကွဲခဲ့ပြီး ပေါက်ကွဲမှုကြောင့် အဆိုပါအဆောင်အား ကာရံထားသည့် သွပ်ပြား ခြောက်ချပ် ပေါက်ပြဲ ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်များမှ အကြမ်းဖက်မှုလုပ်ရပ်များကို ကျူးလွန်သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ရွှေကူမြို့နယ်ရှိ လုံခြုံရေးယာယီရုပ်သိမ်းထားသည့် မြို့လှနယ်မြေရဲစခန်းနှင့် ဖြူးမြို့နယ် ချင်းခင်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းများအား လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့က မီးရှို့ဖျက်ဆီး

**နေပြည်တော်  မေ ၉**

ကချင်ပြည်နယ် ရွှေကူမြို့နယ်ရှိ လုံခြုံရေး ယာယီရုပ်သိမ်းထားရှိသည့် မြို့လှနယ်မြေရဲစခန်းအား လက်နက်ကိုင် သောင်းကျန်းသူ အဖွဲ့က မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကချင်ပြည်နယ် ရွှေကူမြို့နယ်ရှိ လုံခြုံရေး ယာယီရုပ်သိမ်းထားသည့် မြို့လှနယ်မြေခံရဲစခန်းအား ယနေ့ နံနက် ၂ နာရီခန့်တွင် (စိစစ်ဆဲ) လက်နက်ကိုင် သောင်းကျန်းသူများက မီးရှို့ဖျက်ဆီးခဲ့သဖြင့် မီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့ပြီး နံနက် ၅ နာရီတွင် မီးငြိမ်းသွားခဲ့ကြောင်း၊ မီးလောင်မှုကြောင့် အဆိုပါ ရဲစခန်းရုံး သွပ်မိုး၊ အုတ်ကာတစ်ထပ် အဆောက်အအုံတစ်လုံး၊ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်းနေအိမ်တစ်လုံး၊ ကျင်စင်အရှည် နှစ်ခု၊ သက်သေခံပစ္စည်း ဆိုင်ကယ်သုံးစီး၊ ရဲစခန်းရုံး အတွင်းရှိ ရုံးသုံးပရိဘောဂ ပစ္စည်းများနှင့် ဆက်သွယ်ရေးစက် တစ်လုံးတို့ မီးလောင်ပျက်စီး ဆုံးရှုံးခဲ့ကြောင်း သိရသည်။

အလားတူ ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ချင်းခင်ကျေးရွာရှိ အခြေခံပညာ အလယ်တန်းကျောင်းအား မေ ၈ ရက် နံနက် ၂ နာရီခန့်တွင် အကြမ်းဖက်သူများက မီးပုလင်းဖြင့် ပစ်ပေါက်၍ မီးရှို့ဖျက်ဆီးခဲ့ကြောင်း။ ဖြစ်စဉ်မှာ မေ ၈ ရက် နံနက် ၂ နာရီခန့်တွင် ချင်းခင်ကျေးရွာရှိ အခြေခံပညာ အလယ်တန်းကျောင်း မီးလောင်နေကြောင်းသတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက သွားရောက် မီးငြိမ်းသတ်ခဲ့ရာ နံနက် ၂ နာရီ မိနစ် ၄၀ တွင် မီးငြိမ်းသွားခဲ့ပြီး မီးလောင်မှုကြောင့် အဆိုပါကျောင်းရှိ ပေ ၁၂၀x ပေ ၃၀ ရှိ သွပ်မိုး၊ အုတ်ကာ စာသင်ကျောင်းဆောင် တစ်ဆောင်နှင့် ကျောင်းဆောင်အတွင်းရှိ စာသင်ခုံများမီးလောင်ပျက်စီး ဆုံးရှုံးခဲ့ပြီး မီးလောင်မှုဖြစ်ပွားသည့် ကျောင်းဆောင်အတွင်းမှ မီးပုလင်းကွဲစများအား တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း၊ အဆိုပါဖြစ်စဉ်မှ မီးရှို့ခဲ့သည့် အကြမ်းဖက် သူများအား စုံစမ်း ဖော်ထုတ်၍ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် တရားမဝင် အကောက်ခွန်မဲ့ တင်သွင်းရောင်းချနေသည့် မော်တော်ဆိုင်ကယ် ၈၂၆ စီး သိမ်းဆည်းရမိ

နေပြည်တော်  မေ ၉

**နိုင်ငံတော်အတွင်း ပြည်သူလူထု သွားလာမှု အဆင်ပြေချောမွေ့စေရေးနှင့် တရားမဝင် အကောက်ခွန်မဲ့ တင်သွင်းမှုမရှိစေရေးအတွက် မော်တော်ဆိုင်ကယ်တင်သွင်းမှုများအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်လျက်ရှိသည်။**



ထိုသို့ဆောင်ရွက်လျက်ရှိရာတွင် မသမာသော နည်းလမ်းဖြင့် အကောက်ခွန်မဲ့တင်သွင်းနိုင်ရေးကို ဦးတည်သော ကုန်သည်အချို့သည် လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များအား နယ်စပ်ဒေသ လမ်းကြောင်းအသီးသီးမှ တင်သွင်းလာပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ အရောင်းဆိုင်များ၊ အရောင်းပြခန်းများတွင် စည်းကမ်းသတ်မှတ်ချက်များကို ချိုးဖောက်ကာ တရားမဝင် ရောင်းချနေကြသည်ကို စိစစ်တွေ့ရှိရသည်။

သို့ဖြစ်ပါ၍ တရားမဝင် အကောက်ခွန်မဲ့ တင်သွင်းလာသော အရောင်းဆိုင်/အရောင်းပြခန်းများတွင် ရောင်းချလျက်ရှိသည့် တရားမဝင် မော်တော်ဆိုင်ကယ်များကို အဓိကဦးတည်ပြီး ဖမ်းဆီးနိုင်ရေး ဆောင်ရွက်ခဲ့ရာ မေ ၈ ရက်အထိ အရောင်းဆိုင်/အရောင်းပြခန်းများနှင့် နယ်စပ်ဒေသ လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာသည့် မော်တော်ဆိုင်ကယ် စုစုပေါင်း ၈၂၆ စီး သိမ်းဆည်းရမိခဲ့ပြီး တရားမဝင် တင်သွင်းလာမှုများမရှိစေရေး ဖမ်းဆီး အရေးယူမှုများအား ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဆူပူအကြမ်းဖက်သူ လူအုပ်စုများအနေဖြင့် လက်ပစ်ဗုံး၊ လက်လုပ်ဗုံးနှင့် လက်လုပ်မိုင်းများအား အသုံးပြု၍ အကြမ်းဖက်မှုလုပ်ရပ်များလုပ်ဆောင်






မြဝတီမြို့ အထက(၂)၌ လက်လုပ်ချိန်ကိုက်မိုင်းတစ်လုံးနှင့် လက်လုပ်မိုင်းတစ်လုံးကို တွေ့ရစဉ်။

နေပြည်တော် မေ ၉

**နိုင်ငံတော်အတွင်း ဆူပူအကြမ်းဖက်သူ လူအုပ်စုများအနေဖြင့် နိုင်ငံတော်ပိုင်အဆောက်အအုံများ၊ အေးချမ်းစွာနေထိုင်လိုသော ပြည်သူလူထုအချို့၏ နေအိမ်များ၊ အများပြည်သူသွားလာလှုပ်ရှားနေသော လမ်းမကြီးများပေါ်တွင် လက်လုပ်ဗုံးများ ပစ်ဖောက်ခြင်း၊ ထောင်ထားခြင်းများ ပြုလုပ်နေကြသည်ကို တွေ့ရှိရသည်။**

ထိုသို့လုပ်ဆောင်ရာတွင် မေ ၈ ရက် ညနေ ၆ နာရီတွင် ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် ရွာဘဲရပ်ကွက် သစ်တောရုံးလမ်းရှိ မဟာစေတီဘုရားတောင်ဘက်မုခ်အနီးတွင် ပေါက်ကွဲမှုဖြစ်ပွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါရပ်ကွက်နေ မအေးလေး(၃၇နှစ်) (ဘ)ဦးခင်သန်းသည် အမှိုက်ကောက်နေစဉ် ဘုရားတောင်ဘက်မုခ်အနီး လမ်းဘေးချုံအတွင်း တွေ့ရသော ကြွပ်ကြွပ်အိတ်တစ်လုံးကို ကောက်ယူဖွင့်ကြည့်ရာမှ ပေါက်ကွဲမှုဖြစ်ပွားကာ မအေးလေးတွင် ဝဲမျက်ခုံး၊ ဝဲရင်အုံ၊ ဝဲယာခြေထောက်တို့တွင် ပွန်းပဲ့ဒဏ်ရာများ(မစိုးရိမ်ရ)ရရှိခဲ့သဖြင့် ဆေးကုသမှုခံယူနိုင်ရေး ပြည်မြို့ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့ပြီး အခင်းဖြစ်နေရာမှ Keypad ဖုန်း၊ PVC ကော်ပိုက်အပိုင်းအစများတွေ့ရှိ သိမ်းဆည်းရမိခဲ့သည်။

## ပျက်စီးဆုံးရှုံး

အလားတူ ည ၇ နာရီ ၅ မိနစ်တွင် ကရင်ပြည်နယ် ဘားအံမြို့ အမှတ်(၂)ရပ်ကွက် သစ္စာလမ်းရှိ "သန့်ဇင်" ဆေးခန်းရှေ့၌ ပေါက်ကွဲမှုဖြစ်ပွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါဆေးခန်းရှေ့၌ လက်လုပ်မိုင်းတစ်လုံး ပေါက်ကွဲခဲ့ကြောင်းသိရှိရပြီး ပေါက်ကွဲမှုကြောင့် အဆိုပါနေရာအနီးရှိနေသော အမျိုးသမီးတစ်ဦးနှင့် သုံးနှစ်အရွယ် ကလေးတစ်ဦးတို့တွင် ရင်ညွန့်၊ ဝဲ/ယာ လက်နှင့် ခြေထောက်တို့တွင် ပေါက်ပြဲဒဏ်ရာများ(မစိုးရိမ်ရ) ရရှိခဲ့ကြောင်းနှင့် ည ၇ နာရီ ၁၀ မိနစ်တွင် အမှတ်(၉)ရပ်ကွက် ဗိုလ်ချုပ်လမ်းနှင့် မလိခလမ်းထောင့်ရှိ မြို့နယ်စည်ပင်ရုံးကို အကြမ်းဖက်သူ အမျိုးသား နှစ်ဦး (စီစစ်ဆဲ) မောင်းနှင်လာသော ဆိုင်ကယ်မှ လက်လုပ်မိုင်းနှစ်လုံးဖြင့် ပစ်ပေါက်ထွက်ပြေးခဲ့ရာ အဆိုပါမိုင်းများမှ စည်ပင်ရုံးရှေ့သို့ ကျရောက်ပေါက်ကွဲခဲ့ပြီး ပေါက်ကွဲမှုကြောင့် အဆိုပါရုံးရှေ့ပြတင်းတံခါးမှန် တစ်ချပ်နှင့် မီးချောင်း တစ်ချောင်းတို့ ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

ထို့အတူ ည ၇ နာရီ ၁၅ မိနစ်တွင် ဘားအံမြို့နယ်ရှိ အိန္ဒုနယ်မြေရဲစခန်းကို မြဝတီ-ဘားအံကားလမ်းအတိုင်း လွန်းညကျေးရွာဘက်မှ ဘားအံမြို့ဘက်သို့ အကြမ်းဖက်သူအမျိုးသားနှစ်ဦး (စီစစ်ဆဲ) မောင်းနှင်လာသော ဆိုင်ကယ်တစ်စီးမှ ၃၆ မမ လက်ပစ်ဗုံးတစ်လုံးဖြင့် ပစ်ပေါက်ထွက်ပြေးခဲ့ရာ ရဲစခန်းဝင်းအတွင်း ကျရောက်ပေါက်ကွဲမှုမရှိခဲ့ကြောင်း၊ တစ်ချိန်တည်းတွင် ရန်ကင်းဘုန်းကြီးကျောင်းဝင်းအတွင်းမှ အကြမ်းဖက်သူ ၁၀ ဦးခန့် (စီစစ်ဆဲ)က အဆိုပါရဲစခန်း မိသားစုနေအိမ်လိုင်းခန်းများကို လက်လုပ်မိုင်း သုံးလုံးဖြင့် ပစ်ပေါက်ခဲ့ရာ လက်လုပ်မိုင်းများမှာ လိုင်းခန်းအနောက်ဘက်သို့ ကျရောက်ပေါက်ကွဲခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါဘုန်းကြီးကျောင်းဝင်းအတွင်းသို့ ဝင်ရောက်ရှင်းလင်းခဲ့ရာ အိန္ဒုကျေးရွာနေ ခင်လင်းထွေး(ခ)ဖိုးခွား(၃၀နှစ်) (ဘ)ဦးချစ်ဆွေအားတွေ့ရှိရသဖြင့် ထိန်းသိမ်းစစ်ဆေးလျက်ရှိပြီး ပေါက်ကွဲမှုကြောင့် လူနှင့်အဆောက်အအုံ ထိခိုက်ပျက်စီးမှုမရှိကြောင်း သိရသည်။

အလားတူ ည ၈ နာရီခန့်တွင် မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် (ဆ)ရပ်ကွက် ၆၂ လမ်းနှင့် ၆၃ လမ်းကြား၊ ၁၂၈ လမ်းနှင့်၁၂၉ လမ်းကြားရှိ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံးကို ၆၂ လမ်းမှ ၁၂၈ လမ်းဘက်သို့ အမျိုးသားနှစ်ဦး (စီစစ်ဆဲ) မောင်းနှင်လာသော ဆိုင်ကယ်တစ်စီးမှ လက်လုပ်မိုင်းတစ်လုံးဖြင့် ပစ်ပေါက်ထွက်ပြေးခဲ့ရာ အဆိုပါမိုင်းမှာ ၁၂၈ လမ်းပေါ်သို့ ကျရောက်ပေါက်ကွဲခဲ့ပြီး ပေါက်ကွဲမှုကြောင့် လူနှင့် အဆောက်အအုံထိခိုက်ပျက်စီးမှုမရှိကြောင်း သိရသည်။

## ကျရောက် ပေါက်ကွဲ

အလားတူ ည ၈ နာရီခွဲတွင် မဟာအောင်မြေမြို့နယ် ဟေမမာလာတောင်ရပ်ကွက်တွင် ပေါက်ကွဲမှုဖြစ်ပွားကြောင်း သတင်းအရ သွားရောက်စစ်ဆေးခဲ့ရာ ၇၈ လမ်းအတိုင်း မြောက်မှ တောင်သို့ အမျိုးသားနှစ်ဦး(စီစစ်ဆဲ) စီးနင်းလာသည့် ဆိုင်ကယ်တစ်စီးမှ မီးပိတ်မောင်းနှင်လာပြီး လမ်းမပေါ်သို့ လက်လုပ်မိုင်း ၁ လုံးဖြင့် ပစ်ပေါက်ကာ ၇၈ လမ်းအတိုင်း မောင်းနှင်ထွက်ပြေးသွား၍ အဆိုပါလက်လုပ်မိုင်းမှာ ၇၈ လမ်းနှင့် ၃၇ ထောင့်ရှိ "စန္ဒာမေ"ဖက်ထုပ်ဆိုင်အနီးတွင် ကျရောက် ပေါက်ကွဲခဲ့ခြင်းဖြစ်ပြီး ပေါက်ကွဲမှုကြောင့် လူနှင့်အဆောက်အအုံ ထိခိုက်ပျက်စီးမှုမရှိကြောင်း သိရသည်။

အလားတူ ည ၈ နာရီ ၃၅ မိနစ်တွင် ကချင်ပြည်နယ် မိုးကောင်းမြို့ အိုးတန်းရပ်ကွက်(၆)နေ ဦးအောင်လှ (၆၃နှစ်)(ဘ) ဦးသိန်းတန်၏နေအိမ်ကို အကြမ်းဖက်သူ (စီစစ်ဆဲ)က လက်ပစ်ဗုံးဖြင့် ပစ်ပေါက်ခဲ့ကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ဦးအောင်လှ၏ နေအိမ်တံခါးပေါက်မှ သုံးပေခန့်အကွာ ခြံဝင်းအတွင်းရှိ မြေကြီးပေါ်မှ APDF (TAS)စာတန်းပါ ဖျူ့စ်မပါသည့် လက်ပစ်ဗုံးတစ်လုံးကို တွေ့ရှိရသဖြင့် သက်မဲ့ပြုလုပ် သိမ်းဆည်းခဲ့ကြောင်းနှင့် တစ်ချိန်တည်းတွင် မိုးကောင်းမြို့နယ် နမ္မတီးမြို့ မြို့မရပ်ကွက်ရှိ ရပ်ကွက်စီမံအုပ်ချုပ်ရေးအဖွဲ့မှူး ဦးတင်လှိုင်၏ နေအိမ်ခြံဝင်းအတွင်း ပေါက်ကွဲမှုဖြစ်ပွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ဦးတင်လှိုင်၏ နေအိမ်အရှေ့ဘက်သုံးပေခန့်အကွာ ခြံဝင်းအတွင်းရှိ မြေကြီးပေါ်၌ လက်လုပ်ဗုံးတစ်လုံး ပေါက်ကွဲခဲ့ခြင်းဖြစ်ပြီး ပေါက်ကွဲမှုကြောင့် လူနှင့်အဆောက်အအုံ ထိခိုက်ပျက်စီးမှုမရှိကြောင်း သိရသည်။

## သက်မဲ့ပြုလုပ်

အလားတူ ည ၉ နာရီ ၁၅ မိနစ်တွင် ကရင်ပြည်နယ် မြဝတီမြို့ အမှတ်(၃)ရပ်ကွက် တပင်ရွှေထီးလမ်းရှိ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းရှေ့၌ မသင်္ကာဖွယ်ရာ အထုပ် ၁ ထုပ် တွေ့ရှိကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါကျောင်းရှေ့လမ်းပေါ်၌ ရပ်တန့်ထားသော စက်ဘီးခြင်းအတွင်းမှ ယမ်းနှင့်ဘောစေ့များ ထည့်ထားသည့် PVC ပိုက်ကို ဒီတိုနေတာ၊ သံပတ်နာရီ၊ ဓာတ်ခဲအသေး နှစ်လုံးတို့နှင့် ချိတ်ဆက်ပြုလုပ်ထားသော လက်လုပ်ချိန်ကိုက်မိုင်းတစ်လုံးနှင့် ကျောင်းဝင်းအတွင်း Grade-8 အခန်းဘေး၌ PVC ပိုက်အတွင်း ယမ်းမှုန့်/သံဘောစေ့များ ထည့်ထားသော လက်လုပ်မိုင်းတစ်လုံးတို့ကို တွေ့ရှိရသဖြင့် သက်မဲ့ပြုလုပ် သိမ်းဆည်းခဲ့ကြောင်း သိရှိရသည်။

အလားတူ ည ၁၀ နာရီခွဲတွင် နေပြည်တော် ပြည်ထောင်စုနယ်မြေ ပျဉ်းမနားမြို့ ရွှေချီရပ်ကွက် ၇ လမ်းနှင့် ၈ လမ်းကြားရှိ မြို့မအခြေခံပညာမူလတန်းကျောင်းအနီး၌ ပေါက်ကွဲမှုဖြစ်ပွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါကျောင်း၏ တောင်ဘက်လမ်းကြား ရေမြောင်းအတွင်းမှ ပေါက်ကွဲထားသည့် PVC ပိုက် အပိုင်းအစများ၊ ဒီတိုနေတာတစ်ခု၊ ဆားကစ်ပြားတစ်ခု၊ ဝိုင်ယာကြိုးနှစ်ချောင်း၊ ခြင်ဆေးဘူးအပိုင်းအစများ၊ ၃ ဒသမ ၇ ဗို့ ဓာတ်ခဲအိမ်တစ်ခု၊ ယမ်းမှုန့်များကို တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

အလားတူ မေ ၉ ရက် နံနက် ၁ နာရီခန့်တွင် ကချင်ပြည်နယ် ရွှေကူမြို့နယ် မင်းကျောင်းကုန်းကျေးရွာအနီးရှိ ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအစပ်ရှိ အရှည် ပေ ၃၀၀ ၊ အကျယ် ၂၅ ပေခန့်ရှိ ဒေသအခေါ် "ချောင်း၀" တံတားကို လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့မှ မိုင်းခွဲဖျက်ဆီးခဲ့ရာ တံတား၏ ကချင်ပြည်နယ်ဘက်ခြမ်းတွင် ရှစ်ပေပတ်လည်ခန့် ပေါက်ထွက်သွားခဲ့ပြီး လူထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်းနှင့် တံတားမှာ လတ်တလော ယာဉ်များဖြတ်သန်းသွားလာ၍ မရကြောင်း သိရသည်။

## လူထိခိုက်မှုမရှိ

အလားတူ နံနက် ၂ နာရီ ၂၅ မိနစ်တွင် မွန်ပြည်နယ် ရေးမြို့ ရန်ကြီးအောင်ရပ်ကွက် နတ်မောက်လမ်းနှင့် ဒူးယားလမ်းသို့ ဆက်သွယ်ထားသော လမ်းသွယ်တွင် ပေါက်ကွဲမှုဖြစ်ပွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါလမ်းသွယ်ပေါ်တွင် လက်လုပ်မိုင်းတစ်လုံးပေါက်ကွဲထားသည်ကို တွေ့ရှိရပြီး ပေါက်ကွဲမှုကြောင့် အဆိုပါလမ်းဘေးရှိ ခြံစည်းရိုးအုတ်တံတိုင်းနှင့် နေအိမ်ပြတင်းတံခါးမှန်နှစ်ချပ် ပျက်စီးခဲ့ပြီး လူထိခိုက်မှုမရှိကြောင်း သိရသည်။

အလားတူ နံနက် ၄ နာရီ မိနစ် ၂၀ တွင် မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ကုန်းဇောင်းကျေးရွာနေ ဒေါ်မြမွန်အေး (၄၃နှစ်) (ဘ) ဦးကျော်မြင့်၏ နေအိမ်ကို အကြမ်းဖက်သူ (စီစစ်ဆဲ)က လက်လုပ်ဗုံးဖြင့် ပစ်ပေါက်ခဲ့၍ အဆိုပါနေအိမ်ရှေ့ မြေကွက်လပ်ပေါ်တွင် ကျရောက်ပေါက်ကွဲခဲ့ပြီး လူနှင့် အဆောက်အအုံ ထိခိုက်ပျက်စီးမှုမရှိကြောင်း သိရသည်။

အလားတူ နံနက် ၆ နာရီ ၁၅ မိနစ်တွင် ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် ရွှေကညင်ပင်ကျေးရွာနေ ဦးအောင်ကိုလတ် (၄၃နှစ်) (ဘ) ဦးလှမြိုင်၏ နေအိမ်ကို အိမ်မဲဘက်မှ ကျောင်းကုန်းဘက်သို့ အမျိုးသားနှစ်ဦး(စီစစ်ဆဲ) မောင်းနှင်လာသော ဆိုင်ကယ်တစ်စီးမှ လက်လုပ်မိုင်းတစ်လုံးဖြင့် ပစ်ပေါက်ထွက်ပြေးခဲ့ရာ အဆိုပါလက်လုပ်မိုင်းမှာ ဦးအောင်ကိုလတ်၏ နေအိမ်ရှေ့တွင် ကျရောက်ပေါက်ကွဲခဲ့ကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါနေရာမှ ကွမ်းစားဆေးဘူးအတွင်း ယမ်းနှင့်သံဘောစေ့များ ရောစပ်ပြုလုပ်ထားသော လက်လုပ်မိုင်း တစ်လုံး ပေါက်ကွဲထားသည်ကို တွေ့ရှိခဲ့ရပြီး ပေါက်ကွဲမှုကြောင့် လူနှင့်အဆောက်အအုံ ထိခိုက်ပျက်စီးမှုမရှိကြောင်း သိရသည်။

အလားတူ နံနက် ၆ နာရီ ၁၅ မိနစ်တွင် မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ် အမှတ်(၈)ရပ်ကွက်ရှိ မြို့နယ်ပညာရေးမှူးရုံးနှင့် အမှတ်(၄)ရပ်ကွက်ရှိ မြင်းခြံ-ရေဝန်းကားလမ်းနှင့် သီရိဟေမာလမ်းထောင့်ရှိ "ကမ္ဘောဇ"ဘဏ်ရှေ့တို့ကို အမျိုးသားနှစ်ဦး (စီစစ်ဆဲ) မောင်းနှင်လာသည့် ဆိုင်ကယ်တစ်စီးမှ လက်လုပ်မိုင်းတစ်လုံးစီ ပစ်ပေါက်ထွက်ပြေးခဲ့၍ အသီးသီးပေါက်ကွဲခဲ့ပြီး ပေါက်ကွဲမှုကြောင့် "ကမ္ဘောဇ"ဘဏ်ရှေ့တွင် ထားရှိသော ATM စက် အောက်ခြေမှန်နှင့် ATM စက်ကို ကာရံထားသော စတီးတံခါးအောက်တန်း ပျက်စီးခဲ့ပြီး လူထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်းနှင့် လက်လုပ်မိုင်း အပိုင်းအစများကို တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

## Keypad ဖုန်းဖြင့် ချိတ်ဆက်ပြုလုပ်ထား

အလားတူ နံနက် ၆ နာရီ မိနစ် ၄၀ တွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် အမှတ်(၂၂)ရပ်ကွက် ရောဝဏ်လမ်းရှိ ရထားသံလမ်းကူးအနီး၌ လက်လုပ်မိုင်းတစ်လုံးတွေ့ရှိကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါနေရာမှ Keypad ဖုန်းဖြင့် ချိတ်ဆက်ပြုလုပ်ထားသော အလျား ကိုးလက်မခန့်ရှိ သံပိုက်ဖြင့် ပြုလုပ်ထားသည့် လက်လုပ်မိုင်း တစ်လုံးကို တွေ့ရှိရသဖြင့် သက်မဲ့ပြုလုပ် သိမ်းဆည်းခဲ့ကြောင်း သိရသည်။

အလားတူ နံနက် ၆ နာရီ ၄၅ မိနစ်တွင် ကမာရွတ်မြို့နယ် အမှတ်(၁)ရပ်ကွက် နဝရတ်လမ်းနှင့် အောင်ချမ်းသာလမ်းထောင့်ရှိ အင်ကြင်းပင်အောက်၌ လက်လုပ်မိုင်းတစ်လုံးတွေ့ရှိကြောင်း သတင်းအရ သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါနေရာမှ အလျား သုံးလက်မခန့်ရှိ ကော်ပိုက်ဖြင့် ပြုလုပ်ထားသော လက်လုပ်မိုင်းတစ်လုံးကို စနက်တံမီးလောင်ထားပြီး မပေါက်ကွဲဘဲ တွေ့ရှိရသဖြင့် သက်မဲ့ပြုလုပ် သိမ်းဆည်းခဲ့ကြောင်းသိရသည်။

အလားတူ နံနက် ၇ နာရီတွင် လှိုင်မြို့နယ် အမှတ်(၈)ရပ်ကွက်ရှိ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်းရှိ ကျောင်းအုပ်ကြီးရုံးရှေ့၌ မသင်္ကာဖွယ်ကြွပ်ကြွပ်အိတ်အထုပ်တစ်ထုပ်တွေ့ရှိကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါ ကြွပ်ကြွပ်အိတ်အတွင်းမှ Keypad ဖုန်းဖြင့် ချိတ်ဆက်ပြီး ကော်ပိုက်ဖြင့် ပြုလုပ်ထားသည့် လက်လုပ်မိုင်းတစ်လုံးကို တွေ့ရှိရသဖြင့် သက်မဲ့ပြုလုပ်သိမ်းဆည်းခဲ့ကြောင်း သိရသည်။

*စာမျက်နှာ ၁၈ သို့*

## ပေါက်မြို့နယ်၌ ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းနှင့် ကျန်းမာရေးအသိပညာပေးခြင်း ဆောင်ရွက်

**ပေါက် မေ ၉**

မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ်၌ မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများတွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက အသက်နှစ်လသားမှ တစ်နှစ်ခွဲအောက် ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား လစဉ်ပုံမှန်ကာကွယ်ဆေးထိုးနှံ တိုက်ကျွေးခြင်းနှင့် ကျန်းမာရေးအသိပညာပေးခြင်းများကို မေ ၇ ရက်က ဆောင်ရွက်သည်။

ယင်းသို့ ပုံမှန်ကာကွယ်ဆေးထိုးနှံတိုက်ကျွေးမှုအစီအစဉ်တွင် ရပ်ကွက်/ကျေးရွာများရှိ ကိုယ်ဝန်ဆောင်မိခင်နှင့်ကလေးမိခင်များအား ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများက ကာကွယ်ဆေးထိုးနှံတိုက်ကျွေးပေးရခြင်းနှင့် ပတ်သက်၍ ကာကွယ်နိုင်သည့် ရောဂါများအကြောင်းကို ကာကွယ်ဆေးထိုးနှံရန် လာရောက်သည့် မိခင်တစ်ဦးချင်းစီအား အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်သည်။

ကာကွယ်ဆေးထိုးနှံတိုက်ကျွေးရာတွင် မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများအတွင်းရှိ ကလေးငယ်များအား ဝက်သက်- ဂျိုက်သိုးရောဂါ၊ ငါးမျိုးစပ်ကာကွယ်ဆေး၊ ပြင်းထန်အဆုတ်ရောင် (pvc) ကာကွယ်ဆေး၊ ပိုလီယိုကာကွယ်ဆေး၊ ပိုလီယိုအစက်ချကာကွယ်ဆေး၊ တီဘီရောဂါ၊ ဆုံဆို့နာရောဂါ၊ ကြက်ညှာချောင်းဆိုးရောဂါ၊ မေးခိုင်ရောဂါ၊ အသည်းရောင် အသားဝါ(ဘီ)ရောဂါ၊ ဦးနှောက်အမြှေးရောင်၊ အဆုတ်ရောင်ရောဂါနှင့် ကိုယ်ဝန်ဆောင်မိခင်များအား မေးခိုင်ရောဂါကာကွယ်ဆေးတို့ကို ထိုးနှံတိုက်ကျွေးခြင်းဖြစ်ကြောင်း သိရသည်။

ဉာဏ်တိုး(ပြန်/ဆက်)

## ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စာအုပ်စာစောင်များပေးအပ်ရန် အသိပေးကြေညာခြင်း

၂၀၁၄ ခုနှစ် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေ၊ နည်းဥပဒေများအရ ပုံနှိပ်သူ၊ ထုတ်ဝေသူများသည် မိမိတို့ထုတ်ဝေသည့် စာအုပ်စာစောင် ၆ အုပ် သို့မဟုတ် ၆ စောင်ကို ပြန်ကြားရေးဝန်ကြီးဌာနသို့ အဖိုးအခလွတ် ပေးအပ်ရမည်ဖြစ်ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာနသည် အဆိုပါ စာအုပ်စာစောင်များကို အမျိုးသားစာကြည့်တိုက်၊ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနနှင့် အမျိုးသားစာပေဆု ရွေးချယ်ရေးကော်မတီများသို့ ခွဲဝေပေးပို့လျက်ရှိပါသည်။ ထို့အပြင် ပေးပို့လာသော ထုတ်ဝေစာများကို ပြက္ခဒိန်နှစ်အလိုက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း ထုတ်ဝေသော စာအုပ်စာတမ်းများစာရင်းတွင်လည်း ရေးသွင်းထားပြီး နှစ်စဉ်ထုတ်ပြန်လျက်ရှိပါသည်။

သို့ပါ၍ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေ ၁၅၊ နည်းဥပဒေခွဲ (က) ပါ ပြဋ္ဌာန်းချက်များအရထုတ်ဝေသူသည် မိမိထုတ်ဝေသော ထုတ်ဝေစာ ၆ အုပ် သို့မဟုတ် ၆ စောင်ကို ဖြန့်ချိသည့် နေ့ရက်မှစ၍ ၇ ရက်အတွင်း ပုံနှိပ်သူထံ ပေးအပ်ပြီး ပုံနှိပ်သူသည် ၁၄ ရက်အတွင်း ပုံစံ ၁၁ဖြင့် ပြန်ကြားရေးဝန်ကြီးဌာန မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲသို့ မပျက်မကွက် ပေးအပ်ကြပါရန် အသိပေးကြေညာအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

## အသိပေးကြေညာချက်

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ (၂၀၁၄)အရ ပြန်ကြားရေးဝန်ကြီးဌာနက တရားဝင်ထုတ်ဝေခွင့်ပြုထားသည့် စာအုပ်စာစောင်များတွင် ပါဝင်ခြင်းမရှိသည့် စာအုပ်စာစောင်အချို့အား ၂၀၂၁ ခုနှစ်၊ ဧပြီလ (၁၁) ရက်ခန့်မှစ၍ တရားမဝင် ထုတ်ဝေဖြန့်ချိနေသည်ကို တွေ့ရှိနေရပါသည်။ ထိုကဲ့သို့ ခွင့်ပြုချက်မရှိဘဲ လုပ်ငန်းဆောင်ရွက်ခြင်းနှင့် ထောက်ပံ့ကူညီခြင်းတို့ ပြုလုပ်ပါက တည်ဆဲဥပဒေနှင့်အညီ မည်သူမဆို အရေးယူခံရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
(၁၄-၄-၂၀၂၁)




အမြို့မြို့အနယ်နယ်
ပျံ့နှံ့သည့် သတင်းစာ
မြန်မာ့အလင်း
သတင်းစာတွင်
ကြော်ငြာပါ

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၉ - ၅- ၂၀၂၁

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၄၈၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၉၇၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၄၈၂၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၉၄၈၀၀ |

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၂၀ | ကျပ် | ၉၄၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၅၀ | ကျပ် | ၉၇၀ | ကျပ် |
| အောက်တိန်း ၉၂ | ၉၂၀ | ကျပ် | ၉၇၀ | ကျပ် |
| အောက်တိန်း ၉၅ | ၁၀၁၀ | ကျပ် | ၁၀၇၀ | ကျပ် |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၅၉၅ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၇၃၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၁၄၀ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၈ .၅ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၃၅၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၄၅ |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၉၀၀ | ၉၁၀၀ | ၁၆၂၆ | ၁၄၇၃၀၆၀၀ |
| MTSH | ၃၄၅၀ | ၃၄၅၀ | ၆၃၅ | ၂၁၉၀၇၅၀ |
| MCB | ၈၁၀၀ | ၈၁၀၀ | ၂၄ | ၁၉၄၄၀၀ |
| FPB | ၁၉၅၀၀ | ၁၉၅၀၀ | ၁၂၉ | ၂၅၁၅၅၀၀ |
| TMH | ၂၇၀၀ | ၂၇၀၀ | ၁၁ | ၂၉၇၀၀ |
| EFR | ၃၂၀၀ | ၃၂၀၀ | ၅ | ၁၆၀၀၀ |

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - ဝင်းကျော်
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ သိမ့်သိမ့်မိုး၊
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မိမိဖြိုး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm



# ဖွဲ့လား ဘွဲ့လား

**မောင်ခင်မင် (ဓနုဖြူ)**

“ဘာဘကို ကြားဖောက်ပြီး မေးစရာတစ်ခုပေါ်လာလို့ပါ။ ဘာဘက ပညာရေးစာပေအကြောင်း ပြောနေတုန်း ဖြတ်မေးရတာ အားနာပါတယ် ဘာဘ”

“ဘာများ မေးစရာပေါ်လာပြန်ပြီလဲ သမီးရဲ့”

“သမီးနဲ့ သမီးသူငယ်ချင်းနဲ့ ငြင်းကြတာပါ။ နတ်ရှင်နောင် ရေးတဲ့ မယ်ဘွဲ့ရတုတွေအကြောင်း ပြောရင်းနဲ့ ‘သူက မယ်ဖွဲ့ ရတု’လို့ ရေးတာ မှန်တယ်ပြောလို့ သမီးက ‘မယ်ဘွဲ့ရတု’လို့ ရေးရမယ်လို့ ပြန်ပြောရင်း ငြင်းကြတာပါ ဘာဘ။ ‘မယ်ဘွဲ့’နဲ့ ‘မယ်ဖွဲ့’ ဘယ်ဟာ မှန်သလဲဆိုတဲ့ ကိစ္စပါ”

“ဘယ်ဟာမှန်တယ်လို့ တစ်ခွန်းတည်းပြောလို့ရပေမဲ့ အဲဒီ ရေးထုံးရဲ့သဘောသဘာဝကလေးက စပြောရင် ပိုပြီးရေလည် မယ်ထင်တယ် သမီးရဲ့”

“ဟုတ်ကဲ့ပါ ဘာဘ”

“ဒီတော့ နမူနာစကားလုံးကလေးတွေနဲ့ စရအောင်။ လမ်းပေါ်မှာကလေးတွေ လှိမ့်ပြီးကစားကြတဲ့ အဝိုင်းကလေးကို ဘာခေါ်သလဲ သမီး”

“ ‘ငွေ’ကို ပြောတာမဟုတ်လား ဘာဘ။ ငွေလှိမ့်ကစား ကြတာလေ”

❑ **ရှေးကဘုရင်တွေက မှူးမတ်ပညာရှိတွေကို ချီးမြှင့်ရာမှာ ‘အနန္တသူရ၊ ဇေယျပျံချီ၊ လက်ဝဲနော်ရထာ ’စတဲ့ ဘွဲ့တွေကို ရွှေပြားပေါ်မှာရေးပြီး အဲဒီမှူးမတ်ပညာရှိတွေရဲ့ နဖူးမှာ ဖွဲ့ချည် ချီးမြှင့်လို့ ဘွဲ့လို့ခေါ်တာပေါ့။ ရဟန်းဘွဲ့တက္ကသိုလ်က ချီးမြှင့်တဲ့ ဘွဲ့တွေ၊ လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် ချီးမြှင့်တဲ့ ဘွဲ့တွေဟာလဲ အဲဒီ အဓိပ္ပာယ်ပါပဲ**

❑ **ဒီတော့ မှတ်ဖို့က ကြိယာအဖြစ်သုံးရင် မယ်အကြောင်းကိုဖွဲ့တယ်၊ နွေကိုဖွဲ့တယ်၊ ဘုန်းတော်ကို ဖွဲ့တယ်ဆိုပြီး ‘ဖွဲ့’လို့ သုံးရတယ်။ နာမ် အဖြစ်သုံးရင်တော့ မယ်ဘွဲ့၊ နွေဘွဲ့၊ ဘုန်းတော်ဘွဲ့ဆိုပြီး ‘ဘွဲ့’လို့ သုံးရတယ်ဆိုတာပါပဲကွယ်**

“ဟုတ်တယ် ။ ကဲ – သမီးစဉ်းစားကြည့်စမ်း၊ အဲဒီကစားစရာ ကလေးကို ‘ငွေ’လို့ ဘာဖြစ်လို့ခေါ်တာလဲ”

“ဘာဖြစ်လို့ ခေါ်တာလဲဆိုတော့ သံပြားကို ခွေ ထားလို့ ငွေ လို့ ခေါ်တာမဟုတ်လား ဘာဘ”

“ဟုတ်ပ့ါ၊ သမီးက စဉ်းစားတတ်ပါတယ်။ ခွေထားတဲ့ပစ္စည်း ‘ငွေ’လို့ခေါ်တာ ဟုတ်ပါတယ်။ အဲဒီလိုပဲ သမီးကျောင်းသွားရင် ထမင်းတွေ ဟင်းတွေထည့်ယူသွားတဲ့ အဆင့်အဆင့်ပါတဲ့ ထည့်စရာကိုကော၊ ဘာခေါ်သလဲ”

“‘ဂျိုင့်’ ပါ ဘာဘ။ ‘ထမင်းဂျိုင့်’ပါ”

“အေး ရေးတော့ ‘ထမင်းချိုင့်’လို့ ရေးရပေမဲ့ အသံထွက်တော့ ‘ထမင်းဂျိုင့်’လို့ ထွက်တာပေါ့။ အဲဒီထည့်စရာတွေကိုရော ဘာဖြစ်လို့ ‘ဂျိုင့်’လို့ ခေါ်ရတာလဲ”

“ချိုင့်နေလို့ ဂျိုင့်လို့ ခေါ်တာပါ ဘာဘ”

“ဟုတ်ပါပြီ။ တစ်လုံးတည်းဆိုရင်တော့ ‘ဂျိုင့်’လို့ ရေးရတာပေါ့။ အဲဒီလိုပဲ လမ်းပေါ်မှာ မြေကြီးတွေအောက်နိမ့်ပြီး ချိုင့်နေရင် ဂျိုင့် ကြီးဖြစ်နေပြီလို့ပြောတာပဲ မဟုတ်လား”

“ဟုတ်ပါတယ် ဘာဘ”

“ဒီလိုဆိုရင် ‘သစ်ပင်ဂွကြား’တို့၊ လောက်လေး ဂွ’တို့ ဆိုတာ တွေကရော”

“ခွနေလို့၊ အခွနှစ်ခွဖြစ်နေလို့ ‘ဂွ’လို့ခေါ်တာပါ ဘာဘ”

“အဲဒီလိုပဲ ခေတ်ပုံဆိုင်မှာ ခေတ်ပုံရိုက်တဲ့ကင်မရာကို အောက်ကထောက်ထားတဲ့ အချောင်းတွေကို ‘ဒေါက်’လို့ခေါ်တယ် မဟုတ်လား။ ပြတင်းပေါက်အပေါ်ပင့်တင်ရတဲ့ ကဲလားခေါ်တဲ့ တံခါး ဆိုရင် အောက်ကဒေါက်နဲ့ ထောက်ထားရတာတွေ အိမ်တွေမှာ တွေ့ဖူးမှာပေါ့”

“တွေ့ဖူးပါတယ် ဘာဘ”

“အရပ်မျက်နှာတွေကို ပြောတဲ့အခါ ‘အရှေ့မြောက်ဒေါင့်’ တို့၊ ‘အနောက်တောင်ဒေါင့်’တို့ဆိုတဲ့ စကားတွေမှာ ‘ဒေါင့်’ ဆိုတာ တည့်တည့်မဟုတ်ဘဲ ထောင်နေတဲ့အကွေ့နေရာမို့ ဒေါင့်လို့ ခေါ်တာ လေ။ ‘သုံးထောင့်၊ လေးထောင့်၊ ထောင့်မှန်’ ဆိုတဲ့ စကားတွေကို စာလုံးပေါင်းသတ်ပုံအရ ‘ထောင့်’လို့ရေးပေမဲ့ အသံထွက်တော့ ‘ဒေါင့်’ လို့ ထွက်တယ်မဟုတ်လား”

“ဟုတ်ပါတယ် ဘာဘ”

“ရှိသေးတယ်။ အင်္ကျီတို့ ဘာတို့လျှော်ပြီး လှန်းထားတဲ့အခါ ချိတ်ထားရတဲ့ ပလတ်စတစ်အချောင်းကလေးကိုကော”

“ဂျိတ် လို့ခေါ်ပါတယ် ဘာဘ၊ ချိတ်ရလို့ ဂျိတ်လို့ ခေါ်တာပါ”

“သမီးတို့အင်္ကျီမှာ မြဲအောင်ချိတ်ရတွယ်ရတဲ့ သတ္တုချောင်း ကလေးကိုလဲ ‘ဂျိတ်’လို့ပဲ ခေါ်တယ်မဟုတ်လား။ ဂျိတ်ထိုးထားတယ်လို့ သုံးတာလေ”

“ဟုတ်ကဲ့ပါ”

“နောက် ရှိသေးတယ်။ စာရွက်တွေ ဘာတွေ စားပွဲပေါ်တင်ထား တဲ့အခါ လေတိုက်ရင်လွင့်မသွားအောင် အပေါ်ကဖိထားရတဲ့ပစ္စည်း ကိုရော”

“ဘိလို့ခေါ်ပါတယ် ဘာဘ”

“အေး ကြွက်တို့ဘာတို့ ထောင်ဖမ်းတဲ့သူတွေသုံးတဲ့ ထောင် ချောက်လိုဟာမျိုးကိုလဲ ‘ဘိ’ လို့ ခေါ်တာကြားဖူးတယ်။ ဖိမိအောင် လုပ်ထားတာလေ”

“ဟုတ်ကဲ့”

“ဒီတော့ပြန်ကောက်ရရင် အခုပြောခဲ့တဲ့နမူနာတွေမှာ ခွေထားလို့ ငွေခေါ်တယ်။ ချိုင့်နေလို့ ဂျိုင့်ခေါ်တယ်။ ခွ နေလို့ ဂွ ခေါ်တယ်။ ထောက်ထားလို့ ဒေါက်ခေါ်တယ်။ ထောင့်နေလို့ ဒေါင့်ခေါ်တယ်။ ဖိရလို့ ဘိ ခေါ်တယ်လို့ အကျိုးအကြောင်းဆက်ကြည့်နိုင်တာပေါ့။ အသံသဘောအရ ပြောရင် ခ၊ ထ၊ ဖ ဆိုတဲ့ အသံပျော့ အဃောသသံတွေ ဟာ ဂ၊ ဒ ၊ ဘ ဆိုတဲ့ အသံပြင်း၊ ဃောသသံတွေကို စနစ်တကျပြောင်း သွားတာ၊ အဲဒီအသံပျော့တွေက ကြိယာတွေဖြစ်ပြီး အသံပြင်းတွေက နာမ်တွေဖြစ်သွားတာတွေ့မှာပေါ့”

“ဟုတ်ကဲ့”

“ဒီတော့ အဲဒီကြိယာတွေကို နာမ်အဖြစ် တစ်လုံးတည်းသုံးတဲ့အခါ အသံပျော့ကနေ အသံပြင်းကို ပြောင်းသွားတယ်ဆိုတဲ့ ဥပဒေသ ထွက်လာတာပေါ့ကွယ်။ တစ်ခုပြောရအုံးမယ်။ သမီးရဲ့ဦးခေါင်းနဲ့ ကျောကုန်းကြားက အစိတ်အပိုင်းကို ဘာခေါ်သလဲ”

“ဟင်– ဘာခေါ်ပါလိမ့်”

“လက်နဲ့ စမ်းကြည့်လေ”

“ဩော်၊ သမီးသိပါပြီ ဇက်ပါဘာဘ ဇက်လို့ခေါ်ပါတယ်”

“ဘာဖြစ်လို့ ဇက်လို့ခေါ်တယ်ထင်သလဲ သမီး”

“ဟာ– ဘာဘပြောတဲ့ ဥပဒေသအရ ဆိုရင်တော့ ဇက်ဆိုတာ ဆက်ထားလို့ ဇက်လို့ခေါ်တာပါလား ဟုတ်တယ်နော် ဘာဘ။ ခေါင်းနဲ့ ကိုယ်နဲ့ဆက်ထားတဲ့အပိုင်းမို့ ဇက်လို့ခေါ်တာဖြစ်မှာပါ”

“အေး–အဲဒီလို စဉ်းစားကြည့်ပေါ့ သမီးရယ်၊ အခုသမီးပြောတဲ့ စကားလုံးထိ ရောက်ပါပြီ။ သီချင်းကြီးတွေမှာ ဘွဲ့သီချင်းဆိုတာရှိတယ်။ ပြီးတော့ မိုးဘွဲ့၊ နွေဘွဲ့၊ မယ်ဘွဲ့ဆိုတာတွေလဲ ရှိတယ်။ အဲဒီလိုပဲ ဘုရင်က အမှုထမ်းတွေကို ချီးမြှင့်တဲ့ဘွဲ့၊ တက္ကသိုလ်တွေမှာချီးမြှင့် တဲ့ဘွဲ့တွေလဲရှိတယ်။ အဲဒီဟာတွေကို ဘာဖြစ်လို့ဘွဲ့လို့ခေါ်တာပါလိမ့်”

“သမီးသဘောပေါက်ပါပြီ ဖွဲ့ထားလို့ ဘွဲ့လို့ ခေါ်တာပါ ဘာဘ”

“ဟုတ်တယ်။ ကဗျာတွေ သီချင်းတွေအဖြစ် မယ်ကလေး အကြောင်း၊ နွေအကြောင်း၊ ဘုန်းတော်အကြောင်းတွေ ဖွဲ့ထားတဲ့ မယ်ဘွဲ့၊ နွေဘွဲ့၊ ဘုန်းတော်ဘွဲ့လို့ခေါ်တာ။ ဒါကတစ်မျိုး”

“ဟုတ်ကဲ့ပါ”

“နောက်တစ်မျိုးက ရှေးကဘုရင်တွေက မှူးမတ်ပညာရှိတွေကို ချီးမြှင့်ရာမှာ ‘အနန္တသူရ၊ ဇေယျပျံချီ ၊ လက်ဝဲနော်ရထာ ’စတဲ့ ဘွဲ့တွေကို ရွှေပြားပေါ်မှာရေးပြီး အဲဒီမှူးမတ်ပညာရှိတွေရဲ့ နဖူးမှာ ဖွဲ့ချည် ချီးမြှင့်လို့ ဘွဲ့လို့ခေါ်တာပေါ့။ ရဟန်းဘွဲ့တက္ကသိုလ်က ချီးမြှင့် တဲ့ ဘွဲ့တွေ၊ လွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် ချီးမြှင့်တဲ့ ဘွဲ့တွေ ဟာလဲ အဲဒီ အဓိပ္ပာယ်ပါပဲ”

“ဟုတ်ကဲ့ပါ”

“ဒီတော့ မှတ်ဖို့က ကြိယာအဖြစ်သုံးရင် မယ်အကြောင်းကိုဖွဲ့တယ်၊ နွေကိုဖွဲ့တယ်၊ ဘုန်းတော်ကို ဖွဲ့တယ်ဆိုပြီး ‘ဖွဲ့’လို့ သုံးရတယ်။ နာမ် အဖြစ်သုံးရင်တော့ မယ်ဘွဲ့၊ နွေဘွဲ့၊ ဘုန်းတော်ဘွဲ့ဆိုပြီး ‘ဘွဲ့’လို့ သုံးရတယ်ဆိုတာပါပဲကွယ်”

“ကျေးဇူးတင်ပါတယ် ဘာဘ”

---

# ဇီဝိတဒါန သံဃာ့ဆေးရုံ (ကန်တော်ကြီး) မန္တလေး စတုတ္ထအကြိမ်မြောက် မဂ္ဂဇင်းထွက်ရှိ

**မန္တလေး မေ ၉**

ဇီဝိတဒါနသံဃာ့ဆေးရုံ (ကန်တော်ကြီး) မန္တလေး စတုတ္ထ အကြိမ်မြောက် မဂ္ဂဇင်း ၂၀၂၃ ခုနှစ် မေလတွင် ထွက်ရှိသည်။ ထုတ်ဝေသူမှာ ဂုဏ်ထူးဆောင် ပါမောက္ခ ဒေါက်တာဦးမိတ် ဖြစ်ပြီး တာဝန်ခံစာတည်းမှာ ဦးဝင်းမောင် (ပါမောက္ခချုပ်–ငြိမ်း) ရတနာပုံတက္ကသိုလ် ဖြစ်သည်။

**ကဏ္ဍများစွာပါ**

အဆိုပါ မဂ္ဂဇင်းတွင် ဆရာတော်ကြီးများ၏ ဩဝါဒ ကထာများ၊ မဟာသဒ္ဓမ္မ ဇောတိကဓဇ ဂရိတ်ဦးမြဝင်း (အိုင်ဂျီအီးအမ်) (လန်ဒန်) ဥက္ကဋ္ဌ စီမံခန့်ခွဲရေး ဗဟိုကော်မတီ ဇီဝိတဒါနသံဃာ့ ဆေးရုံကြီး၏ ဥယျောဇဉ်၊ စာတည်းအဖွဲ့၏ စေတနာတို့ ပါရှိပြီး ကဗျာ၊ ကာတွန်း၊ ဆောင်းပါး၊ ဝတ္ထုတို ၊ ဝတ္ထုရှည်၊ အမှတ်တရ ဘဝရသ ကဏ္ဍ၊ ပြဇာတ် အစရှိသည်ဖြင့် ကဏ္ဍများစွာပါသည်။

**မဂ္ဂဇင်းကောင်းတစ်အုပ်ဖြစ်**

ထို့ပြင် စာမျက်နှာ ၂၈၀ ပါဝင်ပြီး သုတ၊ ရသ၊ စုံလင်စွာ ပေးနိုင်သည့် မဂ္ဂဇင်းကောင်း တစ်အုပ်ဖြစ်သည်။

**ခင်ခင်ဝင်း**

**(ပညာရေး)**



# ကရင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကွင်းဆင်းကြည့်ရှုစစ်ဆေး

ဘားအံ မေ ၉

**ကရင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးစောမြင့်ဦးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယမန်နေ့က ဘားအံမြို့နယ်အတွင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်မှုများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။ (ယာပုံ)**



ရှေးဦးစွာ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ကော့ပေါက်ကျေးရွာ ဘုန်းတော်ကြီးကျောင်းမှ ဆရာတော်အား ဖူးမြော်ကြည်ညို၍ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းကြသည်။

### ကွန်ကရစ်လမ်းခင်းနိုင်ရေး

ထို့နောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့်အဖွဲ့သည် မဲဘောင်-နောင်လုံ ရေသွင်းရေထုတ် မြောင်းမကြီး နတ်ကျွန်း-ဖဲကဒါအပိုင်း တိမ်ကောနေမှု အရှည်ပေ၂၇၆၀ ကို တင်ဒါအောင်မြင်သည့် ကုမ္ပဏီက တာဝန်ယူတူးဖော်ပေးနေမှု အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ပြည်နယ် ဦးစီးမှူး ဦးအောင်သူကြွယ်နှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြပြီး ပြည်နယ်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌက ယခုနှစ် မိုးဦးရာသီတွင် တူးမြောင်းပေါင်ပေါ်၌ သစ်ပင်များ စိုက်ပျိုးရန်၊ တောင်သူများ လယ်ယာ လုပ်ငန်းခွင်ဝင်နိုင်ရန်၊ ရေထုတ်ပြွန် တပ်ဆင်မြေဖို့ပေးရန်၊ ကော့ပေါက်ကျေးရွာမှ မြေနီလမ်း တစ်မိုင်ကျော်ကို ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနက လာမည့်နှစ်တွင် ကွန်ကရစ်လမ်းခင်းပေးနိုင်ရေး လျာထားဆောင်ရွက်ရန် မှာကြားသည်။

### လယ်မြေများ ပလပ်ခြင်းမရှိဘဲ စိုက်ပျိုးရန်

ထို့နောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ကော့ထမလိန်းလေးနှင့် ကော့ပေါက်ကျေးရွာချင်းဆက်လမ်းရှိ အရှည် ၃၅ ပေ၊ အကျယ် ၁၇ ပေရှိ ကိုယ့်အားကိုယ်ကိုး သံကူကွန်ကရစ်တံတား တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ဘိလပ်မြေအိတ် ၅၀၀ ကို ထောက်ပံ့ပေးအပ်ကာ လမ်းဘေးဝဲယာရှိ လယ်မြေများ လာမည့်နှစ်တွင် ပလပ်ထားခြင်းမရှိဘဲ သီးထပ်သီးညှပ်များဖြင့် စဉ်ဆက်မပြတ်စိုက်ပျိုး၍ အောင်မြင်ဖြစ်ထွန်းအောင် စိုက်ပျိုးကြရန် မှာကြားကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



# ရှမ်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီနှင့် ဌာနဆိုင်ရာများ၊ စီးပွားရေးလုပ်ငန်းရှင်များ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**တောင်ကြီး မေ ၉**

ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီနှင့် ဌာနဆိုင်ရာများ၊ စီးပွားရေးလုပ်ငန်းရှင်များ၏ ညှိနှိုင်းအစည်းအဝေးကို မေ ၇ ရက်က တောင်ကြီးမြို့ရှိ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

### ခရီးသွားလုပ်ငန်း ဖော်ဆောင်ရန်

အစည်းအဝေးတွင် ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဒေါက်တာကျော်ထွန်းက မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကြောင့် စီးပွားရေးလုပ်ငန်းများ တုံ့ဆိုင်းခဲ့ရကြောင်း၊ ဆောက်လုပ်ရေးလုပ်ငန်းများတွင် ကုန်ဈေးနှုန်းများတက်နေသဖြင့် လုပ်ငန်းရှင်များ ခံစားနေရသည်ကို သိရပါကြောင်း၊ စီးပွားရေးလုပ်ငန်းများကို ရပ်ဆိုင်းထား၍ မရသဖြင့် မည်ကဲ့သို့ ရှေ့ဆက်မည်ကို စဉ်းစားရမည်ဖြစ်ကြောင်း၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများတွင်လည်း ပြည်ထောင်စုဝန်ကြီးနှင့်တွေ့ဆုံ၍ ရှမ်းပြည်နယ်အတွင်း ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ပြန်လည်ဖော်ဆောင်နိုင်ရန် ဆွေးနွေးပြီးဖြစ်ကြောင်း၊ ခရီးသွားလုပ်ငန်းများကို ပြန်လည်ဖွင့်လှစ်နိုင်မှသာ ဟိုတယ်လုပ်ငန်းများ အဆင်ပြေမည်ဖြစ်ကြောင်း၊ ကိုဗစ်ကာလအတွင်း ချေးငွေယူထားသူများတွင် လုပ်ငန်းရှင်များလည်း ပါနေသဖြင့် ၆ လ ဆိုင်းငံ့ထားပါကြောင်း၊ စီးပွားရေးလုပ်ငန်းများကို ရပ်ဆိုင်းထား၍မရသဖြင့် နိုင်ငံတော်က ချမှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း အမှာစကား ပြောကြားသည်။

ဆက်လက်၍ စီးပွားရေးလုပ်ငန်းရှင်များအား ဖိတ်ခေါ်တွေ့ဆုံ၍ စီးပွားရေးလုပ်ငန်းများ ပြန်လည်ကောင်းမွန်လာအောင် ညှိနှိုင်းတိုင်ပင်ရန်နှင့် အတတ်နိုင်ဆုံး မည်ကဲ့သို့ ဆောင်ရွက်ပေးရမည်၊ အခက်အခဲများကို မည်သို့ ကျော်လွှားမည်ကို ညှိနှိုင်းတိုင်ပင် ဆွေးနွေးကြရမည်ဖြစ်ကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ဌာနဆိုင်ရာများနှင့် မည်ကဲ့သို့ ပေါင်းစပ်ဆောင်ရွက်ရမည်ကို သိရှိရန် အားလုံးဝိုင်းဝန်း ဆွေးနွေးပေးစေလိုကြောင်း ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ဆက်လက်ပြောကြားသည်။

### တင်ပြဆွေးနွေး

ထို့နောက် တက်ရောက်လာသည့် စီးပွားရေးလုပ်ငန်းရှင်များက ဘဏ်၌ ငွေထုတ်ယူရန် ခက်ခဲနေသည့်ကိစ္စ၊ လျှပ်စစ်မီးရရှိရေး၊ လယ်ယာမြေ၊ သစ်တောမြေ ကိစ္စရပ်များနှင့် လမ်းပန်းဆက်သွယ်ရေးကိစ္စရပ်များကို တင်ပြဆွေးနွေးပြီး ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူးနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများက ပြန်လည်ရှင်းလင်း၍ ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက နိဂုံးချုပ် အမှာစကား ပြောကြားသည်။ **မောင်မောင်သန်း(တောင်ကြီး)**

# ကချင်ပြည်နယ်တစ်ဝန်း ၂၀၂၂ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်တွင် သစ်ပင်ပေါင်း တစ်သိန်းခွဲကျော် စိုက်ပျိုးရှင်သန်နိုင်ရန် ညှိနှိုင်းဆွေးနွေး

**မြစ်ကြီးနား မေ ၉**

ကချင်ပြည်နယ်တစ်ဝန်း ၂၀၂၂ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် တစ်အုပ် တစ်မ သစ်ပင်ပေါင်း ၁၅၀၀၀၀ ကျော် စိုက်ပျိုးနိုင်ရေးနှင့် ဒေသအလိုက် သင့်လျော်သည့်နေရာများတွင် ဒေသမျိုးရင်း သစ်ပင်များ စိုက်ပျိုးရှင်သန်နိုင်စေရေးအတွက် ညှိနှိုင်းအစည်းအဝေးကို မေ ၇ ရက်က မြစ်ကြီးနားမြို့ရှိ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အစည်းအဝေးတွင် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးခက်ထိန်နန်က ကချင်ပြည်နယ်သည် နိုင်ငံ၏ ရေအရင်းအမြစ်၊ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်နှင့် သဘာဝပတ်ဝန်းကျင်အတွက် အရေးပါသော ပြည်နယ်တစ်ခုဖြစ်သည့်အတွက် သစ်တော၊ သစ်ပင်ထိန်းသိမ်းရေးနှင့် ရှင်သန်နိုင်ရေးသည် အရေးကြီးကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ၏ အလေးထားညွှန်ကြားမှုနှင့်အတူ မိမိတို့အနေဖြင့် မိုးရာသီ သစ်ပင်စိုက်ပျိုးရာတွင် စိုက်ပျိုးသည့်အပင်များ ရှင်သန်ဖွံ့ဖြိုးရေးအတွက်ပါ စီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း တိုက်တွန်းမှာကြားသည်။

ယင်းနောက် ပြည်နယ်သစ်တောဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဥက္ကာက မိုးရာသီတွင် ပြည်နယ်အတွင်းရှိ ခရိုင်နှင့်မြို့နယ်များအားလုံး၌ တစ်အုပ်တစ်မ သစ်ပင် ၁၅၀၀၀၀ ကျော် စိုက်ပျိုးနိုင်ရေးနှင့် ရှင်သန်ရေးအတွက် ဆောင်ရွက်မည့် စီမံချက်ကိုတင်ပြပြီး ပြည်နယ်ကောင်စီဝင် များ၊ မြစ်ကြီးနား၊ ဝိုင်းမော်နှင့် မိုးကောင်းမြို့နယ်တို့မှ စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဥက္ကဋ္ဌများက ဝိုင်းဝန်းအကြံပြု ဆွေးနွေးသည်။

ဆွေးနွေးတင်ပြချက်များနှင့် ပတ်သက်၍ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ယခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်အတွက် ဇွန် ၁၂ ရက်ကို လျာထားဆောင်ရွက်ရေး၊ သစ်ပင်များ ရှင်သန်ဖွံ့ဖြိုးရေးအတွက် ရပ်/ကျေး အုပ်ချုပ်ရေးအဖွဲ့များအား တာဝန်ပေးဆောင်ရွက်ရေး စသည်တို့ကို ညှိနှိုင်းဆုံးဖြတ်ပေးသည်။

ယခု ၂၀၂၂ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်ကို ကချင်ပြည်နယ်အတွင်း ကျင်းပရာတွင် ချယ်ရီ၊ သစ်အယ်၊ သစ်မွှေး၊ ထင်းရှူး၊ ပိတောက်နက်၊ တမလန်း၊ ယမနေ၊ ယင်းမာ၊ ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ ကံ့ကော်၊ ခရေနှင့် မန်ဂျန်ရှား စသည့် အရိပ်ရအပင်ပေါင်း ၁၅၇၁၀၀ ကို ခရိုင်နှင့် မြို့နယ်များတွင် လည်းကောင်း၊ တပ်မတော်တပ်ရင်းတပ်ဖွဲ့များအလိုက် လည်းကောင်း ဖြန့်ဝေပေး၍ စိုက်ပျိုးမည်ဖြစ်ကြောင်းနှင့် လက်ရှိအချိန်တွင် ပျိုးပင်များကို ကချင်ပြည်နယ် သစ်တောဦးစီးဌာနက ပျိုးထောင်ထားပြီးဖြစ်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးခက်ထိန်နန် အမှာစကားပြောကြားစဉ်။



# မိုင်းဆတ်မြို့ သဗ္ဗညုဘုန်းတော်ကြီးသင်ပညာရေးကျောင်း၌ ဒုတိယအကြိမ် အခမဲ့ပညာဒါန ကွန်ပျူတာသင်တန်း ဖွင့်လှစ်

**မိုင်းဆတ် မေ ၉**

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းဆတ်မြို့ သဗ္ဗညုဘုန်းတော်ကြီးသင်ပညာရေးကျောင်း၌ ဒုတိယအကြိမ် အခမဲ့ပညာဒါန ကွန်ပျူတာ သင်တန်းဖွင့်ပွဲကို ယမန်နေ့က သဗ္ဗညု ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

အခမ်းအနားကို နမောတဿ သုံးကြိမ် သံပြိုင်ရွတ်ဆို ဖွင့်လှစ်ပြီး သဗ္ဗညုကျောင်းတိုက် ဆရာတော်က သင်တန်းနှင့်ပတ်သက်၍ ဆုံးမဩဝါဒစကား မိန့်ကြားပြီး သင်တန်းနည်းပြ ဆရာတော် ဒေါက်တာ အရှင်ဣန္ဒဝံသက သင်တန်းသား သင်တန်းသူများအား ဘာသာရပ်သင်ခန်းစာ ခုနစ်မျိုးကို သင်တန်းကာလနှစ်လကျော် သင်ကြားပေးမည်ဖြစ်ကြောင်း၊ သင်တန်းပြီးမြောက်ပါက သင်ကြားထားသော သင်ခန်းစာအလိုက် သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်ပေးမည်ဖြစ်ကြောင်း မိန့်ကြားသည်။

အဆိုပါ အခမ်းအနားသို့ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး သော်ဇင်ဦးနှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဟိန်းကျော်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရွှေထွန်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် သင်တန်းသား သင်တန်းသူ ၉၃ ဦး တက်ရောက်ကြောင်း သိရသည်။

**မြင့်မောင်**
**(ပြန်/ဆက်)**

# တိပိဋကစာမေးပွဲဖြေဆိုကြမည့် သံဃာတော် ခြောက်ပါးအား စစ်ကိုင်းတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နဝကမ္မအလှူတော်ငွေများ ဆက်ကပ်လှူဒါန်း

မုံရွာ မေ ၉

**၁၃၈၃ ခုနှစ် ကဆုန်လတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ကြီးမှူးကျင်းပမည့် တိပိဋက သာသနာတော်ဆိုင်ရာ စာမေးပွဲသို့ ဝင်ရောက်ဖြေဆိုကြမည့် စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ် ရွှေတောင်ဦး တိပိဋကဓမ္မပါလ မဟာဝိဟာရ ကျောင်းတိုက်ကြီးမှ သံဃာတော်အရှင်သူမြတ် ခြောက်ပါးတို့အား တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးမောင်မောင်လင်းနှင့် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များဖြစ်ကြသော ဒေါ်ရီရီသန်း၊ ဦးတင်သန်းဝင်း၊ အတွင်းရေးမှူး ဦးခင်မောင်ဆန်းနှင့် မြို့မိမြို့ဖများက နဝကမ္မအလှူတော်ငွေ ဆက်ကပ်လှူဒါန်းပွဲကို ရွှေတောင်ဦးကျောင်းတိုက် ဓမ္မဝိဟာရ ဓမ္မာရုံကြီး၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။**

ရှေးဦးစွာ ဆရာတော် အရှင်သူမြတ်များနှင့် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့် ဧည့်ပရိသတ်များက နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ထို့နောက် မုံရွာမြို့ ရန်ကင်းကျောင်းတိုက်မှ ဒွိပိဋကဓရ၊ ဒွိပိဋကကောဝိဒ၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပညာဝံသ ဆရာတော်ကြီးထံမှ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီ ဥက္ကဋ္ဌနှင့် ဧည့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အလှူရှင်များက ဆရာတော်ကြီးနှင့် စာဖြေသံဃာတော် ခြောက်ပါးတို့အား လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်ပြီး မုံရွာမြို့ ရန်ကင်းကျောင်းတိုက် ဒွိပိဋကဓရ၊ ဒွိပိဋက ကောဝိဒ၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပညာဝံသ ဆရာတော်ကြီးထံမှ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့် ဧည့်ပရိသတ်များက အနုမောဒနာတရား နာယူကြည်ညိုကြကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

အခမ်းအနားတွင် ရွှေတောင်ဦး တိပိဋကဓမ္မပါလ မဟာဝိဟာရ ကျောင်းတိုက်ကြီးမှ တိပိဋက စာဖြေသံဃာတော် အရှင်သူမြတ် ခြောက်ပါးတို့သည် ရေးဖြေစာမေးပွဲများ အောင်မြင်ပြီးဖြစ်၍ အာဂုံဆောင် စာမေးပွဲ ဖြေဆိုရန် သွားရောက်ကြမည့် ပိဋကတ်(၂)ပုံအောင် ဆရာတော် တစ်ပါးနှင့် ပိဋကတ် (၁)ပုံအောင် ဆရာတော် ငါးပါး ဖြေဆိုကြမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး**
**(ပြန်/ဆက်)**



# တောင်ကုတ်မြို့နယ်၌ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း လုပ်ငန်းများဆောင်ရွက်မှု ကွင်းဆင်းစစ်ဆေး

**တောင်ကုတ် မေ ၉**

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ (နည်းပညာ) ဒေါ်စုစုလှိုင်နှင့် ဝန်ထမ်းများ မေ ၈ ရက်က တောင်ကုတ်မြို့နယ် ဇဗ္ဗူရဇ် ကျေးရွာတွင် ဆောင်ရွက်လျက်ရှိသော ကျေးရွာအတွင်း လမ်း ချောင်းကျောက်စရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကွင်းဆင်းစစ်ဆေးသည်။

အဆိုပါလုပ်ငန်းမှာ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ထောက်ပံ့ရန်ပုံငွေကျပ်သိန်း ၁၀ ဒသမ ၀၀၊ ပြည်သူထည့်ဝင်ငွေကျပ်သိန်း ၁ ဒသမ ၆၀ တို့ဖြင့် လမ်းအရှည် ပေ ၄၆၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ တာဝန်ယူဆောင်ရွက်ပေးခြင်းဖြစ်ကာ တောင်ကုတ်မြို့နယ်၌ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း ကျေးရွာပေါင်း ၂၄ ရွာတွင် နိုင်ငံတော် ထောက်ပံ့ရန်ပုံငွေ တစ်ရွာလျှင် ငွေကျပ်သိန်း ၁၀ ဒသမ ၀၀ ဖြင့် ထောက်ပံ့ပေးခြင်းဖြစ်ပြီး ယခုအခါ လုပ်ငန်းအားလုံး၏ ၈၀ ရာခိုင်နှုန်းကျော်ခန့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**အောင်လှဖြူ**

# ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌဖလား ကလပ်ပေါင်းစုံ အမျိုးသားဖူဆယ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

ပဲခူး မေ ၉

**ပဲခူးမြို့ ရွှေမော်ဓောဘုရားလမ်းရှိ တိုင်းဒေသကြီး အားကစားခန်းမ၌ ယမန်နေ့က တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌဖလား ကလပ်ပေါင်းစုံ အမျိုးသားဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနား ကျင်းပသည်။**

ဗိုလ်လုပွဲစဉ်အဖြစ် ဒိုက်ဦးကလပ်အသင်းနှင့် ပဲခူးမြို့နယ် နေလင်း ကလပ်အသင်းတို့ ယှဉ်ပြိုင်ကစားမှုကို တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးမျိုးဆွေဝင်း၊ တိုင်းဒေသကြီး တရားသူကြီးချုပ်၊ ကောင်စီအဖွဲ့ဝင်များ၊ ဥပဒေချုပ်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထို့နောက် ဆုချီးမြှင့်ခြင်း အခမ်းအနားကျင်းပရာ စတုတ္ထရရှိသော ဇိုင်းတောင်ကလပ်အသင်းနှင့် တတိယဆုရရှိသော ရွှေကျင် ကလပ်အသင်းတို့အား နယ်မြေခံတပ်မှ ဗိုလ်မှူးကြီး မိုးမင်းနိုင်က လည်းကောင်း၊ ဒုတိယဆုရရှိသော ဒိုက်ဦးကလပ်အသင်းအား တိုင်းဒေသကြီး အားကစားနှင့် ကာယပညာ ကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ၊ ကောင်စီဝင်(၁) ဗိုလ်မှူးကြီးလှမျိုးရွှေက လည်းကောင်း၊ အကောင်းဆုံး ကစားသမားဆုနှင့် ဂိုးသမား အကောင်းဆုံးဆု ရရှိကြသည့် အားကစားသမားများအား တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးမောင်မောင်အေးက လည်းကောင်း တစ်ဦးချင်း ဆုတံဆိပ်၊ ငွေသားဆုနှင့် ဆုဖလားတို့ကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် အမျိုးသား ဖူဆယ်ပြိုင်ပွဲတွင် ပထမဆုရရှိသော ပဲခူးမြို့နယ် နေလင်းကလပ်အသင်းအား တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက တစ်ဦးချင်းဆုတံဆိပ်၊ တံခွန်စိုက်ဆုဖလားနှင့် ငွေသားဆု ပေးအပ်ချီးမြှင့်သည်။

အဆိုပါ ပြိုင်ပွဲကို တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် လူထုအားကစား လှုပ်ရှားမှု၊ ထူးချွန်ထက်မြက်သော နိုင်ငံ့ဂုဏ်ဆောင် အားကစားသမား လူရည်ချွန်များ မွေးထုတ်ပေးနိုင်ရေး၊ ဒေသတွင်းမှ ထူးချွန်အားကစားသမားများအား မြန်မာ့လက်ရွေးစင်အားကစားသမားများအဖြစ် မွေးထုတ်နိုင်ရေး၊ တိုင်းဒေသကြီးတွင် ဖူဆယ် အားကစားနည်းကို ပိုမိုစိတ်ပါဝင်စားလာစေရေးတို့ကို ရည်ရွယ်၍ ကျင်းပပေးခြင်းဖြစ်ပြီး တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အသီးသီးမှ ကလပ်အသင်း ၁၆ သင်း ပါဝင်ယှဉ်ပြိုင်ခြင်း ဖြစ်ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**



# ယာယီတားဝရမ်း၊ ထာဝရတားဝရမ်းနှင့် ယာယီအရေးယူဆောင်ရွက်သည့် အမိန့်များနှင့်သက်ဆိုင်သော လုပ်ထုံးလုပ်နည်းများ

ဦးကျော်ကျော်(တရားရေး)

တားဝရမ်း(Injunction) ဆိုသည်မှာ ဥပဒေချိုးဖောက်သူ သို့မဟုတ် နောင်အခါတွင် ဥပဒေချိုးဖောက်မည့်သူအား ယင်းချိုးဖောက်မှုကို တားဆီးသည့်အနေဖြင့် သက်ဆိုင်ရာတရားရုံးက ဆောင်ရွက်ခြင်းကို ဆိုလိုသည်။ တားဝရမ်းတွင် ယာယီတားဝရမ်း (Temporary Injunction) နှင့် ထာဝရတားဝရမ်း (Perpetual Injunction) ဟူ၍ ရှိသည်။ မြန်မာနိုင်ငံဥပဒေများတွင် ယာယီတားဝရမ်းနှင့်စပ်လျဉ်း၍ တရားမကျင့်ထုံးဥပဒေ (The Code of Civil Procedure) အမိန့် ၃၉ တွင်လည်းကောင်း၊ ထာဝရတားဝရမ်းနှင့်စပ်လျဉ်း၍ သီးခြားသက်သာခွင့် ဥပဒေပုဒ်မ ၅၄ နှင့် ၅၇ တို့တွင်လည်းကောင်း တားဝရမ်းအား အသိအမှတ်ပြုရန် လိုအပ်ချက်များနှင့် ယင်းတို့၏ အကျိုးသက်ရောက်မှုတို့ စပ်လျဉ်း၍ ပြဋ္ဌာန်းထားသည်။

အမှုတစ်မှုတွင် အငြင်းပွားသောပစ္စည်းသည် ပျက်စီးယိုယွင်းမည့် သို့မဟုတ် ဖျက်ဆီးခြင်းခံရမည့် သို့မဟုတ် လွှဲပြောင်းပေးအပ်ခြင်းခံရမည့် အန္တရာယ်ရှိနေကြောင်းထင်ရှားမှသာ ထိုအငြင်းပွားသော ပစ္စည်းများနှင့်စပ်လျဉ်း၍ ယာယီတားဝရမ်းထုတ်ဆင့်နိုင်သည်။

**❖ တရားမကျင့်ထုံးဥပဒေအမိန့် ၃၉၊ နည်းဥပဒေ ၂ တွင် တရားပြိုင်အား ပဋိညာဉ်ချိုးဖောက်ခြင်းကို တားမြစ်ပေးရန်စွဲဆိုသောအမှုနှင့် အခြားနစ်နာစေမှုပြုခြင်းကို တားမြစ်ပေးရန်စွဲဆိုသော အမှုများ၌ အမှုစွဲဆိုပြီးနောက် စီရင်ချက်မချမှတ်မီအတောအတွင်း ထိုသို့စွဲဆိုသည့်အတိုင်း ပဋိညာဉ်ချိုးဖောက်ခြင်း၊ သို့မဟုတ် နစ်နာစေမှုပြုလုပ်ခြင်းကို တားမြစ်ရန် ယာယီတားဝရမ်းကို တရားလိုက လျှောက်ထားတောင်းဆိုပိုင်ဆိုင်ခွင့်ရှိကြောင်းပြဋ္ဌာန်းထားသည်။ ထို့ကြောင့် ထာဝရတားဝရမ်း ထုတ်ဆင့်ပေးရန် စွဲဆိုသည့်ယခုအမှုတွင် အမှုအတောအတွင်း တရားပြိုင်က နစ်နာမှုပြုလုပ်ခြင်းကို တားမြစ်ရန် ယာယီတားဝရမ်း ထုတ်ဆင့်ပေးခြင်းသည် တရားမကျင့်ထုံးဥပဒေပုဒ်မ ၃၉၊ နည်းဥပဒေ ၂ အရ ထုတ်ပေးခြင်းဖြစ်ကြောင်း တွေ့ရှိရ**

### ဖွင့်ဆိုညွှန်ပြထား

တရားမကျင့်ထုံးဥပဒေအမိန့် ၃၉၊ နည်းဥပဒေ ၁ (က)နှင့် (ခ)တို့တွင် ရည်ညွှန်းသည့်ပစ္စည်းနှစ်မျိုးရှိကြောင်း၊ ဒြပ်ရှိသောပစ္စည်းနှင့် ဒြပ်မရှိသော ပစ္စည်းတို့ဖြစ်ပြီး ဒြပ်မရှိသောပစ္စည်းတွင် ပိုင်ဆိုင်ခွင့်များနှင့် လုပ်ပိုင်ခွင့်များပါဝင်ကြောင်း၊ ပစ္စည်းဟုခေါ်နိုင်သော ပိုင်ဆိုင်ခွင့်တို့ကို ဥပမာပေးရလျှင် ကုန်တံဆိပ်သုံးစွဲပိုင်ခွင့်များ၊ တီထွင်မှုဆိုင်ရာ ကန့်သတ်ပိုင်ခွင့်များနှင့် မူပိုင်ခွင့်များပါဝင်ကြောင်း၊ ပစ္စည်းဟုခေါ်နိုင်သော လုပ်ပိုင်ခွင့်များကို ဥပမာပေးရလျှင် အငှားချထားခြင်း၊ အပေါင်ပြုခြင်းနှင့် ယုံကြည်အပ်နှံခြင်းတို့ ပါဝင်ကြောင်း ဖွင့်ဆိုညွှန်ပြထားသည်။

### လျှောက်ထားတောင်းဆိုပိုင်ဆိုင်ခွင့်ရှိ

တရားမကျင့်ထုံးဥပဒေအမိန့် ၃၉၊ နည်းဥပဒေ ၁ တွင် ပစ္စည်းဟူသော စကားရပ်နှင့်စပ်လျဉ်း၍ အထူးအဓိပ္ပာယ်သတ်မှတ်ထားခြင်းမရှိရကား ယင်းစကားရပ်ကိုသဘာဝကျသည့်ပြင် တိုက်ရိုက်လည်းကျသော အဓိပ္ပာယ်ကောက်ယူမှု ပြုရမည်ဖြစ်သည်။ အမ်အတ်လ်ချကရာဘီတီနှင့် ဂျေအယ်လ်မူဟူရီအမှုတွင် ဖွင့်ဆိုချက်အရ ယခုအမှု၌ လမ်းကို အသုံးပြုနိုင်သည့် အခွင့်အရေးသည် ပစ္စည်းတွင် ပိုင်ဆိုင်ခွင့်များ (Jura in repropria) အကျုံးဝင်သဖြင့် ဒြပ်မရှိသောပစ္စည်း(incorporcal) ဖြစ်သည်ဟူ၍ ကောက်ယူနိုင်ပေသည်။ အဆိုပါ ဒြပ်မရှိသည့်ပစ္စည်း တစ်နည်းအားဖြင့် လမ်းကို ဝင်ထွက်သွားလာ အသုံးပြုနိုင်သည့် အယူခံတရားပြိုင်၏အခွင့်အရေးကို အယူခံတရားလိုက ပိတ်ဆို့ဟန့်ထားခြင်း၊ လွှဲပြောင်းပေးခြင်းပြုလုပ်လိမ့်မည်ဟု စိုးရိမ်ရန် အကြောင်းရှိလျှင် ထိုကဲ့သို့မပြုလုပ်ရန် တိုင်းတရားရုံးက ယာယီတားဝရမ်းထုတ်ဆင့်နိုင်ပေသည်။ တရားမကျင့်ထုံးဥပဒေအမိန့် ၃၉၊ နည်းဥပဒေ ၂ တွင် တရားပြိုင်အား ပဋိညာဉ်ချိုးဖောက်ခြင်းကို တားမြစ်ပေးရန်စွဲဆိုသောအမှုနှင့် အခြားနစ်နာစေမှုပြုခြင်းကို တားမြစ်ပေးရန်စွဲဆိုသော အမှုများ၌ အမှုစွဲဆိုပြီးနောက် စီရင်ချက်မချမှတ်မီ အတောအတွင်း ထိုသို့စွဲဆိုသည့်အတိုင်း ပဋိညာဉ်ချိုးဖောက်ခြင်း၊ သို့မဟုတ် နစ်နာစေမှုပြုလုပ်ခြင်းကို တားမြစ်ရန် ယာယီတားဝရမ်းကို တရားလိုက လျှောက်ထား တောင်းဆိုပိုင်ဆိုင်ခွင့်ရှိကြောင်း ပြဋ္ဌာန်းထားသည်။ ထို့ကြောင့် ထာဝရတားဝရမ်း ထုတ်ဆင့်ပေးရန် စွဲဆိုသည့်ယခုအမှုတွင် အမှုအတောအတွင်း တရားပြိုင်က နစ်နာမှုပြုလုပ်ခြင်းကို တားမြစ်ရန် ယာယီတားဝရမ်း ထုတ်ဆင့်ပေးခြင်းသည် တရားမကျင့်ထုံးဥပဒေပုဒ်မ ၃၉၊ နည်းဥပဒေ ၂ အရ ထုတ်ပေးခြင်းဖြစ်ကြောင်း တွေ့ရှိရပေသည်။

### အချက်အလက်များ ထည့်သွင်းစဉ်းစားရ

တရားမမှုများတွင် တရားမကျင့်ထုံးဥပဒေ အမိန့် ၃၉၊ နည်းဥပဒေ ၁ အရ ယာယီဝရမ်း ထုတ်ပေးရန် လျှောက်ထားလျှင် ထုတ်ပေးသင့် မသင့် စဉ်းစားသည့်အခါ (၁) တရားရုံး အရှေ့ရှိ အကြောင်းခြင်းရာ အချက်အလက်များအရ ပစ္စည်းပိုင်ဆိုင်မှုနှင့်ပတ်သက်ပြီး တရားရုံးက ဆုံးဖြတ်ရန် အငြင်းပွားမှု တကယ်ပင် ရှိ၊ မရှိ။ (၂) အငြင်းပွားနေသည့်ပစ္စည်းသည် ပျက်စီးယိုယွင်းခြင်း၊ အလဟဿ ဖြစ်ခြင်း သို့မဟုတ် တစ်ဦးတစ်ယောက်က ယင်းပစ္စည်းကို လွှဲပြောင်းခြင်းပြုလုပ်ရန် စိုးရိမ်ဖွယ်ရာ ရှိ၊ မရှိ။ (၃) ယင်းစိုးရိမ်ကြောင့်ကြမှုသည် ယခုချက်ချင်းစိုးရိမ်ကြောင့်ကြမှုဖြစ်ခြင်း။ (၄) အမှုပြီးစီးသည့်အခါ အမှုအတောအတွင်း ယာယီတားဝရမ်း ထုတ်ပေးခြင်းကြောင့် သို့မဟုတ် မထုတ်သေးဘဲ ထားခြင်းကြောင့် တစ်ဖက်အား နစ်နာမှုဖြစ်ခြင်း၊ ယင်းနစ်နာမှုသည် ငွေကြေးဖြင့်ကုစား၍ မရနိုင်သော နစ်နာမှုဖြစ်ခြင်းစသည့် အချက်အလက်များကို အခြေခံ ထည့်သွင်းစဉ်းစားရပေမည်။

### အမြဲရှောင်ကြဉ်ရန် တားဆီးပိတ်ပင်

သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၅၄ ပါ ပြဋ္ဌာန်းချက်အရဆိုလျှင် တရားပြိုင်သည် ပစ္စည်း၌ တရားလို၏ အခွင့်အရေးကိုဖြစ်စေ၊ တရားလို၏ ပစ္စည်းခံစားခွင့်ကိုဖြစ်စေ၊ ထိပါးလျှင် တရားရုံးက (က) တရားပြိုင်သည် တရားလိုအတွက် ပစ္စည်းကို ယုံကြည်အပ်နှံခံရသူဖြစ်ခြင်း၊ (ခ) ထိပါးခြင်းကြောင့်ဖြစ်သော သို့မဟုတ် ဖြစ်စေတန်ရာသော အမှန်တကယ် ပျက်စီးနစ်နာမှုကိုသိသာစေသည့် စံနှုန်းမရှိခြင်း၊ (ဂ) ငွေကြေးပေးလျော်စေခြင်းသည် လုံလောက်သောသက်သာခွင့်ဖြစ်မည် မဟုတ်သော ထိပါးမှုဖြစ်ခြင်း၊ (ဃ) ထိပါးခြင်းအတွက် ငွေကြေးဖြင့် လျော်ကြေးရနိုင်ဖွယ်ရာမရှိခြင်း၊ (င) တရားစီရင်သော မှုခင်းများပွားများခြင်းကို ပိတ်ပင်ရန် အလို့ငှာ တားဝရမ်းထုတ်ဆင့်ရန် လိုအပ်ခြင်းစသည့်ကိစ္စများတွင် ထာဝရတားဝရမ်းခွင့်ပြုနိုင်သည်။ သို့ဖြစ်၍ ထာဝရတားဝရမ်း၏ သဘောသဘာဝမှာ တရားပြိုင်အား သတ်မှတ်ထားသော အမှုကိစ္စကို မပြုလုပ်စေရန် အမြဲရှောင်ကြဉ်ရန် တားဆီးပိတ်ပင်ခြင်းဖြစ်သည်။

### မှားယွင်းခြင်းမရှိကြောင်း ဆုံးဖြတ်ထား

အတုပြုလုပ်သည်ဆိုရာတွင် အရာဝတ္ထု၏ ပုံသဏ္ဌာန်ထပ်တူထပ်မျှတူရန် မလိုကြောင်း၊ မှားလောက်အောင် ဆင်တူယိုးမှားဖြစ်လျှင် လုံလောက်အကျုံးဝင်သည်ဟု ရာဇသတ်ကြီးပုဒ်မ ၂၈ တွင် ပြဋ္ဌာန်းထားကြောင်း၊ ဤအမှုတွင် တရားလိုအသုံးပြုသည့် ကုန်အမှတ်တံဆိပ်နှင့် တရားပြိုင်တို့အသုံးပြုသည့် ကုန်အမှတ်တံဆိပ်မှာ အမြင်အားဖြင့် ဆင်တူယိုးမှားဖြစ်ကြောင်း သက်သေခံ ဃ-၁ မှ ဃ-၃ တို့နှင့် သက်သေခံ-၂ အရ တွေ့ရှိရကြောင်း၊ ဤအခြေအနေတွင် တရားပြိုင်များသည် တရားလို၏ ကုန်အမှတ်တံဆိပ်ဖြင့် ဖြန့်ဖြူးရောင်းချသဖြင့် တရားလို၏အကျိုးစီးပွား နစ်နာမှုရှိကြောင်း သုံးသပ်၍ သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၅၄ အရ ထာဝရတားဝရမ်း ခွင့်ပြုခဲ့ခြင်းသည် ဥပဒေအရလည်းကောင်း၊ အကြောင်းခြင်းရာအရလည်းကောင်း မှားယွင်းခြင်းမရှိကြောင်း ဦးကျော်ဝင်းပါ ၃ နှင့် ဦးမျိုးသန်းဝင်းအမှုတွင် ဆုံးဖြတ်ထားသည်ကို တွေ့ရပါသည်။

### ယာယီတားဝရမ်း ထုတ်ဆင့်ပေးသင့်

ကုန်အမှတ်တံဆိပ်ကို အတုပြုလုပ်ရာ၌ ကုန်အမှတ်တံဆိပ်အချင်းချင်းသည် ထပ်တူထပ်မျှ တူညီရန်မလို။ တံဆိပ်နှစ်ခုကို ယှဉ်ပြိုင်ကြည့်ရှုလျှင် အနည်းငယ်ကွဲပြားချက်ရှိသော်လည်း တစ်ခုနှင့်တစ်ခု ဆင်တူယိုးမှားဖြစ်လောက်အောင် တူညီမှုရှိလျှင် အတုပြုလုပ်ခြင်းမြောက်သည်။ အခင်းဖြစ်တံဆိပ်နှစ်ခုကို ကြည့်ရှုလျှင် များစွာတူညီသဖြင့် သာမန်လူများ မှားယွင်းရန် အကြောင်းရှိသည်။ ကုန်အမှတ်တံဆိပ်ကို အတုပြုလုပ်ခြင်းကြောင့် စွဲဆိုသည့် အမှုအတောအတွင်း ယာယီတားမြစ်အမိန့်ကို လျှောက်ထားသူအား ထုတ်ပေးမထားခြင်းကြောင့် ၎င်းအတွက် နစ်နာဆုံးရှုံးမှုမှာ ငွေကြေးဖြင့် တွက်ချက်၍ လျော်ကြေးပေးရန် မဖြစ်နိုင်သည့် နစ်နာမှုမျိုးကို ဖြစ်စေနိုင်သည်။ ယာယီတားမြစ်အမိန့်ထုတ်ပေးထားမှသာလျှင် တရားမျှတမှုရှိပေမည်။ တရားလို စွဲဆိုသောအမှုသည် အခြေအမြစ်ရှိပါက ထာဝရတားဝရမ်းမထုတ်ပေးမီ အမှုအတောအတွင်း ယာယီတားဝရမ်းကို ထုတ်ပေးသည့် သာဓကရှိသည်။ ယာယီတားဝရမ်းထုတ်ပေးသင့် မသင့် စဉ်းစားရန် မူပိုင်တံဆိပ်ကိစ္စ၊ ဆင်တူယိုးမှားတုပခြင်းတို့ကို ကြိုတင်၍ ဆုံးဖြတ်ရန်မလိုပေ။ တရားလိုစွဲဆိုသည့်အမှုသည် အခြေအမြစ်ရှိ မရှိကိုသာ စဉ်းစားဆင်ခြင်ရန်လိုပေသည်။ ယခုအမှုတွင် တရားပြိုင်သည် ဆင်တူယိုးမှားကုန်အမှတ်တံဆိပ်ဖြင့် တရားလို၏ ကုန်အမှတ်တံဆိပ်ကို တုပပြီး ဆေးသနပ်ခါးများ ထုတ်လုပ်ရောင်းချနေသည်ဟု အမြင်အားဖြင့် ယူဆနိုင်အောင် တရားပြိုင်အသုံးပြုသည့် ဆေးညွှန်းစာရွက်၊ ဆေးသနပ်ခါးထည့်၍ ရောင်းချသောဂျပ်ဘူးပါအမှတ်တံဆိပ်၊ ပလတ်စတစ်ဘူးတို့ကို တရားလိုအသုံးပြုသည့် ပစ္စည်းများနှင့် နှိုင်းယှဉ်တင်ပြထားသည်ဖြစ်ရာ တရားလိုစွဲဆိုသော အမှုသည် အခြေအမြစ်ရှိကြောင်း ပေါ်ပေါက်၍ ယာယီတားဝရမ်း ထုတ်ဆင့်ပေးသင့်ပေသည်။

အခွင့်အရေးရရှိသူသည် နစ်နာမှုအတွက် တရားမကြောင်းအရ ပုဒ်မ ၇၉ နှင့် ၈၀ တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ယာယီအရေးယူ ဆောင်ရွက်သည့် အမိန့်ချမှတ်ပေးရန် မူပိုင်ခွင့် တရားရုံးတွင် အထွေထွေမှု လျှောက်ထားနိုင်သည်။

မူပိုင်ခွင့်တရားရုံးသည် အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာအခွင့်အရေး ထိပါးချိုးဖောက်မှုများနှင့် စပ်လျဉ်း၍ ပုဒ်မ ၇၇၊ ပုဒ်မခွဲ (က) အရ လျှောက်ထားလာပါက တရားမကြောင်းအရ ကုစားဆောင်ရွက်ရန်(၁) အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေး ထိပါးချိုးဖောက်ခြင်းကို ကာကွယ်တားဆီးရန်နှင့် အကောက်ခွန်ဦးစီးဌာနတွင် ကျသင့်ခွန် အရပ်ရပ် ပေးဆောင်၍ ရှင်းလင်းထုတ်ယူပြီးသည့် သွင်းကုန်ပစ္စည်းများအပါအဝင် အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေး ထိပါးချိုးဖောက်သည့် ကုန်ပစ္စည်းများ နိုင်ငံတော်၏ကုန်သွယ်မှုလမ်းကြောင်းအတွင်းသို့ ဝင်ရောက်လာခြင်းကို တားဆီးရန်သင့်သည် ထင်မြင်သည့်အမိန့်၊ (၂) စွပ်စွဲခံရသော အမှတ်တံဆိပ် မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးထိပါးချိုးဖောက်မှုနှင့် သက်ဆိုင်သည့် သက်သေခံအထောက်အထားများကို မူလအခြေအနေမပျက် ထိန်းသိမ်းထားရန် သင့်သည် ထင်မြင်သည့်အမိန့်၊ (၃) သက်ဆိုင်ရာ အကောက်ခွန်ဦးစီးဌာနက ထုတ်ထားသည့် ဆိုင်းငံ့မိန့်ကို ပြင်ဆင်ရန်၊ ပယ်ဖျက်ရန် သို့မဟုတ် အတည်ပြုရန် ယာယီအရေးယူဆောင်ရွက်သည့် အမိန့် တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည်။

မူပိုင်ခွင့်တရားရုံးသည် ယာယီအရေးယူ ဆောင်ရွက်ပေးရန်အတွက် လျှောက်ထားသူထံမှ (၁) လျှောက်ထားသူမှာအခွင့်အရေးရရှိသူ ဖြစ်ကြောင်း၊ ယင်း၏အခွင့်အရေးကို ထိပါးချိုးဖောက်နေကြောင်း

စာမျက်နှာ ၂၆ သို့

*တိုင်းပြည်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည်တို့နှင့် စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကို သတင်းစာ၏ မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင် ပါရှိသမျှတို့သည် သက်ဆိုင်ရာ ဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာ ဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။* *(စာတည်းအဖွဲ့)*

# ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုစနစ်နှင့် ငြိမ်းချမ်းရေးလှေကားထစ်များ

*ထက်ဝေ (ခတ္တ)*

နိုင်ငံ့ဝန်ထမ်းတာဝန်တွေမှ အငြိမ်းစားယူပြီး ဖြစ်သော်လည်း နေရာဟောင်းကို သတိရမိတဲ့အတွက် ဆရာသမားထံ အလည်အပတ်ခရီး တစ်ခေါက်တော့ ရောက်ခဲ့ပြန်ပြီ ဖြစ်ပါတယ်။

ဆရာနဲ့တွေ့ရင် မေးချင်တဲ့စကားအချို့ကို ရင်ဝယ်ပိုက်ရင်း ဆရာ့ရုံးခန်းထဲကို ဝင်ရောက်ခဲ့ပါတယ်။ ဆရာ့ကိုနှုတ်ဆက်လိုက်တဲ့အခါ ဆရာက " လာကွ... မင်းလုပ်ငန်းတွေ အဆင်ပြေရဲ့လား။ အလုပ်တွေရော ပုံမှန် လည်ပတ်နိုင်ရဲ့လား" လို့ နှုတ်ဆက်စကားဆိုပါတယ်။

ကျွန်တော်က ထိုင်ခုံတစ်ခုမှာထိုင်ရင်း "အလုပ်အကိုင်ကတော့ အဆင်ပြေသလို ကြည့်လုပ်နေရတာပါပဲ။ ရှေ့ဆက်လုပ်ရမယ့် အလုပ်တွေအတွက် ဆရာ့ကို မေးစရာလေးတွေ ရှိလို့ပါ။ အချိန်ရပါရဲ့လား" ဆိုတော့ ဆရာက "ရပါတယ်ကွာ။ ဒီနေ့က စနေဆိုတော့ အလုပ်ကြွေးကျန်တွေ ဖြတ်ရင်း ဆောင်းပါးတစ်ပုဒ်ရေးဖို့ စဉ်းစားနေတာ မင်းကို တွေ့တော့ ငါခေါင်းစဉ်တစ်ခုရသွားပြီ။ မင်းသိချင်တာ မေးလို့ရပါတယ်။ ငါ့အနေနဲ့တော့ လက်ရှိနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရဲ့ မူဝါဒထုတ်ပြန်ခဲ့တာတွေအပေါ် အခြေခံပြီး Sharing လုပ်ပေးသွားပါ့မယ်" လို့ ဆရာက ဆိုပါတယ်။

## ချိန်ဆပြီး အလုပ်လုပ်နိုင်

"ကျွန်တော်တို့လို လုပ်ငန်းရှင်တွေ အဆင်ပြေဖို့ နိုင်ငံတော်က ဘယ်လိုမူဝါဒတွေ ချမှတ်ထားပါသလဲ"လို့ မေးတော့ ဆရာက "နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ ရှေ့လုပ်ငန်းစဉ် (၅)ရပ် ချမှတ်ပြီး ဆောင်ရွက်နေသလို မင်းတို့ စီးပွားရေးလုပ်ငန်းရှင်တွေ၊ အသိပညာရှင်၊ အတတ်ပညာရှင်တွေ၊ နိုင်ငံသူနိုင်ငံသားတွေ လုပ်ငန်းတွေ လုပ်ကိုင်ဆောင်ရွက်ရာမှာ ချိန်ဆပြီး အလုပ်လုပ်နိုင်စေမယ့် နိုင်ငံရေးဦးတည်ချက် (၃)ရပ်၊ စီးပွားရေးဦးတည်ချက်(၃)ရပ်၊ လူမှုရေး ဦးတည်ချက်(၃)ရပ်ကို ချမှတ်ထားတယ်လေ။

အဲဒီ ဦးတည်ချက်(၉)ရပ်အပေါ်မှာ အခြေခံပြီး ကိုယ်ဘာလုပ်သင့်တယ်ဆိုတာကို စဉ်းစားချိန်ဆတတ်ဖို့လိုတယ်ကွ။ ဦးတည်ချက်(၉)ရပ်ကို လေ့လာမှတ်သားပြီး မင်းရဲ့ လုပ်ငန်းတွေထဲက ဘာတွေကို ဦးစားပေးလုပ်ဆောင်သင့်တယ်ဆိုတာ အဖြေပေါ်လာပါလိမ့်မယ်"လို့ ဖြေပါတယ်။

## စနစ်နှစ်မျိုးရှိ

ဒါဆို လက်ရှိ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖက်ဒရယ်စနစ်ကို ဘယ်လိုရောက်အောင်သွားမှာလဲလို့မေးတော့ မင်းမေးခွန်းကို ငါမေးခွန်းနဲ့ပဲ ပြန်ဖြေမယ်လို့ ဆိုပါတယ်။ မင်းက ဖက်ဒရယ်ဆိုတာ ဘယ်လို နားလည်ထားသလဲ၊ ဘယ်ဖက်ဒရယ်ကို ဆိုလိုတာလဲ။ ဖက်ဒရယ်ရဲ့ သဘောသဘာဝအရ ကမ္ဘာပေါ်မှာရှိတဲ့ နိုင်ငံအားလုံးရဲ့ ဖွဲ့စည်းတည်ဆောက်ပုံကို

> **နိုင်ငံတော်က ဒီ့တာဝန်အရေးသုံးပါးကို ဘာလို့အထိအခိုက်မခံသလဲဆိုတာကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေက နားလည်သဘောပေါက်ဖို့လိုသလို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေက ဘာကြောင့် လက်နက်ကိုင် ဆန့်ကျင်နေကြသလဲဆိုတာ သိဖို့လိုတယ်။ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုစနစ်ကို သွားမယ်ဆိုရင် အမျိုးသားစည်းလုံးညီညွတ်ရေးနဲ့ အချုပ်အခြာအာဏာကို ထိန်းသိမ်းစောင့်ရှောက်ဖို့ ရည်ရွယ်ပြီး တိုင်းဒေသကြီး/ ပြည်နယ်တွေကို အခွင့်အရေးပေးပြီး ဥပဒေပြုရေးဆွဲပေးတာက အဓိက ကျပါတယ်။ ဒါကြောင့် တိုင်းဒေသကြီး/ပြည်နယ်အလိုက် ဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေတွေကို ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို Mother Law အဖြစ်ထားပြီး ရေးဆွဲဖို့ လိုအပ်**

တစ်ပြည်ထောင်စုစနစ်နိုင်ငံ (ခွဲထွက်ဖက်ဒရယ်) နဲ့ ပြည်ထောင်စုစနစ်နိုင်ငံ (ယှဉ်တွဲဖက်ဒရယ်) ဆိုပြီး တော့ စနစ်နှစ်မျိုးရှိတယ်။

ဖက်ဒရယ်စနစ်မှာ ဗဟိုအစိုးရနဲ့ ဒေသအစိုးရကြား လုပ်ပိုင်ခွင့်အာဏာကို ခွဲဝေကျင့်သုံးကြပြီး အဆင့်အသီးသီးမှာရှိတဲ့ အစိုးရတွေမှာ သက်ဆိုင်ရာနယ်မြေဒေသအတွင်း ဆုံးဖြတ်ချက် ချမှတ်နိုင်တဲ့ အခွင့်အာဏာရှိကြတယ်။ အများပြောနေတဲ့ ဖက်ဒရယ်ဒီမိုကရေစီဆိုတာက အာဏာခွဲဝေကျင့်သုံးတဲ့ ပြည်သူ့အုပ်စိုးမှုဖြစ်တယ်။

တိုင်းရင်းသား လက်နက်ကိုင်ညီအစ်ကိုတွေ လိုချင်နေတဲ့ ဖက်ဒရယ်ဒီမိုကရေစီဆိုတာ တစ်ပြည်ထောင်စနစ်နဲ့ ပြည်ထောင်စုစနစ်ကြားမှာ အလွှာပါးပါးလေး ခြားထားတာပါ။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကို တံခါးဖွင့်ထားပြီးသားဆိုတာ ဖွဲ့စည်းပုံအခြေခံဥပဒေကို လေ့လာသူတိုင်း သိသွားမှာပါ။ ငါပြောတာ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲခြင်းဆိုင်ရာ အခြေခံသဘောတရား Fundamental Institution ကို ပြောတာနော်။

## စိတ်ဆန္ဒက နံပါတ်တစ် အရေးကြီးဆုံး

ဒါဆိုရင် ဆရာပြောသလို ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုစနစ်ကို သွားဖို့ဆိုရင် ဘာတွေ လိုအပ်မှာလဲမေးတော့ နံပါတ်တစ်က တကယ်လိုချင်တယ်ဆိုတဲ့ စိတ်ဆန္ဒပဲလိုပါတယ်။ အထူးသဖြင့်တော့ နိုင်ငံအတွင်းမှာ မှီတင်းနေထိုင်တဲ့ တိုင်းရင်းသားပြည်သူတွေအပါအဝင် လက်နက်ကိုင်အဖွဲ့အစည်းအားလုံးက အတူတကွလုပ်ဆောင်ကြမယ်ဆိုတဲ့ စိတ်ဆန္ဒက နံပါတ်တစ် အရေးအကြီးဆုံးပေါ့ကွာ။

ဒီမိုကရေစီနိုင်ငံတစ်ခုနဲ့တစ်ခုကြားမှာ မသိမသာ အသွင်ကွဲပြားမှုတွေ ရှိတာမှန်ပေမယ့် ဒီမိုကရေစီနိုင်ငံတိုင်းမှာ နိုင်ငံရေးစနစ်မူဝါဒတွေနဲ့ လက်တွေ့လုပ်ဆောင်ပုံတွေ ကွဲပြားကြတာကို တွေ့ရတယ်။ အရေးအကြီးဆုံးအချက်ကတော့ ဒီမိုကရေစီလူ့အဖွဲ့အစည်းတွေသည် မတူညီတဲ့ အယူအဆ၊ အပေးအယူ၊ အလျှော့အတင်းပြုမှုစတဲ့ အလေ့အထတွေကို တန်ဖိုးထားတတ်ဖို့ လိုပါတယ်။

## ရေးဆွဲဖို့ လိုအပ်

နိုင်ငံတော်က ဒီ့တာဝန်အရေးသုံးပါးကို ဘာလို့အထိအခိုက်မခံသလဲဆိုတာကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေက နားလည်သဘောပေါက်ဖို့ လိုသလို တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းတွေက ဘာကြောင့် လက်နက်ကိုင် ဆန့်ကျင်နေကြသလဲဆိုတာ သိဖို့လိုတယ်။ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုစနစ်ကို သွားမယ်ဆိုရင် အမျိုးသားစည်းလုံးညီညွတ်ရေးနဲ့ အချုပ်အခြာအာဏာကို ထိန်းသိမ်းစောင့်ရှောက်ဖို့ ရည်ရွယ်ပြီး တိုင်းဒေသကြီး/ ပြည်နယ်တွေကို အခွင့်အရေးပေးပြီး ဥပဒေပြုရေးဆွဲပေးတာက အဓိက ကျပါတယ်။ ဒါကြောင့် တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေတွေကို ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို Mother Law အဖြစ်ထားပြီး ရေးဆွဲဖို့ လိုအပ်ပါလိမ့်မယ်။

## ဆောင်ရွက်ရမယ့် နည်းလမ်းတွေထားရှိရ

ဖက်ဒရယ်ပြည်ထောင်စုစနစ်မှာ ထူးခြားတဲ့ လက္ခဏာတွေကတော့ ပြည်ထောင်စုအစိုးရနဲ့ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရဆိုပြီး အစိုးရအဖွဲ့ နှစ်မျိုးရှိခြင်း၊ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာကို ပြည်ထောင်စုအစိုးရနဲ့ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများက ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်တွေနဲ့အညီ ခွဲဝေပိုင်ဆိုင်ကြခြင်း၊ ပြည်ထောင်စုအစိုးရသည်လည်းကောင်း တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများသည်လည်းကောင်း နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာကို အစိုးရတစ်ဖွဲ့တည်းက လုံးဝပိုင်ဆိုင်မှုမရှိကြဘဲ အကန့်အသတ်နဲ့သာ ခွဲဝေပိုင်ဆိုင်ကြခြင်း၊ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာကို ခွဲဝေပိုင်ဆိုင်ကြရာမှာ ပြည်ထောင်စုအစိုးရကို အချုပ်အခြာအာဏာပိုပေးထားပြီး တိုင်းဒေသကြီး/ ပြည်နယ် အစိုးရများအတွက် အချုပ်အခြာအာဏာ လျှော့ပြီး ချန်ထားခြင်း (သို့မဟုတ်) ပြည်ထောင်စုအစိုးရကို အချုပ်အခြာအာဏာလျှော့ပေးထားပြီး တိုင်းဒေသကြီး/ပြည်နယ် အစိုးရများအတွက် အချုပ်အခြာအာဏာကို ပိုပြီးချန်ထားခြင်း၊ ပြည်ထောင်စုအစိုးရနဲ့ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရတို့သည် အချုပ်အခြာအာဏာခွဲဝေကျင့်သုံးရာမှာ အငြင်းပွားလာခဲ့သော် ဖြေရှင်းဆုံးဖြတ်ပေးဖို့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ဆုံးဖြတ်ခွင့်အာဏာကို ထားရှိစေခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပြင်ဆင်၊ ဖြည့်စွက်ဖို့ လိုအပ်တဲ့အခါ မည်သို့မည်ပုံ ဆောင်ရွက်ရမယ်ဆိုတဲ့ နည်းလမ်းတွေ ထားရှိရခြင်းတို့ပဲ ဖြစ်တယ်။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ အဲဒီ အင်္ဂါရပ်တွေ ပြည့်စုံပြီးသားဆိုတော့ လက်ရှိနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အသစ်ပြင်ဆင်ဖွဲ့စည်းထားတဲ့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီနဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေအကြား ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေ၊ NCA လက်မှတ်ရေးထိုးပွဲတွေ မြန်မြန်အောင်မြင်လေ၊ မင်းတို့လိုချင်တဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုစနစ်ကို မြန်မြန်အကောင်အထည်ဖော်နိုင်လေ ဖြစ်တော့မှာပေါ့။ *(ဆက်လက်ဖော်ပြပါမည်)*

**❖ တန်ဖိုးရှိလှတဲ့ လူငယ်ဘဝဆိုတာ လှပတဲ့ အနာဂတ်ကို တည်ဆောက်ကြဖို့ပါ။**
**နိုင်ငံနဲ့ လူမျိုးရဲ့ ကောင်းကျိုးကိုသာ ရှေးရှုပြုလုပ် ဆောင်ရွက်ကြရမှာ။**

# အင်းဝ ဗားကရာ သစ်သားကျောင်းတော်ကြီးကို ရှေးမူမပျက် ပြုပြင်ထိန်းသိမ်းနေ

**မန္တလေး မေ ၉**

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် အင်းဝဒေသရှိ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ် ဗားကရာ သစ်သားကျောင်းတော်ကြီး၏ စင်္ကြံလမ်းတစ်လျှောက်မှ ဆွေးမြည့်ပျက်စီးနေသော ကြမ်းခင်းနှင့် ဆင့်တန်းများကို ရှေးမူမပျက် အစားထိုး ပြုပြင်ထိန်းသိမ်းသည့် လုပ်ငန်းများကို ယခုဘဏ္ဍာနှစ်အတွင်း ခွင့်ပြုရန်ပုံငွေကျပ် သိန်း ၁၈၀ သုံးစွဲ၍ ဆောင်ရွက်လျက်ရှိကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (မန္တလေးဌာနခွဲ)မှ သိရသည်။



အင်းဝဒေသမှ ရှေးဟောင်းအဆောက်အအုံ ဗားကရာ သစ်သားကျောင်းတော်ကြီး။

အဆိုပါ ကြမ်းခင်းနှင့် ဆင့်တန်းများ အစားထိုးလဲလှယ်ပြုပြင်ခြင်း လုပ်ငန်းများကို ပြီးခဲ့သော ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ခွင့်ပြုရန်ပုံငွေကျပ် သိန်း ၁၀၀ သုံးစွဲ၍ စတင်လုပ်ဆောင်ခဲ့ခြင်းဖြစ်ပြီး ယခု ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ကျန်ရှိနေသော အပိုင်းများကို ဆက်လက် လုပ်ဆောင်နေခြင်းဖြစ်ကြောင်းနှင့် လက်ရှိတွင် လုပ်ငန်းအားလုံး၏ ၄၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ဌာနက ရှေးဟောင်းနယ်မြေတွေအားလုံးမှာ ယဉ်ကျေးမှု အမွေအနှစ်တွေ ပျက်စီးဆုံးရှုံးမှုနည်းပါးပြီး ခေတ်ကာလရဲ့ လူနေမှုအဆင့်အတန်းတွေနဲ့ လိုက်လျောညီထွေဖြစ်အောင် ထိန်းသိမ်းစောင့်ရှောက်လျက်ရှိပါတယ်။ ဒီကျောင်းတော်ကြီးက ပြည်တွင်းပြည်ပ ခရီးသွားတွေ အများဆုံး လာရောက်လေ့လာကြပြီး သမိုင်းတန်ဖိုးနဲ့ ယဉ်ကျေးမှုတန်ဖိုး မြင့်မားတဲ့ ရှေးဟောင်းအဆောက်အအုံတစ်ခုဖြစ်တဲ့အတွက် ရေရှည်တည်တံ့အောင် ထိန်းသိမ်းပြုပြင်လျက်ရှိပါတယ်။ ကျွန်းသားနဲ့ ဆောက်လုပ်ထားတဲ့ သစ်သားကျောင်းတော်ကြီးဖြစ်တဲ့အတွက် ပြုပြင်ခြင်းလုပ်ငန်းတွေကိုလည်း ရှေးမူမပျက်အောင် ကျွန်းသားတွေနဲ့ပဲ အစားထိုးလဲလှယ်ပြုပြင်ထားပါတယ်။ ဒီနှစ်အတွင်းမှာ ကျောင်းတော်ကြီးရဲ့ စင်္ကြံလျှောက်လမ်း ပတ်လည်မှာရှိတဲ့ ဆွေးမြည့်နေတဲ့ ကြမ်းခင်းနဲ့ ဆင့်တန်းတွေအားလုံးကိုအပြီး အစားထိုးလဲလှယ်ပေးသွားမှာဖြစ်ပါတယ်"ဟု အဆိုပါဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးနေနိုင်ထွန်းက ပြောသည်။



လျှောက်လမ်းတစ်လျှောက်မှ ကြမ်းခင်းနှင့် ဆင့်တန်းများကို လဲလှယ်ပြုပြင်နေစဉ်။

အင်းဝ ဗားကရာ သစ်သားကျောင်းတော်ကြီးကို သက္ကရာဇ် ၁၁၄၄ ခုနှစ် ဘိုးတော်ဘုရားလက်ထက်တွင် အတွင်းဝန်အမတ်ကြီး နေမျိုးကျော်ထင်က ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး ကျွန်းတိုင်ပေါင်း ၂၆၇ လုံး ပါဝင်ကာ အကြီးဆုံးကျွန်းတိုင်၏ လုံးပတ်မှာ ၉ ပေနှင့် အရှည်ဆုံးကျွန်းတိုင်အမြင့်မှာ ပေ ၆၀ အထိရှိသည်။ ကျောင်းတော်ကြီး၏ အကျယ်အဝန်းမှာ အလျား ၁၈၈ ပေ၊ အနံ ၁၀၃ ပေရှိကာ အုတ်လှေကား ငါးစင်းဖြင့် တည်ဆောက်ထားကြောင်းနှင့် အဆိုပါ ကျောင်းကြီးတွင် ကုန်းဘောင်ခေတ် မြန်မာ့ဗိသုကာ အမွေအနှစ် လက်ရာများစွာကို တွေ့မြင်လေ့လာနိုင်မည်ဖြစ်ကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

# နတ်မောက်မြို့နယ်အတွင်း မိုးနှမ်းစိုက်ပျိုးရာတွင် စိုက်ပျိုးရေးနည်းစနစ်ကောင်းများဖြင့် စိုက်ပျိုးနိုင်ရေး အကျိုးဆောင်တောင်သူများအား ပညာပေးဆွေးနွေး

**နတ်မောက် မေ ၉**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်၌ မိုးနှမ်းများစိုက်ပျိုးရာတွင် စိုက်ပျိုးရေးဆိုင်ရာနည်းစနစ်ကောင်းများဖြင့် စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက အကျိုးဆောင်တောင်သူများအား အသိပညာပေးဆွေးနွေးပွဲကို မေ ၆ ရက်က တံခွန်တိုင်ကျေးရွာ၌ ပြုလုပ်သည်။

ဆွေးနွေးပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြင့်မြင့်ချိုက မိုးမြေပဲသီးနှံများ အထွက်နှုန်းတိုးတက်ရေးနှင့် မိုးနှမ်းကို စိုက်ပျိုးရေးဆိုင်ရာနည်းစနစ်ကောင်းများဖြင့် စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် လိုက်နာဆောင်ရွက်ရမည့်အချက်များ နည်းပညာပေးဆွေးနွေးကာ ပြောင်းလဲလာသော ရာသီဥတုနှင့် လိုက်လျောညီထွေမှုရှိသည့် မျိုး၊ စိုက်နည်းစနစ်၊ ရေထိန်းသိမ်းမှုနည်းစနစ်များ၊ ဈေးကွက်ချိတ်ဆက်မှု၊ ပူးပေါင်းဆောင်ရွက်မှုများကိုလည်း အကြံပြုဆွေးနွေးသည်။

အဆိုပါဆွေးနွေးပွဲသို့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ ဒေသခံ မိုးနှမ်းစိုက်တောင်သူများ တက်ရောက်ကြောင်း သိရသည်။

သင်းသင်းမြတ်

# ဆီဆိုင်မြို့နယ်မှ ရွာခြောက်ရွာကြား ဆက်သွယ်သည့် လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီး

**ဆီဆိုင် မေ ၉**

ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် ဘန်းယဉ်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာခြောက်ရွာဖြစ်သော နားလွယ်၊ မိုက်ဆနှောင်း၊ ဖိုင်ကွမ်း၊ ဖိုင်လင်း၊ နမ့်ကွတ်နှင့် နောင်စန့် ကျေးရွာများကို အကျိုးပြုသည့် ကျေးရွာချင်းဆက်လမ်းကို လက်ရှိကျောက်လမ်းအဖြစ်မှ ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်သည့် လုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

လမ်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသိန်းဇော်၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောမောင်ဖွေ၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ (မြို့ပြ) ဒေါ်ဇင်ဇင်ပြုံးနှင့် တာဝန်ရှိသူများက မေ ၆ ရက်က ကွင်းဆင်းစစ်ဆေးသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၁၂၇ ဒသမ ၉၇ သန်းဖြင့် တင်ဒါအောင်မြင်သည့် ကုမ္ပဏီက တာဝန်ယူ၍ ဆောင်ရွက်ခဲ့သော အဆိုပါ နားလွယ်- မိုက်ဆနှောင်း- ဖိုင်ကွမ်း- ဖိုင်လင်း-နမ့်ကွတ်-နောင်စန့် ကျေးရွာချင်းဆက် ကျောက်လမ်းမှ ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ခင်းခြင်းလုပ်ငန်းသည် အရှည် ၁ မိုင်ရှိပြီး အကျယ် ၁၂ ပေနှင့် ထု ၉ လက်မရှိကြောင်း သိရသည်။

ခွန်ရဲထွေး(ဆီဆိုင်)

# ဥက္ကံ-တဘူးလှဆည်လမ်း၏ သကြားစက်လမ်းပိုင်း၌ ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ၄၀ ရာခိုင်နှုန်းနှင့် တံတားတည်ဆောက်မှု ၇၀ ရာခိုင်နှုန်းပြီးစီး

**ရန်ကုန် မေ ၉**

ဥက္ကံ-တဘူးလှဆည် ကျေးလက်လမ်း၏ လမ်းပိုင်းတစ်ခုဖြစ်သည့် ဥက္ကံ-သကြားစက် ကျေးလက်ဖွံ့ဖြိုးရေးလမ်းတွင် မြေသားလမ်းမှ ကွန်ကရစ်လမ်းအဖြစ် ခင်းကျင်းရန် ကျန်ရှိသော ၃ မိုင် ၄ ဖာလုံ မြေသားလမ်းကို ကွန်ကရစ်လမ်းအဖြစ် ၂၀၂၀ ပြည့်နှစ်ကုန်ပိုင်းမှစ၍ ဆောင်ရွက်ခဲ့ကာ ထို လမ်းပိုင်းတွင် ရေထုတ်ပြွန် ၁၀ ခုနှင့် တံတားသုံးစင်းပါဝင်ပြီး ယခုအခါ လမ်းလုပ်ငန်း ၄၀ ရာခိုင်နှုန်း၊ ရေထုတ်ပြွန်နှင့် တံတားတည်ဆောက်မှု ၇၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်းနှင့် မိုးရာသီမတိုင်မီ အပြီးတည်ဆောက်လျက်ရှိကြောင်း သိရသည်။

**အချိန်အခါမရွေး သွားလာနိုင်မည်**

ဥက္ကံ-တဘူးလှဆည် ကျေးလက်လမ်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်ခြင်းဖြစ်ပြီး တင်ဒါအောင်မြင်သော ကုမ္ပဏီက ကွန်ကရစ်လမ်းခင်းခြင်းနှင့် တံတားတည်ဆောက်ခြင်းကို ဆောင်ရွက်လျက်ရှိသည်။ အကျယ် ၁၈ ပေ၊ ထု ၉ လက်မရှိသော ကွန်ကရစ်လမ်းကို ဥက္ကံ-တဘူးလှဆည်လမ်း၏ ၁၂ မိုင် ၂ ဖာလုံမှ ၁၆ မိုင်ကြား ခင်းနေခြင်းဖြစ်ပြီး ယင်းလမ်းပိုင်းအတွင်း (၈x၂၄)ပေ ရေထုတ်ပြွန် ၁၀ ခု၊ (၂၀x၂၃)ပေ တံတားနှစ်စင်းနှင့် (၁၈x၂၀) ပေ တံတားတစ်စင်းတို့လည်း ပါဝင်ရာ မေ ၂ ရက်အထိ တံတားနှင့် ရေထုတ်ပြွန်တည်ဆောက်မှုများမှာ ၇၀ ရာခိုင်နှုန်းအထိ ပြီးစီးနေပြီဖြစ်သည်။

အဆိုပါ ကျေးလက်လမ်းပိုင်း၌ ယခင်က သွားလာရေးခက်ခဲမှုများကြောင့် ကျန်းမာရေး၊ ပညာရေးနှင့် လူမှုရေးကဏ္ဍများတွင် အခက်အခဲများ ရှိခဲ့သည်။ ဥက္ကံသကြားစက် ၅ မိုင်မှ တမံခြေရင်း ၁၆ မိုင်အထိ လမ်းပိုင်းတွင် ၂၀၁၈ ခုနှစ် နှစ်ကုန်ပိုင်းမှစ၍ မြေသားကျောက်ကြမ်းလမ်းမှ ကွန်ကရစ်လမ်းအဖြစ် စတင်ခင်းခဲ့ရာ ၂၀၂၀ ပြည့် နှစ်ဆန်းပိုင်းတွင် ၁၂ မိုင် ၂ ဖာလုံ လျှော်ပုံကျေးရွာအထိ လမ်းပိုင်းကို ကွန်ကရစ်လမ်းအဖြစ် ခင်းပြီးခဲ့၍ ကျန်ရှိသော ၃ မိုင် ၄ ဖာလုံ လမ်းပိုင်းတွင် အီးအမ်နိုင်းနိုင်း ကုမ္ပဏီက ကွန်ကရစ်လမ်းကို ဆက်လက်ခင်းနေခြင်းဖြစ်သည်။

အဆိုပါ ကျေးလက်ဖွံ့ဖြိုးရေးလမ်းခင်းခြင်းလုပ်ငန်း ပြီးစီးသွားပါက သွယ်တန်းထားသော လျှပ်စစ်မီးတိုင်များမှ လျှပ်စစ်မီးလည်း ရရှိမည်ဖြစ်ပြီး တဘူးလှဆည်အနီးတွင် တာဝါတိုင်များလည်း တည်ဆောက်နိုင်မည်ဖြစ်ရာ ဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးလာခြင်းဖြင့် ကျေးလက်နေပြည်သူတို့၏ လူမှုစီးပွားကဏ္ဍများကိုလည်း အချိန်တိုအတွင်း ဖွံ့ဖြိုးတိုးတက်လာစေမည်ဖြစ်ကြောင်း သိရသည်။



ညိမ်းသူ၊ ဓာတ်ပုံ - ကနူး



## မင်းလှမြို့နယ်၌ ပထမအကြိမ် ဂရန်အင်းများလေလံရောင်းချ

**မင်းလှ မေ ၉**

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် ငါးလုပ်ငန်း ဦးစီးဌာနမှ ၂၀၂၁-၂၀၂၂ ခုနှစ် ငါးလုပ်ငန်းရာသီအတွက် ပထမအကြိမ် ဂရန်အင်းများ လေလံရောင်းချခြင်းကို မေ ၅ ရက်က မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနရုံး၌ ကျင်းပသည်။

အဆိုပါလေလံတင် ရောင်းချပွဲတွင် တိုင်းဒေသကြီး ငါးလုပ်ငန်း ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစိုးမင်း၊ ခရိုင်ငါးလုပ်ငန်း ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ထွန်းတို့က ၂၀၂၁-၂၀၂၂ ခုနှစ် ငါးလုပ်ငန်းရာသီအတွက် ဂရန်အင်းများ၏ လိုက်နာရမည့် စည်းကမ်းချက်များ၊ ဂရန်အင်းများမှ ငါးထွက်ရှိမှုနှုန်း တိုးတက်လာစေရန် အင်းလေလံဆွဲဝယ် ရရှိသူသည် ငါးလုပ်ငန်းဦးစီးဌာနမှ သတ်မှတ်ထားသည့်အတိုင်း အင်းအတွင်း ငါးမျိုးစိုက်ထည့်ရန်နှင့် လေလံရောင်းချရန်ကျန်ရှိသည့် အင်းများကို မေ ၂၀ ရက် ဒုတိယအကြိမ် လေလံတွင် ဆက်လက်ရောင်းချပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစိုးမင်း၊ ခရိုင်ငါးလုပ်ငန်း ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ထွန်း၊ မြို့နယ်ငါးလုပ်ငန်း ဦးစီးဌာနမှ ဦးစီးမှူးဦးဖြိုးဝေလင်း၊ ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးသူရိန်ထွန်းနှင့် တာဝန်ရှိသူများက ဂရန်အင်းများ လေလံတင်ရောင်းချရာ မင်းလှ၊ အုတ်ဖို၊ ကြို့ပင်ကောက်၊ နတ်တလင်း မြို့နယ်အတွင်းရှိ ဂရန်အင်း ငါးအင်းရှိသည့်အနက် ပထမအကြိမ်တွင် ဂရန်အင်း လေးခုကို အင်းသားကြီးများထံ ရောင်းချနိုင်ပြီး အင်းခွန်ငွေကျပ် ၅၆၉၀၀၀၀ အား နိုင်ငံတော်အခွန်ငွေရရှိကြောင်း သိရသည်။

**မြို့နယ် (ပြန်/ ဆက်)**

## တာလေမြို့၌ အသက်နှစ်လမှ တစ်နှစ်ခွဲအောက်ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးခြင်း ဆောင်ရွက်

**တာလေ မေ ၉**



တာလေမြို့၌ အသက်နှစ်လမှ တစ်နှစ်ခွဲအောက် ကလေးငယ်များအား လစဉ်ပုံမှန် ကာကွယ်ဆေးထိုးနှံခြင်း၊ တိုက်ကျွေးခြင်းနှင့် ပေါင်ချိန်ခြင်းကို မေ ၇ ရက်က ရှမ်းပြည်နယ် အရှေ့ပိုင်း တာလေမြို့ နားယောင်းကျေးရွာအုပ်စုအတွင်းရှိ နားအွန် ကျေးလက်ကျန်းမာရေးဌာနခွဲ၌ ဆောင်ရွက်သည်။

ကာကွယ်ဆေး လာရောက်ထိုးနှံကြသည့် ကလေးငယ်များကို ကျန်းမာရေးဌာန၏ ညွှန်ကြားချက်များနှင့်အညီ ကာကွယ်ဆေးထိုးခြင်း၊ ဆေးတိုက်ကျွေးခြင်းနှင့် ပေါင်ချိန်ခြင်းကို စနစ်တကျ ဆောင်ရွက်ကြပြီး ယင်းနေ့ ကာကွယ်ဆေးလာရောက် ထိုးနှံကြသည့် ကလေးများမှာ ၃၅ ဦး ရှိကြောင်း နားအွန် ကျေးလက်ကျန်းမာရေးဌာနခွဲမှ သားဖွားဆရာမ ဒေါ်ခင်ခင်ရီထံမှ သိရသည်။

အသက် နှစ်လမှ တစ်နှစ်ခွဲအောက် ကလေးငယ်များကို လစဉ်ပုံမှန် ကာကွယ်ဆေးထိုးခြင်း၊ တိုက်ကျွေးခြင်းနှင့် ပေါင်ချိန်ခြင်း အစီအစဉ်တွင် ကလေးငယ်များအား ပေါင်ချိန်ခြင်း၊ ဝက်သက်-ဂျိုက်သိုး ၊ bcg ကာကွယ်ဆေး၊ pcv ငါးမျိုးစပ် ကာကွယ်ဆေး၊ penta ပြင်းထန်အဆုတ်ရောင် ကာကွယ်ဆေး၊ ပိုလီယိုကာကွယ်ဆေး၊ opv ပိုလီယိုအစက်ချ ကာကွယ်ဆေးထိုးခြင်း၊ ဆေးတိုက်ကျွေးခြင်းများနှင့် ကလေးငယ်များကို ပေါင်ချိန်ခြင်းအပြင် ကျေးလက်ကျန်းမာရေးဌာနခွဲများတွင်လည်း ပုံမှန် ကာကွယ်ဆေးထိုးခြင်း၊ ဆေးတိုက်ကျွေးခြင်း အပြင် ကလေးများကို ပုံမှန်ပေါင်ချိန်ခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။

**အောင်ကျော်မိုး (ပြန်/ဆက်)**

---

**မြန်မာ့အလင်း အယ်ဒီတာ့ထံ ပေးစာ**

## တရားမဝင် လောင်းကစားဝိုင်းကို ထိရောက်စွာ တားမြစ် အရေးယူပေးစေလို

**အယ်ဒီတာခင်ဗျာ -**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဒေသအနှံ့အပြား၌ နှစ်လနီးပါး ကြာမြင့်နေပြီဖြစ်သော တရားမဝင် လောင်းကစားဝိုင်းများကြောင့် မြို့ပြနှင့် ကျေးလက်ဒေသနေသူများ လူမှုဘဝ၊ စီးပွားရေးလုပ်ငန်းများ များစွာထိခိုက်နစ်နာမှုများရှိနေရာ အဆိုပါ တရားမဝင် လောင်းကစားဝိုင်းများအား သက်ဆိုင်ရာမှ အမြန်ဆုံး တားမြစ် အရေးယူပေးနိုင်ပါရန် အယ်ဒီတာ့ထံပေးစာကဏ္ဍမှတစ်ဆင့် အကူအညီတောင်းခံအပ်ပါသည်။

**ရေတာရှည် နယ်သားတစ်ဦး**

## အယ်ဒီတာ့ထံ ပေးစာကဏ္ဍသို့ ပေးစာများ ပေးပို့နိုင်

မြန်မာ့အလင်းသတင်းစာဖတ်ရှုသူ ပြည်သူများအနေဖြင့် မိမိတို့ ပတ်ဝန်းကျင်၌ ဖြစ်ပျက်နေသောအကြောင်းအရာများကို သတင်း စာဖတ် ပြည်သူများ၊သက်ဆိုင်ရာ အဖွဲ့အစည်းများသို့ သိရှိစေလိုသော အပြုသဘောဖြင့်ရေးသားသော ပေးစာများကို မြန်မာ့အလင်းသတင်းစာ အယ်ဒီတာ့ထံ ပေးစာကဏ္ဍသို့ လိပ်မူ၍ ပေးပို့နိုင်ပါသည်။

ယင်းကဲ့သို့ ပေးစာများပေးပို့ရာတွင် အမည်၊ ဆက်သွယ်ရမည့် လိပ်စာနှင့် ဖုန်းနံပါတ်တို့ကို ထည့်သွင်းရေးသားရမည်ဖြစ်ပြီး ပေးပို့သည့် ပေးစာအတွက် တာဝန်ယူသည်ဟု ပါရှိရမည်ဖြစ်ပါကြောင်း သတင်းစာဖတ်ပြည်သူများအား အသိပေးဖိတ်ခေါ်အပ်ပါသည်။

**စာတည်းအဖွဲ့**

---

*စာမျက်နှာ ၂၃ မှ*

သို့မဟုတ် ထိပါးချိုးဖောက်ရန် အလားအလာရှိကြောင်း ထင်ရှားစေရန် ခိုင်လုံသည့် အထောက်အထားများကို တင်ပြစေရန်၊ (၂) ယာယီအရေးယူဆောင်ရွက်မှုကို အလွဲသုံးစားအသုံးပြုခြင်းမှ ကာကွယ်တားဆီးရန်အတွက် လုံလောက်သည့် အာမခံတင်သွင်းစေရန် ညွှန်ကြားနိုင်သည်။

မူပိုင်ခွင့်တရားရုံးသည် ယာယီအရေးယူဆောင်ရွက်ရာတွင် ထိပါးချိုးဖောက်သည်ဟု စွပ်စွဲခံရသော ကုန်ပစ္စည်းများကို ခွဲခြားသတ်မှတ်နိုင်ရန် နောက်ထပ်လိုအပ်သော မည်သည့်သတင်းအချက်အလက်ကိုမဆို တင်သွင်းရန် လျှောက်ထားသူကို ထပ်မံညွှန်ကြားနိုင်သည်။

မူပိုင်ခွင့်တရားရုံးသည် လျှောက်ထားတောင်းဆိုခဲ့သည့် ယာယီအရေးယူဆောင်ရွက်ချက်များကို စတင်ဆောင်ရွက်ခဲ့သည့်နေ့မှစ၍ ထိခိုက်နစ်နာမှုအပေါ် အမှုကို အပြီးအပြတ်ဆုံးဖြတ်နိုင်ရန်အတွက် မူပိုင်ခွင့်တရားရုံးက သတ်မှတ်ထားသည့် သင့်လျော်သောကာလအတွင်း သို့မဟုတ် ယင်းကဲ့သို့ သတ်မှတ်ထားခြင်းမရှိခဲ့လျှင် ယာယီအရေးယူဆောင်ရွက်ရန် အမိန့်ချမှတ်သည့်နေ့မှရက်ပေါင်း ၃၀ အတွင်း တရားမကြောင်းအရ တရားစွဲဆိုခြင်း မရှိလျှင် ပုဒ်မ ၈၀၊ ပုဒ်မခွဲ (ခ) ကို မထိခိုက်စေဘဲ ပုဒ်မ ၇၉၊ ပုဒ်မခွဲ(က) နှင့် ပုဒ်မ ၈၀၊ ပုဒ်မခွဲ(က) တို့အရ ချမှတ်ထားသော ယာယီအရေးယူဆောင်ရွက်ချက်များကို လျှောက်ထားခံရသူ၏ တောင်းဆိုချက်အရ ရုပ်သိမ်းရမည် သို့မဟုတ် အကျိုးသက်ရောက်မှုကို ရပ်စဲရမည်။

မူပိုင်ခွင့်တရားရုံးသည် ယာယီအရေးယူဆောင်ရွက်ချက်များကို ရုပ်သိမ်းလျှင်ဖြစ်စေ၊ လျှောက်ထားသူ၏ ပျက်ကွက်မှု သို့မဟုတ် ပြုလုပ်မှုတစ်ရပ်ရပ်ကြောင့် ရပ်စဲလျှင်ဖြစ်စေ၊ အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးထိပါးချိုးဖောက်ခြင်းမရှိကြောင်း သို့မဟုတ် ထိပါးချိုးဖောက်ရန် အလားအလာမရှိကြောင်း တွေ့ရှိလျှင်ဖြစ်စေ၊ လျှောက်ထားခံရသူ၏ တောင်းဆိုချက်အရ အဆိုပါ အရေးယူဆောင်ရွက်ချက်များကြောင့် ပေါ်ပေါက်သော ထိခိုက်နစ်နာမှုများအတွက် သင့်လျော်သော လျော်ကြေးကိုလျှောက်ထားသူက လျှောက်ထားခံရသူသို့ ပေးစေရန် အမိန့်ချမှတ်နိုင်သည်။

မူပိုင်ခွင့်တရားရုံးသည် (၁) အခွင့်အရေးရှိသူကို ကုစား၍မရနိုင်သော ထိခိုက်နစ်နာမှုကို ဖြစ်စေတန်ရာသည့် နှောင့်နှေးကြန့်ကြာမှု တစ်စုံတစ်ရာရှိသည့် (၂) သက်သေခံအထောက်အထားများ ပျက်စီးဆုံးရှုံးမည့် အန္တရာယ်အမှန်တကယ် ကျရောက်နေသည့် အခြေအနေတစ်ရပ်ရပ်တွင် တစ်ဖက်သတ်ယာယီ အရေးယူဆောင်ရွက်သည့် အမိန့်များကို ချမှတ်နိုင်သည်။

လျှောက်ထားသူက ၎င်းသည် မူပိုင်ခွင့်အခွင့်အရေးရှိသူဖြစ်ကြောင်း၊ ၎င်း၏အခွင့်အရေးကို လျှောက်ထားခံရသူက ထိပါးချိုးဖောက်နေကြောင်း သို့မဟုတ် ထိပါးချိုးဖောက်ရန် အလားအလာရှိကြောင်း အထောက်အထားများတင်ပြလာပါက တရားရုံးအနေဖြင့် ယာယီအရေးယူဆောင်ရွက်သည့် အမိန့်ချမှတ်နိုင်သည်။

ATTORNEY GENERAL V.PUNCHLTD (2002) UKHL 50 အမှုတွင် တရားရုံးအနေဖြင့် ယာယီအရေးယူဆောင်ရွက်ခွင့်ပြုရခြင်းအတွက် ကောင်းသောအကြောင်းပြချက်များအပေါ် အခြေခံ၍ စဉ်းစားဆုံးဖြတ်ရမည်ဖြစ်ကြောင်း သုံးသပ်ဆုံးဖြတ်ထားသည်တို့ကို တွေ့မြင်နိုင်သည်။

မူပိုင်ခွင့်တရားရုံးသည် အမှတ်တံဆိပ် မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးထိပါးချိုးဖောက်ခြင်းအတွက် အရေးယူဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ဤဥပဒေတွင် အတိအလင်း ပြဋ္ဌာန်းထားခြင်းမရှိလျှင် သက်သေခံအက်ဥပဒေ၊ ရာဇဝတ်ကျင့်ထုံးဥပဒေ၊ တရားမကျင့်ထုံးဥပဒေနှင့် အခြားစပ်ဆိုင်သည့် တည်ဆဲဥပဒေတို့ပါ ပြဋ္ဌာန်းချက်များကို ကျင့်သုံးဆောင်ရွက်နိုင်ကြောင်း ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေပုဒ်မ ၈၆ တွင် ပြဋ္ဌာန်းထားသည်ကို တွေ့မြင်နိုင်သည်။

ယာယီတားဝရမ်း၊ ထာဝရတားဝရမ်း၊ ယာယီအရေးယူဆောင်ရွက်သည့် အမိန့်တို့နှင့်သက်ဆိုင်သော စီရင်ထုံးများပါ ဆုံးဖြတ်ချက်များ၊ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် TRIPS Agreement ပါ သဘောတူညီချက်များ၊ WIPO မှထုတ်ဝေသော စီရင်ထုံးတို့ကို နှိုင်းယှဉ်လေ့လာပြီး ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ၊ စက်မှုဒီဇိုင်း မူပိုင်ခွင့်ဥပဒေ၊ တီထွင်မှု မူပိုင်ခွင့်ဥပဒေ၊ စာပေနှင့် အနုပညာ မူပိုင်ခွင့်ဥပဒေများပါ ရည်မှန်းချက်များ ပေါက်မြောက်အောင် အကောင်အထည်ဖော်ရာတွင် တစ်ထောင့်တစ်နေရာမှ အထောက်အကူရနိုင်စေရန် ရည်ရွယ်ပြုစုတင်ပြအပ်ပါသည်။ ။

## ခမောက်ကြီးမြို့၌ ကျောင်းပြန်လည်ဖွင့်လှစ်နိုင်ရန် ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်

**ခမောက်ကြီး မေ ၉**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ခမောက်ကြီးမြို့ အခြေခံပညာအထက်တန်းကျောင်းတွင် စာသင်ကျောင်း ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ကျောင်းနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်းများကို မေ ၉ ရက်က လုပ်ဆောင်ခဲ့သည်။

ကျောင်းဖွင့်ချိန်တွင် ကျောင်းသူ ကျောင်းသားများ အဆင်ပြေလုံခြုံမှုရှိစေရေးအတွက် အထက ခမောက်ကြီးကျောင်းရှိ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ ဆရာမများ၊ နယ်မြေခံတပ်မှ တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ ပူးပေါင်း၍ ကျောင်းစာသင်ခန်းများအတွင်း သန့်ရှင်းရေးပြုလုပ်ခြင်း၊ စာသင်ခန်းအတွင်းနှင့် လူသွားလမ်းများတွင် ပိုးသတ်ဆေးဖျန်းခြင်း၊ စာသင်ခန်းများအတွင်း လိုအပ်သည်များ ပြင်ဆင်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။

မြို့နယ်(ပြန်/ဆက်)

## ညောင်တုန်းမြို့တွင် ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် နှာခေါင်းစည်းတပ်ဆင်ရေးလှုံ့ဆော်

**ညောင်တုန်း မေ ၉**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ် ထိန်းချုပ်ရေးနှင့် ကူးစက်မှုမရှိစေရေးအတွက် ပြည်သူများအနေဖြင့် နေအိမ်ပြင်ပသို့ထွက်ပါက နှာခေါင်းစည်းကို မဖြစ်မနေ တပ်ဆင်သွားလာရန် အသိပညာပေးလှုံ့ဆော်မှုကို မေ ၉ ရက် နံနက်ပိုင်းက မြို့မဈေးရှေ့နှင့် မြို့တွင်း လူစည်ကားရာနေရာများ၌ ပြုလုပ်ပြီး ပြည်သူများအား နှာခေါင်းစည်းများလည်း အခမဲ့ဖြန့်ဝေပေးကြောင်း သိရသည်။

ညောင်တုန်းမြို့နယ်အဆင့် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီဝင်များက ဦးဆောင်၍ ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ် ရေးနှင့်ပတ်သက်၍ ပေါ့ဆမှုမဖြစ်စေရန်၊ နေအိမ်ပြင်ပသို့ထွက်တိုင်း နှာခေါင်းစည်းများ တပ်ဆင်ပြီး သွားလာရန် အသိပညာပေး နှိုးဆော်ပြီးနောက် နှာခေါင်းစည်းများကို ဈေးရောင်းဈေးဝယ်သူများနှင့် မြို့တွင်း၌ သွားလာနေသည့် ပြည်သူများထံ အခမဲ့ဖြန့်ဝေပေးခဲ့ခြင်း ဖြစ်သည်။

မြို့နယ်(ပြန်/ဆက်)

## အမျိုးသမီးများ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန် ဖွင့်လှစ်သည့် အခြေခံစက်ချုပ်သင်တန်းဆင်း

**ကြံခင်း မေ ၉**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ကြံခင်းမြို့နယ်အတွင်းမှ ကျေးလက်နေအမျိုးသမီးများ အလုပ်အကိုင်အခွင့်အလမ်း ရရှိစေရန်နှင့် မိသားစုဝင်ငွေတိုးပွားစေရန် ရည်ရွယ်လျက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖွင့်လှစ်ပေးခဲ့သည့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းဆင်းပွဲကို မေ ၉ ရက်က ကြံခင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်လွင်က အမှာစကားပြောကြားပြီး မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခေတ္တဦးစီးမှူး ဦးနေဇော်ထက်က သင်တန်းသူများအနေဖြင့် သင်တန်းမှ သင်ကြားပေးလိုက်သော အတတ်ပညာများကို စဉ်ဆက်မပြတ် ဆက်လက်လေ့လာကာ လက်တွေ့နယ်ပယ်တွင် အကျိုးရှိရှိ အသုံးချနိုင်အောင် ကြိုးစားစေလိုကြောင်း တိုက်တွန်းပြောကြားသည်။ ထို့နောက် သင်တန်းပြီးမြောက်အောင် တက်ရောက်ခဲ့သော သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များနှင့် သင်တန်းတွင် ထူးချွန်သူများအား ဆုများကို တာဝန်ရှိသူများက ပေးအပ်ခဲ့သည်။

အဆိုပါ အခြေခံစက်ချုပ်သင်တန်းတွင် ကြံခင်းမြို့နယ်အတွင်းရှိ ကျေးရွာများမှ သင်တန်းသူ အမျိုးသမီးငယ် ၃၀ တက်ရောက်သင်ကြားခဲ့ကြပြီး သင်တန်းတွင် စက်ချုပ်ပညာရပ်များကို စာတွေ့ လက်တွေ့ နှစ်မျိုးလုံးဖြင့် ရက် ၂၀ ကြာ ဖွင့်လှစ်ပို့ချကြောင်း သိရသည်။

စိုးမိုးကျော်

# ရန်ကုန်တိုင်းဒေသကြီးအတွင်းဆောင်ရွက်မည့် ပန်းခင်းစီမံချက် လုပ်ငန်းစဉ်ရှင်းလင်း

**ရန်ကုန် မေ ၉**

ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ အကောင်အထည်ဖော် ဆောင်ရွက်မည့် ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် ကိုင်ဆောင်သင့်သော ကတ်တစ်မျိုးမျိုး ထုတ်ပေးနိုင်ရေး လုပ်ငန်းစဉ်ရှင်းလင်းတင်ပြခြင်းကို မေ ၇ ရက်က ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

လုပ်ငန်းစဉ်ရှင်းလင်းပွဲတွင် ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးလှစိုးက နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၏ လမ်းညွှန်ချက်များနှင့်အညီ မြန်မာနိုင်ငံသား တိုင်းရင်းသားများနှင့် ဥပဒေအရ နိုင်ငံသားများအား ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စု လူဦးရေစာရင်းနှင့် ကိုင်ဆောင်သင့်သော ကတ်တစ်မျိုးမျိုး ထုတ်ပေးသွားမည်ဖြစ်ကြောင်း၊ စီမံချက်ဆောင်ရွက်ရာတွင် လက်ရှိဒေသ၌ အိမ်ထောင်စုစာရင်းရှိပြီး ကိုင်ဆောင်ကတ်ပြားမရှိသူများ၊ အိမ်ထောင်စုစာရင်းရော ကိုင်ဆောင်ကတ်ပြားရော မရှိသူများ၊ ရွှေ့ပြောင်းနေထိုင်သူများတွင် မူလဒေသ၌ အိမ်ထောင်စုစာရင်းရှိပြီး ကိုင်ဆောင်လက်မှတ်မရှိသူများ၊ မူလဒေသနှင့် လက်ရှိနေထိုင်သည့်နေရပ်တွင် အိမ်ထောင်စုစာရင်းနှင့် ကိုင်ဆောင်ကတ်ပြားမရှိသူများအား ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် ပန်းခင်းစီမံချက်ကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက အလေးထား၍ပူးပေါင်းဆောင်ရွက်သွားကြရန် ပြောကြားသည်။



ပန်းခင်းစီမံချက် လုပ်ငန်းစဉ်ရှင်းလင်းပွဲ ကျင်းပစဉ်

ထို့နောက် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးအောင်ဝင်းသိန်းက ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို အသေးစိတ် ရှင်းလင်းတင်ပြခဲ့သည်။

ပန်းခင်းစီမံချက်သည် နိုင်ငံတော်အတွက် အလွန်အရေးကြီးသည့် လုပ်ငန်းဖြစ်ပြီး အကြောင်းအမျိုးမျိုးကြောင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် ကိုင်ဆောင်လက်မှတ်တစ်မျိုးမျိုး မရှိသူများအနေဖြင့် နောင်လာမည့် ရွေးကောက်ပွဲများတွင် မဲပေးခွင့်ရှိသူနိုင်ငံသားတိုင်း ဆန္ဒမဲပေးရာတွင် ကိုင်ဆောင်ခွင့်ရှိသည့် နိုင်ငံသားစိစစ်ရေးကတ်ပြား၊ ဧည့်နိုင်ငံသားစိစစ်ရေးကတ်ပြား၊ နိုင်ငံသားပြုခွင့်ရသူ၏ စိစစ်ရေးကတ်ပြား တစ်မျိုးမျိုးကို ဆောင်ရွက်ပေးရန်အတွက် ပန်းခင်းစီမံချက်ကို ၂၀၂၁ မေ ၃ ရက်မှစ၍ ၂၀၂၂ နိုဝင်ဘာ ၃ ရက်အထိ ဆောင်ရွက်ပေးသွားမည့် စီမံချက်ဖြစ်ကြောင်း ရှင်းလင်းပွဲတွင် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ ပြောကြားချက်များအရ သိရသည်။

ဆန်းကျော်ဦး(ပြန်/ဆက်)

# ပဲခူးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကွင်းဆင်းစစ်ဆေး

**ပဲခူး မေ ၉**

ပဲခူးနှင့် ဒိုက်ဦးမြို့နယ်တို့အတွင်း ဆောင်ရွက်လျက်ရှိသော ကျေးလက်ဖွံ့ဖြိုးရေး လုပ်ငန်းများကို ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးဆွေဝင်းနှင့် ကောင်စီဝင်များက တိုင်းဒေသကြီး/ ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ မေ ၇ ရက်က ကြည့်ရှုစစ်ဆေးသည်။

တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် ပဲခူးမြို့နယ် ဝါးကတုတ် သစ်တောပျိုးဥယျာဉ်တွင် ပျိုးပင်များ ပျိုးထောင်ထားရှိမှုနှင့် နှစ်အလိုက် သစ်တောစိုက်ခင်းများသို့ ပျိုးပင်ဖြန့်ဝေပေးနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ သဘာဝပတ်ဝန်းကျင်ဂေဟစနစ်ကို ပြန်လည်ထိန်းသိမ်းရာတွင် သစ်ပင်စိုက်ပျိုးခြင်းသည် အကောင်းဆုံး၊ ဈေးအသက်သာဆုံးဖြစ်၍ တစ်ပင်စိုက် တစ်ပင်ရှင်စနစ်ကို အလေးထား အကောင်အထည်ဖော်ဆောင်ရွက်စေလိုကြောင်းနှင့် ဒေသနှင့်ကိုက်ညီသောသစ်ပင်များ ပျိုးထောင်၍ ပြည်သူများကိုလည်း သစ်ပင်စိုက်ပျိုးရေး စည်းရုံးဆောင်ရွက်သွားရန် ပျိုးဥယျာဉ်မှ တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ဥက္ကဋ္ဌနှင့်အဖွဲ့သည် ဝါးကတုတ်ရေလှောင်တမံသို့ ဆက်လက်သွားရောက်ခဲ့ရာ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကိုကိုဦးက ဝါးကတုတ်ရေလှောင်တမံမှ မိုးယွန်းကြီးအင်းသို့ ရေသွင်းပေးနေမှုနှင့် နွေစပါး စိုက်ပျိုးနိုင်ရေး ရေပေးဝေနေမှု အခြေအနေကို ရှင်းလင်းတင်ပြပြီး ဥက္ကဋ္ဌက ယခုလို နွေရာသီအခါမျိုး၌ ဆည်တမံများ၏ ကြံ့ခိုင်မှုကို စစ်ဆေးထားရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ဥက္ကဋ္ဌသည် ဒိုက်ဦးမြို့နယ်အတွင်း မြန်မာစီပီကုမ္ပဏီနှင့် မြတ်မင်းကုမ္ပဏီတို့ အကျိုးတူ ပူးပေါင်းဆောင်ရွက်နေသည့် ဝက်မွေးမြူရေးခြံနှင့် ပြောင်းစိုက်ခင်းနှင့် မျိုးသန့်စပါး စိုက်ပျိုးထားရှိမှုကိုလည်းကောင်း၊ မဟာဓာတ်အားလိုင်းပြင်ပ အမျိုးသားအဆင့်လျှပ်စစ်မီးလင်းရေးစီမံကိန်း(NEP OFF–Grid)ဖြင့် ကုက္ကိုင်းကျေးရွာ၌ အသေးစား လျှပ်စစ်ဓာတ်အားလိုင်း(ဆိုလာစနစ်)ဖြင့် ကျေးရွာမီးလင်းရေး ဆောင်ရွက်နေမှုကိုလည်းကောင်း သွားရောက်ကြည့်ရှုသည်။

ဆက်လက်၍ ဥက္ကဋ္ဌနှင့် အဖွဲ့သည် ပဲခူးမြို့နယ် ပျဉ်ပုံကြီးကျေးရွာအနီးရှိ မိုးယွန်းကြီးအင်း ရေဝပ်ဒေသ ပညာပေးပြခန်းသို့ သွားရောက်ကာ ပြခန်းတာဝန်ခံက မိုးယွန်းကြီးအင်းကို ထိန်းသိမ်းဆောင်ရွက်နေသည့် အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ပြီး ဥက္ကဋ္ဌက မိုးယွန်းကြီးအင်း ရေတိမ်ဒေသသည် မြန်မာနိုင်ငံ၌သာမက ကမ္ဘာ့ ရေတိမ်ဒေသများစာရင်းတွင် ပါဝင်သည့် ရမ်ဆာရေတိမ်ဒေသ ထိန်းသိမ်းရေးနယ်မြေ(Ramsar Site)တစ်ခုဖြစ်၍ ရှိရင်း သဘာဝဂေဟစနစ်များကို ထိန်းသိမ်းပြီး တရားမဝင် ရှော့ခ်တိုက်ငါးဖမ်းမှု၊ ကျူးကျော်စိုက်ပျိုးမှု၊ နေထိုင်မှုများကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း ပြောကြားသည်။

တင်စိုး(ပဲခူး)




တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးဆွေဝင်းနှင့် တာဝန်ရှိသူများ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်မှုကို ကွင်းဆင်းကြည့်ရှုစဉ်။

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်

### နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
### သတင်းထုတ်ပြန်ချက်
### အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို ထိန်းသိမ်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူ အစွန်းရောက်များ၊ CRPH အမည်ခံမတရားအသင်း၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာ နေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် CRPH မတရားအသင်းနှင့် ၎င်းအသင်းနှင့်ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့် ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများ ဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများသာ ဖြစ်သဖြင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ တိမ်းရှောင်နေရသူများအနေဖြင့် အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ အရေးယူမှုမရှိဘဲ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများ အနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ



## ကျောက်ကြီးမြို့နယ် စစ်တောင်းမြစ်ကမ်းပါး ကမ်းထိန်းတန်းနှင့်ရေလွှဲတန်းတည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်

**ကျောက်ကြီး မေ ၉**

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် ညောင်ပင်ဆိပ်ကျေးရွာ၌ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေး ဦးစီးဌာနမှ တာဝန်ယူ တည်ဆောက်နေသည့် စစ်တောင်းမြစ်ကမ်းပါးကမ်းထိန်းတန်းနှင့် ရေလွှဲတန်းတည်ဆောက်ခြင်းလုပ်ငန်းကို မြို့နယ်တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းက ကြည့်ရှုစစ်ဆေးသည်။

ယင်းသို့ စစ်ဆေးရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သူနှင့် အဖွဲ့ဝင်များ၊ သက်ဆိုင်ရာ တာဝန်ရှိသူများသည် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ခွင့်ပြု ရန်ပုံငွေကျပ်သိန်း ၇၀၀ ဖြင့် ညောင်ပင်ဆိပ်ကျေးရွာ စစ်တောင်း မြစ်အတွင်း ရေလွှဲကဒစ်တန်း ပေ ၅၀၊ အရှည် ၂၃ တန်း၊ ကမ်းထိန်းတန်း ပေ ၁၀၀၊ အရှည် ၁၀ တန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းဆောင်ရွက်ရန် ကျန်ရှိနေသည်များကို အချိန်မီပြီးစီးအောင် လုပ်ဆောင်ရန်နှင့် ကျေးရွာတာဝန်ခံများက လုပ်ငန်းလိုအပ်ချက်များ ကူညီဆောင်ရွက်ပေးရန် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌက မှာကြားသည်။

ညောင်ပင်ဆိပ်ကျေးရွာသည် နှစ်စဉ်မိုးရာသီရောက်တိုင်း မြစ်ရေကြီးမှု အန္တရာယ်၊ ကမ်းပါးပြိုကျမှုအန္တရာယ်များ ခံစားရပြီး လူနေအိမ်များ ကမ်းပါးပြို၍ ပြောင်းရွှေ့ရသည့် ဒုက္ခများကင်းဝေးရန် စစ်တောင်းမြစ်ကမ်းပါး ကမ်းထိန်းတန်းနှင့် ရေလွှဲတန်းတည်ဆောက်ခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။

ကိုသားကြီး
(ကျောက်ကြီး)

## ကာတွန်းဆရာကြီး ဦးဘဂျမ်း၏ ခေတ်အမြင် ကာတွန်း



## အသိပေးကြေညာခြင်း

မြန်မာဂေါက်သီးရိုက်အသင်းတွင် ၈-၅-၂၀၂၁ရက်၌ ကျင်းပပြုလုပ်သော ၂၆/၂၀၁၉-၂၀၂၁ အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးဆုံးဖြတ်ချက်အရ အသင်းသားများ အနေဖြင့် ဖွဲ့စည်းပုံနှင့်ပတ်သက်၍ ပြင်ဆင်၊ ဖြည့်စွက်၊ အကြံပြုလိုပါက ၁၂-၅-၂၀၂၁ ရက် ညနေ (၃)နာရီ နောက်ဆုံးထားပြီး အထွေထွေမန်နေဂျာရုံးသို့ အသင်းသားအမည်၊ အသင်းသားအမှတ်၊ မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ၊ ဖုန်းနံပါတ်အပြည့်အစုံတင်ပြ၍အဆိုတင်သွင်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့


## မြန်မာဂေါက်သီးရိုက်အသင်းသားများသိသာရန်

မြန်မာဂေါက်သီးရိုက်အသင်း၊ ၉-မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၏ ၂၀၁၉/၂၀၂၀ခုနှစ် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးအား ၆-၆-၂၀၂၁ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် လည်းကောင်း၊ ၂၀၂၁/၂၀၂၃ ခုနှစ်အတွက် အလုပ်အမှုဆောင်သစ် ရွေးချယ်တင်မြှောက်ပွဲကို ယင်းနေ့ နံနက် ၈ နာရီမှ မွန်းလွဲ ၁နာရီအချိန်ထိ လည်းကောင်း၊ ကျင်းပရန်ရှိပါသဖြင့် အသင်းသားများ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ အသင်းသားများအနေဖြင့် အလုပ်အမှုဆောင်အဖွဲ့၏ ၂၀၁၉/၂၀၂၀ခုနှစ် နှစ်ပတ်လည် အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းများကို အသင်းတိုက်ကောင်တာတွင် ထုတ်ယူနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့
မြန်မာဂေါက်သီးရိုက်အသင်း

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







မော်ကွန်းတိုက်(၇၂×၃၀)ပေ ၁ လုံး-စစ၄ သိန်း



ဂေါပကရုံး (၄၈×၂၄)ပေ ၁ လုံး-၄၂၃ သိန်း



ပုတ်တလုတ်ကန်(၁၉၆×၁၁၆)ပေ ၁ ကန်-၈၂၄၀ သိန်း



မြန်မာမှုစကျင်ကျောက်ဖြင့် တည်ဆောက်ပူဇော်ထားသော ဂန္ဓကုဋိတိုက်
(၅၄×၂၇)ပေ ၂၄ လုံး ၁ လုံးလျှင်- ၁၂၅၀ သိန်း



ဓမ္မာရုံ(၂၁၃×၉၀)ပေ ၁ လုံး-၈၇၃၀ သိန်း



သုဓမ္မာဇရပ်(၅၄×၃၀)ပေ ၆ လုံး ၁ လုံးလျှင်-၅၅၇ သိန်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး ၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒ ဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည် ဖြစ်ပါသည်-

(၁) အဝင်မုခ်ဦး(၁၀၀×၄၀)ပေ ၁ ခု - ၈၂၀ သိန်း
(၂) အဝင်မုခ်ဦးငယ်(၇၅×၄၀)ပေ ၃ ခု၊ ၁ ခုလျှင် - ၆၇၆ သိန်း
(၃) ရေပန်းအကြီး(အချင်း ၇၅ ပေ၊ အမြင့် ၁၅ ပေ) ၁ ခု - ၄၃၂၀ သိန်း
(၄) ရေပန်းအသေး(အချင်း ၃၀ ပေ၊ အမြင့် ၉ ပေ) ၁၈ ခု၊ ၁ ခုလျှင် - ၈၀၅ သိန်း
(၅) မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေခန်း) ၂၀၀ ခန်း ၁ ခုလျှင် - ၇၂ သိန်း
(၆) မဟာရံတံတိုင်းစိန်တောင်စကျင်ကနုတ်ပန်း(မြန်မာမှုပါ) ၆၅၂ ခု၊ ၁ ခုလျှင် - ၇ သိန်း
(၇) မဟာရံတံတိုင်းရှိ စကျင်ထောင့်တိုင်(မြန်မာမှုပါ) ၅၀ ခု ၁ ခုလျှင် - ၁၅ သိန်း
(၈) မဟာရံတံတိုင်း၏အင်္ဂတေမြန်မာမှု ၂၁၈ ကျင်း၊ ၁ ကျင်းလျှင် - ၄. ၁ သိန်း
(၉) မြန်မာမှု တစ်ဖက်လှခြံစည်းရိုး(၂၇ ပေခန်း) ၄၅၅ ခန်း ၁ ခန်းလျှင် - ၃၁ သိန်း
(၁၀) စကျင်ကျောက်ပြား ၂၁၂၀ ကျင်း၊ ၁ ကျင်းလျှင် - ၄. ၇ သိန်း
(၁၁) ကြွေပြား ၁၇၃၆ ကျင်း၊ ၁ ကျင်းလျှင် - ၂ သိန်း
(၁၂) ကွန်ကရစ် ၈ လက်မထုခင်းခြင်း၊ ၅၉၁၀ ကျင်း ၁ ကျင်းလျှင် - ၃. ၆ သိန်း
(၁၃) မြောက်ဘက်မုခ်ပင်မလှေကား(မြန်မာမှုပါ) ၁ စင်း - ၁၉၁၄ သိန်း
(၁၄) အရှေ့၊ အနောက်နှင့် တောင်ဘက်မုခ်လှေကား (မြန်မာမှုပါ) ၃ စင်း၊ ၁ စင်းလျှင် - ၄၉၀ သိန်း
(၁၅) ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ × ၁၇၆)ပေ၊ ၈၂ ခန်း ၁ ခန်းလျှင် - ၁၉၃ သိန်း
(၁၆) ရင်ပြင်တော် ပင်မတံတား(၁၀ ပေခန်း) ၉ ခန်း ၁ ခန်းလျှင် - ၁၃၂၂ သိန်း
(၁၇) လမ်းမီးတိုင် (၉ မီတာ) ၁ တိုင်လျှင် - ၁၀ သိန်း
(၁၈) High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် - ၄၉၄ သိန်း
(၁၉) Garden Light(၁ မီတာ) ၁ တိုင်လျှင် - ၁.၂ သိန်း
(၂၀) ဆလိုက်မီး(၁၀ မီတာ) ၁ တိုင်လျှင် - ၁၈၅ သိန်း
(၂၁) ဂန္ဓကုဋိတိုက်(Solar) ၂၄ လုံး၊ ၁ လုံးလျှင် - ၄၈ သိန်း
(၂၂) ဓမ္မာရုံ(မီး/ရေ) ၁ လုံး - ၁၉၅ သိန်း
(၂၃) သုဓမ္မာဇရပ်(မီး) ၆ လုံး၊ ၁ လုံးလျှင် - ၄၁ သိန်း
(၂၄) မော်ကွန်းတိုက်(မီး) ၁ လုံး - ၄၁ သိန်း
(၂၅) ဇာတ်ရုံ(မီး/ရေ) ၁ လုံး - ၉၉ သိန်း
(၂၆) ဂေါပကရုံး(မီး/ရေ) ၁ လုံး - ၁၁၀ သိန်း

၃။ သို့ဖြစ်ပါ၍ စေတနာရှင်ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့် အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများကိုထည့်ဝင်လိုပါက **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆** နှင့် **ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၃၇၀၀၂၈၇၀၀၁** သို့ အလှူငွေများအား ငွေသားဖြင့်လည်းကောင်း၊ Account Transfer ဖြင့်လည်းကောင်း ထည့်ဝင်လှူဒါန်းနိုင်ပါရန်နှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅
**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

## ကွန်ပျူတာဒီပလိုမာတပ်ကြပ်ကြီး/စာရေး သင်တန်းသားများအလိုရှိသည်

၁။ လျှောက်ထားသူသည်အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
( ခ ) လျှောက်ထားသူသည် ၁-၆-၂၀၂၁ ရက်နေ့တွင် အသက် ၁၆ နှစ် ပြည့်ပြီး ၁၉ နှစ်ထက်မကြီးရ။
( ဂ ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူဖြစ်ရမည်။
(ဃ) အနည်းဆုံး အရပ်(၅)ပေ(၂)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀) ထက်မနည်းရ၊ ပေါင်(၁၄၀)ထက် မကျော်ရ။

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ Myawady Webportal (www.myawady.net.mm/Sgt(male)) တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၀-၅-၂၀၂၁ ရက်နေ့မှ ၈-၆-၂၀၂၁ ရက်နေ့အတွင်း နီးစပ်ရာတပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း)။
( ခ ) တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်။
( ဂ ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ပြည်နယ် / တိုင်းဒေသကြီး / မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်းရရှိသည့် ထောက်ခံစာ(မူရင်း)။
(ဃ) တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ (၃) ပုံ။
( င ) အိမ်ထောင်စုဝင်စာရင်း(မိတ္တူ)။
( စ ) မိဘ/အုပ်ထိန်းသူ၏ သဘောတူညီကြောင်း ထောက်ခံချက်။

၃။ သတ်မှတ်ချက်များနှင့်ပြည့်စုံသူများအား စစ်ဌာနချုပ်များအစီအစဉ်ဖြင့် တပ်မတော်(ကြည်း)၊အမှတ်(၁) အရာခံနှင့်အကြပ်ကြီးသင်ကျောင်းသို့ပို့ဆောင်ပေးမည်။ ၎င်းတွင် စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးအောင် မြင်သူများကို သင်တန်းသားအဖြစ် အတည်ပြုရွေးချယ်မည်။

၄။ သင်တန်းတွင် အခြေခံစစ်ပညာရပ်များ၊ ရုံးလုပ်ငန်းဆိုင်ရာတို့အပြင် ကွန်ပျူတာနှင့် အင်္ဂလိပ်စာဘာသာရပ် တို့ကို ၂ နှစ်ကြာ သင်ကြားလေ့ကျင့်ပေးပြီး အောင်မြင်သူများကို ကွန်ပျူတာဒီပလိုမာ Dip,C.S (Diploma in Computer Studies) ချီးမြှင့်ပေးမည်။

၅။ သင်တန်းကာလ(၂)နှစ်အတွင်း ခြေလျင်တပ်သားသစ် သင်တန်းကာလတွင် သတ်မှတ်ထားသော တပ်သားသစ်လစာ (၁၄၄၀၀၀)ကျပ် ကိုလည်းကောင်း၊ ခြေလျင်တပ်သားသစ်သင်တန်း ပြီးဆုံးသည့်ရက်မှစ၍ သင်တန်းပြီးဆုံးသည် အထိ သတ်မှတ်ထားသော တပ်သားအခြေခံလစာ (၁၅၀၀၀၀)ကျပ် ကိုလည်းကောင်းရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(တတိယတန်း) [အခြေခံလစာ(၂၀၄၀၀၀)ကျပ်၊ အရည်အချင်းလစာ(၄၀၀၀)ကျပ်၊ **M.H.R.A (၁၀၀၀၀)**ကျပ်၊ စုစုပေါင်း (၂၁၈၀၀၀)ကျပ် ရရှိမည်။]

၆။ လုပ်သက် ၂ နှစ် ပြည့်သည့်အခါ အဆင့် /အတန်း တိုးမြှင့်ရေးအတွက် ဝင်ရောက်ဖြေဆိုခွင့်ရှိ၍ အောင်မြင်ပါက အောက်ပါအတိုင်း အဆင့် /အတန်းများ တိုးမြှင့်ရရှိနိုင်ပြီး ယှဉ်တွဲဖော်ပြပါ လစာ ၊ စရိတ်များ ရရှိမည်-

| **အဆင့်အတန်း** | **အခြေခံ လစာ** | **အရည်အချင်း လစာ** | **M.H.R.A** | **ပေါင်း** |
|---|---|---|---|---|
| (က) တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ) (ဒုတိယတန်း) | ၂၀၄၀၀၀ | ၆၀၀၀ | ၁၀၀၀၀ | ၂၂၀၀၀၀ |
| ( ခ ) တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(ပထမတန်း) | ၂၀၄၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၂၂၂၀၀၀ |
| ( ဂ ) ဒုတိယအရာခံဗိုလ်(စာရေး/ကွန်ပျူတာ) | ၂၄၀၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၂၅၈၀၀၀ |
| (ဃ) အရာခံဗိုလ်(စာရေး/ကွန်ပျူတာ) | ၂၅၈၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၂၇၆၀၀၀ |

**မှတ်ချက်။** နှစ်တိုးလစာကို ၂ နှစ်လျှင် (၂၀၀၀)ကျပ် နှုန်းဖြင့် (၁၀၀၀၀)ကျပ် အထိ ခံစားခွင့်ရှိသည်။

၇။ တာဝန်ထမ်းဆောင်စဉ် **အဝေးသင်တက္ကသိုလ်မှ ဘွဲ့ရရှိနိုင်ရေး**အတွက် အဆင်ပြေစွာဖြေဆိုနိုင်သည်။
၈။ ဘွဲ့ရရှိသူ တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)များသည် စစ်မှုထမ်းသက် ၆ နှစ်ပြည့်ပြီးလျှင်သော်လည်းကောင်း၊ ဘွဲ့မရသေးသူများသည် စစ်မှုထမ်းသက် ၈ နှစ်ပြည့်ပြီးလျှင်သော်လည်းကောင်း ဗိုလ်လောင်းသင်တန်းသို့ လျှောက်ထား နိုင်သည်။
၉။ ထို့အပြင် ဘွဲ့ရရှိသူ တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)များသည် စစ်သံစစ်မှုထမ်းစာရေးအဖြစ် စိစစ်ရွေးချယ်ခံရပါက နိုင်ငံခြားရှိ **မြန်မာစစ်သံ(ကြည်း ၊ ရေ ၊ လေ)ရုံးများ**တွင် မိသားစုနှင့်အတူသွားရောက်၍ အမှုထမ်းဆောင်နိုင်ခွင့်ရှိသည်။
**မှတ်ချက်။** အသေးစိတ်သိရှိလိုပါက နီးစပ်ရာ တပ်/ဌာနချုပ်များတွင် စုံစမ်းနိုင်သည်။

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

## ၂၀၂၁ ခုနှစ်၊ မေလ ၉ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်နှင့် သံဖြူဇရပ်မြို့နယ်တို့၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေးခဲ့သည်။

၂။ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်း စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

### မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများ စိစစ်တွေ့ရှိမှု

| စဉ် | မြို့နယ်နှင့် မဲရုံအရေအတွက် | မြို့နယ် ကော်မရှင် စာရင်း | လဝက စာရင်း | နိုင်ငံသား စိစစ်ရေးကတ် မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၃ ကြိမ်နှင့် အထက် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၂ ကြိမ် ပါဝင်နေသူများ |
|---|---|---|---|---|---|---|
| ၁ | မွန်ပြည်နယ် ချောင်းဆုံမြို့နယ် မဲရုံ ၇၅ ရုံ | ၁၃၂၅၅၂ | ၁၂၁၉၀၄ | ၉၇၃၀ | ၁၀၅၁ | ၁၄၈၁၆ |
| ၂ | မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် မဲရုံ ၇၄ ရုံ | ၁၅၁၃၈၁ | ၁၄၄၁၃၀ | ၂၃၀၈၆ | ၁၂၃၃ | ၁၆၃၃၀ |

၃။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ အရ မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်နှင့် သံဖြူဇရပ်မြို့နယ်တို့၏ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန်အခြေအနေများကို သက်ဆိုင်ရာ မြို့နယ်အလိုက် ယခင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့နှင့် အတူ သက်ဆိုင်ရာ မြို့နယ်များရှိ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၏ ရှေ့မှောက်တွင် မြေပြင်ဖွင့်ဖောက် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

၄။ မြေပြင်စစ်ဆေးချက်များအရ အဆိုပါ ၂ မြို့နယ်တွင် မဲရုံပေါင်း ၁၄၉ ရုံ၊ စုစုပေါင်း ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၃၁၃၉၈၈ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၁၅၃၅၁၂၊ ကျန်ရှိရမည့်အရေအတွက်မှာ ၁၆၀၄၇၆၊ မြေပြင်လက်ကျန် ၁၅၉၉၅၈ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ကွာခြားချက်အနေဖြင့် ကျန်ရှိရမည့်အရေအတွက်ထက် လျော့နည်းပျောက်ဆုံးနေသော မဲလက်မှတ်အရေအတွက် ၃၆၁၂ ဖြစ်ပြီး၊ အပိုတွေ့ရှိရသော မဲလက်မှတ်အရေအတွက်မှာ ၃၀၉၄ ဖြစ်သည်။ မြို့နယ်အလိုက် ဆန္ဒမဲလက်မှတ်များ လျော့နည်းပျောက်ဆုံးခြင်း၊ တရားမဝင် အပိုရရှိနေခြင်းတို့ကို တွေ့ရှိရသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ ◆

## နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် CDM လှုပ်ရှားမှုတွင် ပါဝင်သည့် သူနာပြုများအား ရာဇသတ်ကြီးပုဒ်မ ၅၀၅-ကဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်

စာမျက်နှာ - ၁၈

## ဆေးကုသရန်အခက်အခဲဖြစ်ပေါ်လျက်ရှိသည့် ပြည်သူ့ဆေးရုံနှင့် တိုက်နယ်ဆေးရုံများသို့ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများက သွားရောက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် မေ ၉**

ပြည်သူလူထု၏ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ အရိုးအကြောရောဂါ၊ အစာအိမ်ရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရန်အတွက် အခက်အခဲ ဖြစ်ပေါ်လျက်ရှိသည့်ဒေသအသီးသီးမှ ဝန်ထမ်းများနှင့် ဒေသခံများ၏ တောင်းဆိုမှုအရ တပ်မတော်မှ ဆေးကုသရေးအဖွဲ့များစေလွှတ်၍ ဆေးကုသရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆေးကုသရေးအဖွဲ့များကို စေလွှတ်ကုသလျက်ရှိရာ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်ရှိ သာစည်မြို့နယ်ဆေးရုံ၊ ဟံဇားတိုက်နယ်ဆေးရုံ၊ ယင်းမာပင်တိုက်နယ်ဆေးရုံ၊ ညောင်ရမ်းတိုက်နယ်ဆေးရုံ၊ ဝမ်းတွင်းမြို့နယ်ရှိ ပင်းတလဲတိုက်နယ်ဆေးရုံ၊ သပိတ်ကျင်းမြို့နယ်ရှိ တကောင်းတိုက်နယ်ဆေးရုံ၊ မတ္တရာမြို့နယ် ပြည်သူ့ဆေးရုံ၊ ကျောက်ဆည်ခရိုင်ရှိ စဉ့်ကိုင်ပြည်သူ့ဆေးရုံ၊ မြစ်သားမြို့

စာမျက်နှာ ၁၁ ကော်လံ ၁ ✻




၂၀၂၀-၂၀၂၁ ရာသီ ချန်ပီယံရှစ် ချန်ပီယံ နော့ဝှစ်ချ်အသင်း အောင်ပွဲခံနေမှုကို တွေ့ရစဉ်။

## ၂၀၂၀-၂၀၂၁ အင်္ဂလန်ချန်ပီယံရှစ်ရာသီပြီးဆုံးမှုနှင့် မှတ်တမ်းမှတ်ရာများ

အင်္ဂလန်ချန်ပီယံရှစ်ရာသီပိတ်ပွဲစဉ်များကို စနေနေ့ ည ၆ နာရီတွင် တစ်ပြိုင်နက် ယှဉ်ပြိုင်ကစားခဲ့ရာ ချန်ပီယံနော့ဝှစ်ချ်အသင်းက ဘန်စလေအသင်းကို တစ်ဖက်နှစ်ဂိုးစီ သရေကျခဲ့သည်။ ဒုတိယနေရာမှ ဝက်ဖို့ဒ်အသင်းက ဆွမ်ဆီးအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ချန်ပီယံနော့ဝှစ်ချ်အသင်းသည် ချန်ပီယံရှစ်ပြိုင်ပွဲ ၄၆ ပွဲတွင် ၂၉ ပွဲနိုင်၊ ၁၀ ပွဲသရေ၊ ခုနစ်ပွဲရှုံး ရမှတ် ၉၇ မှတ်ဖြင့် အမှတ်ပေးဖလားကိုဆွတ်ခူးပြီး ပရီမီယာလိဂ်သို့လည်း တိုက်ရိုက်တန်းတက်ခွင့်ရရှိခဲ့သည်။ အမှတ်ပေးဇယားဒုတိယနေရာမှ ဝက်ဖို့ဒ်အသင်းသည် ချန်ပီယံရှစ် ၄၆ ပွဲတွင် ၂၇ ပွဲနိုင်၊ ၁၀ ပွဲသရေ၊ ကိုးပွဲရှုံး ရမှတ် ၉၁ မှတ်ဖြင့် ပရီမီယာလိဂ်သို့ နော့ဝှစ်ချ်အသင်းနှင့်အတူ တိုက်ရိုက်တန်းတက်ခွင့်ရရှိခဲ့သည်။

စာမျက်နှာ ၁၁ ကော်လံ ၂ ❍

## ဗီလာကို အနိုင်ရပြီးနောက် ယခုနှစ်ရာသီ ပရီမီယာလိဂ် အဝေးကွင်း ရှုံးပွဲမရှိသေးတဲ့ မန်ယူ

ပရီမီယာလိဂ်ပွဲစဉ် (၃၅) မှ အက်စ်တွန်ဗီလာအသင်းနှင့် မန်ယူအသင်းတို့ပွဲစဉ်ကို မေ ၉ ရက် ညပိုင်းက အက်စ်တွန်ဗီလာအိမ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ မန်ယူအသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ မန်ယူအသင်းသည် ပြီးခဲ့သည့် ယူရိုပါလိဂ်ပြိုင်ပွဲတွင် ရိုးမားအသင်းကို ရှုံးနိမ့်ခဲ့သော လူစာရင်းကို လေးဦးအထိ အပြောင်းအလဲပြုလုပ်ပြီး ရက်ဖို့ဒ်၊ ပေါ့ဂ်ဘာ၊ ဖာနန်ဒက်ဇ်၊ ဂရင်းဝုဒ်စသည့် အဓိကကစားသမားအများစုဖြင့် ပွဲထွက်လာခဲ့သည်။ ဗီလာအသင်းက ပြီးခဲ့သည့် အဲဗာတန်အသင်းကို အနိုင်ရရှိခဲ့သည့်ပွဲစဉ်မှ ကစားသမားစာရင်းကို အပြောင်းအလဲပြုလုပ်လာခြင်းမရှိဘဲ ထရာအိုရေး၊ ဘာကလေ၊ အယ်ဂါဇီ၊ ဝတ်ကင်စ်စသည့် အဓိကကစားသမားအများစုဖြင့် မန်ယူအသင်းကို ရင်ဆိုင်လာခဲ့သည်။

ရလဒ်ကောင်းပိုင်ဆိုင်နိုင်ရေးကိုသာ အာရုံစိုက်ကစားလာသည့်အတွက် ပရိသတ်အကြိုက်ပွဲကောင်းတစ်ပွဲ ဖြစ်ခဲ့သည်။ ဦးဆောင်ဂိုးကို ဗီလာအသင်းက စတင်ရရှိခဲ့ပြီး ပွဲချိန် ၂၄ မိနစ်တွင် ထရာအိုရေးက သွင်းယူပေးနိုင်ခဲ့သည်။ မန်ယူအသင်းသည် ထိရောက်သည့် ဂိုးကန်သွင်းမှုများရရှိခဲ့သော်လည်း ဂိုးအဖြစ် ပြောင်းလဲနိုင်ခြင်းမရှိသောကြောင့် ပထမပိုင်းကို ဗီလာအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ဒုတိယပိုင်းတွင် မန်ယူအသင်း ကစားကွက်တည်ငြိမ်လာခဲ့ပြီး ပွဲချိန် ၅၂ မိနစ်တွင် ပယ်နယ်တီကန်ခွင့် ရရှိခဲ့သည်။ အဆိုပါ ပယ်နယ်တီကို ဖာနန်ဒက်ဇ်က အမှားအယွင်းမရှိ ကန်သွင်းယူနိုင်ခဲ့၍ တစ်ဖက်တစ်ဂိုးစီဖြင့် အကြိတ်အနယ်ရှိလာခဲ့သည်။

စာမျက်နှာ ၁၆ ကော်လံ ၁ ✪